# စာစဥ် ၆၂ : အပိုင်း ၁

# အပိုင်း ၉၁၆ : မြို့ပျက်သို့ ဒုတိယ အကြိမ် ခရီးထွက်ခြင်း

"… ငါကလည်း အရင်က နင့်လိုမျိုးပါပဲ" ပါရှာက တိတ်ဆိတ်မှုကို ရုတ်တရက် ချိုးဖျက်လိုက်သည်။ "ငါ့မိတ်ဆွေတွေ စစ်ထွက်ခဲ့တဲ့ အချိန်တိုင်းမှာ ငါက မြို့ရိုးမှာ စောင့်နေလေ့ရှိပြီး ဖက်ဒရေးရှင်းက အဲ့ဒီနေရာမှာ လူတွေနားဖို့ မျှော်စင်မြင့် တစ်ခုကိုတောင် တည်ဆောက်ထားပေးခဲ့သေးတယ်… ဒီလိုဆိုတော့ တကယ်လို့ တစ်စုံတစ်ယောက် ပြန်လာရင် ငါတို့က ချက်ချင်း သိနိုင်ခဲ့တယ်"

+

"ရှင်က တက်ကီလာ အကြောင်းကို ပြောနေတာလား" တီလီက မေးလိုက်သည်။

"ဟုတ်တယ်... ဒါပေမဲ့ နှစ်အနည်းငယ် အကြာမှာ အဲ့ဒီနေရာကို မြို့စောင့်တပ်က လွှဲလို့ ဘယ်သူမှ မသွားကြတော့ဘူး... ဘာဖြစ်လို့လဲ ဆိုတာကို နင်သိလား"

"..." တီလီသည် ဘာမှ ပြန်မပြောခဲ့သော်လည်း အဖြေကို သူမ ရင်အတွင်းမှ မှန်းဆနိုင်ခဲ့သည်။

"ဘာဖြစ်လို့လဲ ဆိုတော့ ငါတို့အားလုံးဟာ နောက်ဆုံးမှာ စိတ်ပျက်မှုနဲ့ ဝမ်းနည်း

+

ကြေကွဲမှုတွေကိုသာ ရရှိနိုင်ခဲ့လို့ပဲ" ပါရှာက သူမ၏ လက်တံရှည်အား တီလီ၏ ပခုံးပေါ်တွင် တင်လိုက်သည်။ "စုန်းမတွေဟာ မှော်စွမ်းအားတွေကနေ ဆက်သွယ်မှုတွေ ရှိနေပြီး ငါတို့ရဲ့ ချည်နှောင်မှုတွေက သွေးထက်တောင် ခိုင်မြဲသေးတယ်"

"တစ်ယောက်ဟာ သာမန် တိုက်ခိုက်ရေး စုန်းမပဲ ဖြစ်ဖြစ် ဒါမှမဟုတ် သုခစစ်တပ်ရဲ့ အဖွဲ့ဝင် တစ်ယောက်ပဲ ဖြစ်ဖြစ် အချင်းချင်း သိကျွမ်းသွားခဲ့အပြီးမှာ အားလုံးတို့ဟာ ညီအစ်မတွေလိုပဲ ဖြစ်လာကြတယ်... ဒါပေမဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ဆက်ဆံရေးဟာ မျှော်စင်ပေါ်မှာ အနုတ်သဘောဆောင်တဲ့ ခံစားချက်တွေကို ဖြစ်ပေါ်စေခဲ့တယ်"

+

"ပြန်လာမယ့် နေ့မှာ ရှေ့တန်းကနေပြီး ပြန်ပို့လာတဲ့ အလောင်းတွေကို မြင်ရတာ လုံးဝကို ဝမ်းနည်းကြေကွဲဖို့ ကောင်းတယ်... ငါတို့ရဲ့ အပြင် ခံစစ်လိုင်းက တဖြည်းဖြည်း ကျုံ့လာပြီး စစ်ပွဲအတွက် ထွက်ခွာဖို့ တစ်ယောက်မှ မလိုတော့တဲ့ အခါ ဖက်ဒရေးရှင်းက မျှော်စင်မြင့်ကို ဖြိုချဖို့ အမိန့်ပေးခဲ့တယ်"

"သူတို့ကို စောင့်နေစရာ မလိုတော့ဘူးလို့ နင်က ပြောချင်နေတာလား"

"ပြောင်းပြန်ပဲ... နင်က သူတို့ ပြန်လာမှုကို မျှော်နေသေးတယ် ဆိုတဲ့ အချက်ဟာ နင်က

+

တစ်စုံတစ်ရာကို တကယ်တမ်း မဆုံးရှုံးသေးလို့ပဲ ဆိုတာကို ငါက ပြောချင်နေတာ" ပါရှာက နူးညံ့ သိမ်မွေ့သော လေသံဖြင့် ဖြည်းညင်းစွာ ပြောလိုက်သည်။ "ငါကနင့်ကို အနစ်နာခံမှုကို စံနှုန်းအသစ်လို့ သတ်မှတ်တဲ့ ငါ့လိုမျိုး တစ်စုံတစ်ယောက် အဖြစ် မပြောင်းလဲသွားစေလိုဘူး"

ကျွန်မက အရာများစွာကို ဆုံးရှုံးခဲ့ဖူးတယ်၊ ကျွန်မက နန်းတော်ကနေပြီး အိပ်ပျော်နေသောကျွန်းထံ ထွက်လာတဲ့ အချိန်မှာ ဆုံးဖြတ်ချက် များစွာတို့ကို ချခဲ့ရပြီး သူတို့ အများစုက ဆုံးရှုံးမှုနဲ့ အကျိုးအမြတ် အပေါ်မှာ အခြေခံတဲ့ ဆုံးဖြတ်ချက်တွေပဲ။ ကျွန်မက အနီးကပ်ဆုံး သူငယ်ချင်း အချို့ကို စွန့်လွှတ်ခဲ့ရပေမဲ့

+

လမ်းကြောင်းမှန်ကို ရွေးချယ်နိုင်သရွေ့ လုံးဝ တွေဝေနေမှာ မဟုတ်ဘူး။

ဒါပေမဲ့ တစ်စုံတစ်ယောက်ကတော့ မတူညီနေဘူး။ ကျွန်မရဲ့ ရင်အတွင်းမှ အထူးနေရာ ယူထားတဲ့ လူတစ်ယောက် နှစ်ယောက်သာ ရှိနေပြီး သူတို့က ကျွန်မကို ဂနာမငြိမ် ဖြစ်စေခဲ့တယ်။ တီလီက တွေးနေရင်း သူမ၏ လက်အတွင်းမှ လျှပ်စီးလက်စွပ်ကို ပို၍ တင်းကျပ်စွာ ဆုပ်ထားလိုက်သည်။

သူမ အနေဖြင့် မှော်ကျောက်တုံး နှစ်လုံးကို အလှည့်ကျ ထိန်းချုပ်ရန် ပြဿနာ မရှိသော်လည်း အကဲရှိကမူ ကျောက်တုံး နှစ်တုံးဖြင့်

+

ဖြောင့်တန်းအောင်ပင် ပုံသန်းနိုင်ခြင်း မရှိသဖြင့် သူမသည် လက်စွပ်ကို သူမဘာသာ သိမ်းထားခဲ့ရသည်။

သို့သော်လည်း တီလီသည် သူမ၏ အတွေးများကို ဖော်ပြခဲ့ခြင်း မရှိပဲ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ "ရှင့်ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်… ငါက အခု နယ်စပ်မှာ ခံစစ်လိုင်း တူးဖော်နေတာကို သွားစစ်ဆေးလိုက်ဦးမယ်… ခန်းမဝင်ပေါက် အနားမှာ ကုတင်ပါတဲ့ အခန်းတစ်ခန်း ရှိပြီး နင်အိပ်ချင်ရင် သွားအိပ်နိုင်တယ်"

+

"ဟုတ်ကဲ့ပါ"

ပါရှာက သူမ လာရာလမ်းအတိုင်း
ပြန်ထွက်သွားသော အခါ တီလီသည် သူမ၏
လက်ဝါးမှ အေးစက်သော ခံစားချက် တစ်ခုကို
ရုတ်တရက် ခံစားလိုက်ရသည်။

သူမသည် လက်ကို ဖြန့်ကြည့်လိုက်သော အခါ
လက်စွပ်တွင် တပ်ဆင်ထားသော
မှော်ကျောက်တုံး၏ ထောင့်တစ်နေရာက
ကျိုးပဲ့သွားပြီး အပိုင်းအစက သူမ၏
အသားအတွင်းသို့ နစ်ဝင်သွားကာ သူမ၏

+

လက်အပေါ်တွင် သေးငယ်သော သွေးတစ်စက်
ပေါ်လာခဲ့သည်ကို တွေ့လိုက်ရသည်။

.........

"ငါးရက်တောင် ရှိသွားပြီ... ငါတို့က ဘာဖြစ်လို့
အခုအချိန်အထိ မြို့ပျက်ကို မမြင်ရသေးတာလဲ"
ကြာပန်းက ညည်းတွားလိုက်သည်။ "မြေအောက်မှာ
တစ်နေကုန် ပုန်းနေရတာ အရမ်း ပျင်းစရာ
ကောင်းတာပဲ"

"ငါက ဘယ်သိမှာပဲ... ဘာပဲဖြစ်ဖြစ် ငါကတော့
နင့်ရဲ့လှိုဏ်ခေါင်း ဦးတည်နေတဲ့ နေရာကို
သွားရမှာပဲ" ကျစ်ဆံမြီးနှင့် ကောင်မလေး

+

တစ်ယောက်က ပခုံးတွန့်လိုက်ကာ အသားခြောက်
တစ်စကို လေပေါ်သို့ ပစ်၍ သူမ၏ ပါးစပ်ကို
ဟလိုက်သည်။ အပြာရောင် အလင်းတန်း တစ်တန်း
လင်းလက်သွားပြီးနောက် အသားခြောက်က
ပျောက်ကွယ်သွားကာ သူမ၏ ပါးက
ဖောင်းလာလေသည်။

"ဝါး... ဒါက လိမ်ညာမှု တစ်ခု မဟုတ်ပဲ
ဆောင်းမဲ့မြို့တော်ရဲ့ ဘဝက တကယ့်ကို
ဖိမ်ကျလိုက်တာ... သူတို့ရဲ့ ရိက္ခာခြောက်ကတောင်
ဒီလောက်အထိ အရသာ ရှိနေတယ်"

"လှိုဏ်.. လှိုဏ်ခေါင်း ဟုတ်လား... နင်ကငါ့ကို
ပွေးကောင်လို့ ထင်နေတာလား"

+

"ဟုတ်တယ်လေ"

"ဟင်း... နင်က အစာကို ချွေတာ စားရမယ်နဲ့ တူတယ်" အစ်ဖီက သက်ပြင်းချလိုက်သည်။ "ငါက အပြန်ခရီးမှာ ဗိုက်ဟောင်းလောင်းနဲ့ မနေချင်ဘူး"

"သွေးအစွယ် အဖွဲ့အစည်းက စုန်းမ တစ်ယောက်ရဲ့ သင်ပြမှုကို ငါက မခံလိုနေဘူး" ထိုမိန်းကလေးက သူမ၏ ခေါင်းကို အစ်ဖီထံသို့ ချာကနဲ လှည့်လိုက်သည်။ "နင်က မင်းသမီး တီလီကို တစ်ချိန်က ပူးပေါင်း ကြံစည်ခဲ့ဖူးတယ်လို့ ငါကြားထားတယ်... တကယ်လို့ ငါသာ သူမဆိုရင်

+

နင့်ကို အသားခြောက် မပြောနဲ့
ဂျုံကိတ်မုန့်ကိုတောင် ဝေမျှပေးမှာ မဟုတ်ဘူး"

အစ်ဖီက သူမအား မျက်စောင်းထိုးလိုက်သည်။

"တော်လောက်ပြီ" အက်ရှ်က စိတ်ပျက်နေသော အကြည့်တစ်ခုဖြင့် ဝင်ပြောလိုက်သည်။ "သွေးအစွယ် အဖွဲ့အစည်း အတွင်းကို ရောက်ခဲ့တာက သူတို့ရဲ့ အပြစ် မဟုတ်ပဲ တကယ်လို တီလီက နင်ဒီလို ပြောနေတာကို ကြားခဲ့ရင် သင်ခန်းစာ ကောင်းကောင်း ပေးလိုက်မှာ သေချာနေတယ်"

+

"အင်း... ကောင်းပြီလေ" မင်းသမီး တီလီ၏ နာမည်ကို ကြားသော အခါမှ ထိုစုန်းမက နောက်ဆုံးတွင် ငြိမ်သက်သွားတော့သည်။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ နောက်ထပ် စုန်းမတစ်ယောက်ပဲ။ အက်ရှ်က သူမကိုယ် သူမ တွေးလိုက်ပြီးမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူမ၏ ရုပ်ရည်သွင်ပြင်ကို အထူး ဂရုစိုက်နေသော စုန်းမကို အော့ဘစ်ဟု ခေါ်သည်။ သူမသည် ဝင့်ကြွားကာ ဟိတ်ဟန်များသော်လည်း ဤစစ်ဆင်ရေးတွင် မရှိမဖြစ်သော အခန်းကဏ္ဍမှ ပါဝင်နေသည်။

+

အော့ဘစ်၏ စွမ်းရည်မှာ မယုံနိုင်လောက်အောင် ဖြစ်သည်။ သူမ အရွယ်မရောက်ခင်တွင် နေရာနှစ်ခုအား မမြင်နိုင်သော လမ်းကြောင်းတစ်ခုဖြင့် ဆက်သွယ်ပေးနိုင်သည်။ ထိုလမ်းကြောင်းအား သာမန် မျက်စိဖြင့် မမြင်နိုင်သလို အကွာအဝေး ခြားနားခြင်းလည်း မရှိပေ။

အခြား စကားလုံးများဖြင့် ပြောရလျှင် သူမသည် သူမကိုယ် သူမ နေရာ တစ်ခုမှ အခြားနေရာ တစ်ခုကို မျက်စိတစ်မှိတ် အတွင်းတွင် ကူးပြောင်း သွားလာနိုင်စွမ်း ရှိနေသည်။ အကယ်၍ ထိုနေရာ နှစ်ခု အကြားတွင် နံရံ သို့မဟုတ် တံခါးတစ်ခု ရှိနေလျှင်လည်း ဘာမှ မဖြစ်ချေ။ သူမက သူမ၏ စွမ်းရည်ကို အဆက်မပြတ်

+

ထုတ်လွှတ်ထားသည်နှင့် လမ်းကြောင်းက
ဆက်ပွင့်နေပေလိမ့်မည်။

သို့သော်လည်း သူမ၏ မှော်စွမ်းအားသည် အချင်း
ဆယ့်ငါးမီတာ အတွင်း၌သာ အကျိုးသက်ရောက်မှု
ရှိပြီး အကယ်၍ သူမက လမ်းကြောင်း၏
ဝင်ပေါက်အနေဖြင့် ဆောင်ရွက်ခဲ့ပါက
ခုနစ်မီတာသာ အကျိုးသက်ရောက်မှု ရှိနိုင်သည်။

အရွယ်ရောက်လာပြီးသော အခါတွင် အော့ဘစ်တွင်
"မှော်အမှတ်အသား" ဟုခေါ်သော စွမ်းရည်ခွဲ
တစ်ခုကို ရရှိလာခဲ့ကာ လမ်းကြောင်း၏
အသုံးဝင်မှုနှင့် အကွာအဝေးကို များစွာ
တိုးတက်စေခဲ့သည်။ လမ်းကြောင်းအား အော့ဘစ်

+

အမှတ်အသား ပြုလုပ်ထားသော လူက မြင်နိုင်မည် ဖြစ်ပြီး အမှတ်အသား မရှိသော သူတစ်ယောက်သည် လမ်းကြောင်းက မည်သည့် နေရာတွင် ရှိသည်ကို သိစေကာမူ အေ့ာဘစ်အား တားဆီးနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ဤစွမ်းရည်တွင် အန္တရာယ်များလည်း ရှိနေပေသည်။ ဥပမာအားဖြင့် အမှတ်အသား ပြုထားသော ရန်သူတစ်ယောက်က လမ်းကြောင်းတစ်ဝက်တွင် ရှိနေချိန်တွင် အေ့ာဘစ်က သူမ၏ စွမ်းရည်ကို ရုပ်သိမ်းပစ်နိုင်သည်။ လမ်းကြောင်းက ပျက်ပြယ်သွားသော အခါ ရန်သူ၏ ခန္ဓာကိုယ်သည် နှစ်ပိုင်း ပိုင်းသွားမည် ဖြစ်ကာ မတူညီသော နေရာ နှစ်ခု၌ ပြန်ပေါ်လာပေလိမ့်မည်။

+

ထို့ကြောင့် တီလီသည် ကြာပန်းနှင့် အော့ဘစ်တို့က အတူတကွ လှုပ်ရှားကာ မမြင်နိုင်သော ထွက်ပေါက်ရှိသည့် လျှို့ဝှက် ဥမင် တစ်ခုကို တည်ဆောက်စေခဲ့သည်။ ထိုသို့ဆိုလျှင် ရန်သူများက အပေါက်ကို တွေ့ခဲ့သည့် တိုင်အောင် စုန်းမများကို ရှာဖွေနိုင်လိမ့်မည် မဟုတ်ချေ။

မိစ္ဆာများက ထိုကဲ့သို့သော ဥမင်များစွာ ရှိနေသည်ကို သဘောပေါက်လာသည့် အချိန်တွင် စုန်းမများက မိုင်ပေါင်းများစွာ အကွာအဝေးသို့ ရောက်နေပေလိမ့်မည်။ ထို့ကြောင့် ဤစစ်ဆင်ရေး အစီအစဥ်သည် သဘောတရား အားဖြင့် အမတန်မှ လုံခြုံ စိတ်ချရပေသည်။

+

အက်ဂါသာအား စတင် တွေ့ရှိခဲ့သည့် ကျောက်တုံးမျှော်စင်အား စမှတ်အဖြစ် အသုံးပြုကာ သူတို့သည် အရှေ့မြောက်ပိုင်းကို ဦးတည်၍ မြူခိုးငွေ့ တောအုပ်မှ စတင် ထွက်ခွာလာခဲ့သည်။ ဆောင်းမဲ့မြို့တော် အနီးမှ တောအုပ်သည် သစ်ရွက်ကလေး၏ ထိန်းချုပ်မှုအောက်တွင် အပြည့်အဝ ရှိနေသဖြင့် သူတို့သည် သွေးနှော သားရဲများ၏ အန္တရာယ်ကိုလည်း ပူပန်နေစရာ မလိုတော့ပေ။

သို့သော်လည်း သူတို့ ထွက်ခွာလာခဲ့ အပြီးတွင် မမျှော်မှန်းထားသည့် ပြဿနာ တစ်ခုကို အက်ရှ်က မကြာခင်ပင် တွေ့ရှိလာခဲ့သည်။ ထိုအရာမှာ

+

အရပ်မျက်နှာပင် ဖြစ်သည်။ ခရီး အတွင်းတွင် သူတို့သည် တစ်ခေါက်လျှင် ကီလိုမီတာ အနည်းငယ်သာ ခရီးဆက်ခဲ့ခြင်း ဖြစ်သော်လည်း အကြိမ်ပေါင်း ဆယ်ခေါက်ကျော်လာသော အခါ သူတို့က မည်သည့် အရပ်မျက်နှာသို့ ဦးတည်နေသနည်း ဆိုသည်ကို ဆုံးဖြတ်ရန်မှာ အမတန်မှ ခက်ခဲလာခဲ့သည်။

သူတို့သည် ကြယ်များကို ကြည့်၍ အရပ်မျက်နှာကို အတည်ပြုနိုင်ခဲ့သော်လည်း လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေသလား ဆိုသည်ကို သူတို့ တစ်ယောက်ကမှ မသိနိုင်ခဲ့ပေ။

+

"လော်ဂျာ ယူပြန်လာတဲ့ မြေပုံနဲ့ စစ်ကြည့်ရင်ရော" ကြာပန်းက အက်ရှ်ထံသို့ လှည့်၍ အကြံတောင်းလိုက်သည်။ "ကျွန်မတို့က အရပ်မျက်နှာကို ရှာဖွေနိုင်ဖို့ နယ်မြေ အမှတ်အသား အချို့ကို ရှာဖွေနိုင်ကောင်းပါရဲ့… ဒီလိုဆိုရင် မြို့ပျက်နဲ့ ဘယ်လောက် ဝေးသေးသလဲ ဆိုတာကို သိနိုင်မှာပဲ"

မျှော်လင့်ချက် ကြီးမားစွာ မထားခဲ့သော်လည်း အက်ရှ်က ခေါင်းညိတ်ပြလိုက်သေးသည်။

မြေပုံပေါ်တွင် ငှက်သိုက်များ၊ ပျားအုံများနှင့် ဝက်ဝံဂူ အချို့ ရှိနေပြီး သူတို့က ဘယ်ရောက်နေသည်ကို သဲလွန်စ အချို့ ရနိုင်ပေသည်။ သို့သော်လည်း

+

ဤမြေပုံကို ဖတ်ကာ အရပ်မျက်နှာ အမှန်ကို ရှာနိုင်သူမှာ လျှပ်စီးနှင့် မက်ဂီတို့ပင် ရှိပေလိမ့်မည်။

"ရှူး" အစ်ဖီက သူတို့အား ငြိမ်ငြိမ်နေရန် လက်ဟန် ပြလိုက်သည်။

သူတို့ သုံးယောက်ကလည်း ရုတ်ခြည်းပင် ငြိမ်သက်သွားကြလေသည်။

မကြာမီပင် သူတို့သည် ခေါင်းပေါ်မှ လေးလံသော ခြေသံများကို ကြားလိုက်ရသည်။
ခြေရှုပ်တိုက်သံများ အရ အပေါ်တွင် အနည်းဆုံး လူလေးငါးယောက်ခန့် ရှိမည်ဟု ခန့်မှန်းနိုင်သည်။
သွေးနှော သားရဲများသည် အုပ်စုဖွဲ့၍ လှုပ်ရှားလေ့

+

မရှိသဖြင့် သူတို့သည် မိစ္ဆာများ၏
ကင်းလှည့်အဖွဲ့ပင် ဖြစ်ရပေမည်။

ခြေလှမ်းများသည် မကြာမီပင်
ပျောက်ကွယ်သွားကာ ရန်သူများက
မြေအောက်တွင် တစ်စုံတစ်ယောက်
ပုန်းအောင်းနေသည်ကို သတိမထားမိသည်မှာ
သိသာနေသည်။

ဤအရာသည် ယနေ့တွင် ဒုတိယ အကြိမ်မြောက်
ဖြစ်သည်။

+

ဝံပုလွေ ကောင်မလေး၏ တိုက်ခိုက်မှုသည်
မိစ္ဆာများအား အကြီးအကျယ်
သတိထားစေခဲ့သည်မှာ သိသာနေသည်။

မိစ္ဆာများ ထွက်သွားတော့မှ အစ်ဖီက
စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းတစ်ချက်
ချလိုက်သည်။ "အင်း... အနည်းဆုံးတော့ ဒါက
ကျွန်မတို့ဟာ လမ်းကြောင်းမှန်ပေါ်
ရောက်နေတယ်လို့ ပြောနေတာပဲ"

"ဒါပေမဲ့ ပြဿနာက ကျွန်မတို့ဟာ မြို့ပျက်ကို
မတွေ့ရတဲ့ အတွက် အလင်းတန်း လိုက်ကာကို
နေရာမှန်မှာ မထားနိုင်တာပဲ" ကြာပန်းက သူမ၏
ခေါင်းကို ခါလိုက်သည်။ "အရိပ် ကိရိယာကို

+

အချက်ပြ ကိရိယာ အဖြစ် အသုံးပြုနိုင်ဖို့ ကျွန်မတို့ဟာ အလင်းတန်း လိုက်ကာကို မြို့ပျက်ရဲ့ အနောက်တောင် ငါးမိုင် ခြောက်မိုင် အကွာလောက်မှာ ထားရမယ်"

"ဒီလိုမှသာ တက်ကီလာ စုန်းမတွေဟာ နတ်ဆိုးသားရဲတွေက အနောက်ပိုင်း ဒေသကို ပျံသန်းလာတဲ့ အချိန်မှာ မြင်နိုင်မှာ ဖြစ်တယ်"

ခေတ္တမျှ စဉ်းစားခဲ့ အပြီးတွင် အက်ရှ်က နောက်ဆုံးဆုံးဖြတ်ချက်ကို ချလိုက်သည်။ "ငါတို့က နောက်တစ်ည ချီတက်သွားပြီးရင် မနက်ဖြန် နေဝင်ချိန်မှာ ငါက အပေါ်တက်သွားပြီး

+

တက်ကီလာ မြို့ပျက်က ဘယ်နေရာမှာလဲ
ဆိုတာကို စစ်ဆေးလိုက်မယ်"

## စာစဥ် ၆၂ : အပိုင်း ၂

## အပိုင်း ၉၁၇ : အက်ရှ်၏ အစီအစဥ်

"အက်ရှ်… မိစ္ဆာတွေက မျက်စိ ကန်းနေကြတာ မဟုတ်ဘူး" အစ်ဖီက အက်ရှ်၏ အကြံကို လျင်မြန်စွာ ငြင်းပယ်လိုက်သည်။

"ကျနေအောက်မှာ နင်က တက်ကီလာကို မြင်ခဲ့တာနဲ့ မိစ္ဆာတွေကလည်း နင့်ကို တွေ့သွားလိမ့်မယ်… ကောင်းကင် အတွင်းမှာ ပုန်းအောင်းဖို့ နေရာ တစ်ခုမှ မရှိနေပဲ ပြန်လည်

+

တိုက်ခိုက်ဖို့ နည်းလမ်းမရှိတဲ့ နေရာတစ်ခုမှာ နင်က နင့်ကိုယ်နင် ဖော်ပြလိုနေတာလား"

"အစ်ဖီပြောတာ မှန်တယ်... ဒီလိုလုပ်ရင် အန္တရာယ်များလွန်းတယ်" ကြာပန်းက ဆက်ပြောလိုက်သည်။ "ပျံသန်းမှု ကျောက်တုံးဟာ အပေါ်အောက်သာ ပျံသန်းနိုင်ပြီး ဘေးတိုက် ပျံသန်းလို့ မရဘူးလို့ လေဒီတီလီက ငါတို့ကို ပြောထားတယ်... နင့်ကို သူတို့က တွေ့သွားတာနဲ့ နင်က လွတ်မြောက်နိုင်တော့မှာ မဟုတ်ဘူး... အနည်းဆုံးတော့ ညရောက်မှ လုပ်လို့ မရဘူးလား"

သူတို့၏ မှတ်ချက်များကို ကြားခဲ့ရသော အခါ အက်ရှ်က အမတန်မှ စိတ်လှုပ်ရှားသွားသည်။

+

အထူးသဖြင့် အစ်ဖီထံမှ မှတ်ချက်ကို ဖြစ်သည်။ လွန်ခဲ့သော တစ်နှစ်လေးကပင် သူမတို့ သွေးအစွယ် အဖွဲ့အစည်းနှင့် သူမတို့ ခေါင်းဆောင် ဟောဒီ မော်ဂန်တို့သည် သူမနှင့် တီလီတို့အား သတ်ဖြတ်ရန် ကြံစည်ခဲ့ကြဖူးသည်။

တီလီက သွေးအစွယ် အဖွဲ့အစည်းအား သည်းခံရန် တိုက်တွန်းခဲ့ခြင်း မရှိပါက သူမသည် သူတို့နှင့် အရင်ကတည်းက စစ်ကြေညာပြီး ဖြစ်နေပေလိမ့်မည်။ အိပ်ပျော်နေသောကျွန်းနှင့် သွေးအစွယ် အဖွဲ့အစည်းတို့ အကြားမှ ကွဲလွဲမှုအား ဘယ်တော့မှ ရင်ကြားစေ့နိုင်မည် မဟုတ်ဟု သူမက ထင်ထားသဖြင့် အစ်ဖီက သူမအပေါ် စိုးရိမ်မှုများကို ပြသလာသည့် အခါ အမတန်မှ အံ့အားသင့်သွားခဲ့သည်။

+

သူမနှင့် အစ်ဖီတို့က ယခုအချိန်တွင် တစ်ဖွဲ့တည်း ဖြစ်နေပြီဟု အက်ရှ်က ရုတ်တရက် ခံစားမိလိုက်လေသည်။

ဤပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကို မြင်ခဲ့ရသဖြင့် သူမက ပျော်ရွှင်သွားသည်။ ရှေ့ဆက် လျှောက်နိုင်ရန် လိုအပ်သည့် အရာမှာ အဖွဲ့လိုက် ဆောင်ရွက်မှုပင် ဖြစ်နေသည်ကို အက်ရှ်က ကောင်းစွာ နားလည်ထားလေသည်။

"ဒါပေမဲ့ ညအမှောင်ထု အတွင်းမှာ ငါက ဘာကိုမှ မြင်နိုင်မှာ မဟုတ်ဘူး… တက်ကြီလာဟာ အခုအချိန်မှာ ခြုံနွယ်တွေနဲ့ ဖုံးလွှမ်းနေပြီး

+

အလင်းရောင် မရှိရင် ငါကလည်း မြို့ပျက်ကို မြင်နိုင်မှာ မဟုတ်ဘူး... ဒီလိုဆိုတော့ နေဝင်ချိန်က အကောင်းဆုံး အချိန်ပဲ ဖြစ်တယ်လို့ ငါထင်နေတယ်" အက်ရှ်က အလျှော့ မပေးစတမ်း ပြောလိုက်သည်။

"ပြီးတော့ ငါတို့က လမ်းမမှားခဲ့ပဲ မြို့ပျက်ဟာ သစ်ပင်ကြီး အချို့ ဒါမှမဟုတ် တောင်ကုန်းနိမ့် တစ်ခုဘေးမှာ ရှိနေနိုင်တယ်... ငါလုပ်ဖို့ လိုတာက အပေါ်ကို ပျံတက်သွားပြီး ငါ့လက်ထဲက မှော်ကျောက်တုံးကို မြှောက်လိုက်ရုံပဲ"

"ဒါပေမဲ့ တကယ်လို့ အနီးအနားက ပျံသန်းနိုင်တဲ့ နတ်ဆိုးသားရဲ အချို့က နင့်ကို တွေ့သွားရင်

+

ဘယ်လို လုပ်မလဲ" ကြာပန်းက သူမ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "နင်က လေထုထဲမှာ အများဆုံး နင့်စွမ်းအားတွေရဲ့ ဆယ်ရာခိုင်နှုန်းကိုသာ အသုံးပြုနိုင်တယ်... မဟုတ်လား"

"စိတ်မပူပါနဲ့... ငါက ဒီပြဿနာတွေကို ဖြေရှင်းဖို့ နည်းလမ်းတစ်ခုကို စဥ်းစားပြီးသားပါ" အက်ရှ်က လက်ချောင်းသုံးချောင်းကို ထောင်ပြလိုက်ရင်း တည်ငြိမ်စွာဖြင့် ရှင်းပြလိုက်သည်။ "အခြေအနေ အပေါ်မှာ မူတည်ပြီး ငါက မတူညီတဲ့ နည်းလမ်း သုံးခု အနက်က တစ်ခုကို အသုံးပြုလိုက်မယ်"

+

"အိုး" အော့ဘစ်က အနီးသို့ စိတ်ဝင်တစားဖြင့် ကပ်လာခဲ့သည်။ "နင်က အခုဆိုရင် လေဒီတီလီရဲ့ လေသံပုံစံမျိုး ပေါက်နေပြီ"

"တကယ်လား... နင့်နည်းလမ်းတွေက ဘယ်လိုမျိုးလဲ" ကြာပန်းကလည်း စိတ်ဝင်စားပုံ ပေါက်သွားသည်။

"ငါ့ကို အသေအချာ နားထောင်ပါ... ငါ့ကို မြင်တွေ့နိုင်တဲ့ ရန်သူတွေက ပျံသန်းနိုင်တဲ့ နတ်ဆိုး သားရဲတွေကို စီးနင်းနေတဲ့ ရှူးသွပ်မိစ္ဆာ အချို့ပဲ ဖြစ်နိုင်တယ်... ဒါကြောင့်မို့ ငါက အခြေအနေ သုံးမျိုးကို တွက်ဆထားပြီး တစ်ကောင်၊ နှစ်ကောင် ဒါမှမဟုတ် ပိုများတဲ့ မိစ္ဆာတွေ လာရောက်

+

တိုက်ခိုက်ခဲ့ရင် တခြား နည်းလမ်း တစ်မျိုးကို အသုံးပြုရမယ်"

"အိုး... ဘုရားရေ..." ကြာပန်းက ကူရာမဲ့စွာဖြင့် သူမ၏ နဖူးကို ရိုက်လိုက်သည်။

"ဘွားဟားဟား... နင်က တကယ်ပဲ အဖမ်းခံချင်နေတာပဲ" အစ်ဖီကလည်း ရယ်ရမ်းသွေး၍ ပြောလိုက်သည်။

"ဟေး... ကြားဖြတ် မပြောပါနဲ့... ငါပြောတာ ဆုံးအောင် နားထောင်ပြီးမှ မှတ်ချက်ချပါ"

+

"တကယ်လို့ ငါကသာ မက်ဂီဆိုရင် နင့်ကို
အားပေးတဲ့ အနေနဲ့ အလံနှစ်ခု ထောင်ပြလိုက်မှာပဲ"
အော့ဘစ်က လေးနက်စွာဖြင့် ပြောလိုက်သည်။
"သူမက နင့်ရဲ့ အစီအစဉ်တွေ အတွင်းမှာ
ပါဝင်ရတာ ဘာဖြစ်လို့ နှစ်သက်သလဲ ဆိုတာကို
ငါအခု သဘောပေါက်သွားပြီ"

.........

နောက်ဆုံးတွင် အက်ရှ်သည် သူမပြောသည်ကို
အားလုံးက နားထောင်စေရန်
ဆောင်ရွက်နိုင်ခဲ့သည်။

+

အက်ရှ်၏ နည်းဗျူဟာကို ကြားခဲ့ရအပြီးတွင် သူမတို့ တစ်ယောက်ကမှ ပိုကောင်းသော အကြံတစ်ခုကို မစဥ်းစားနိုင်သဖြင့် စုန်းမများသည် သူမ၏ အကြံကို သဘောတူခဲ့ရသည်။ အစပိုင်းတွင် အက်ရှ်ပြောခဲ့သော အကြောင်းအရာများသည် အနည်းငယ် ယုတ္တိမတန်သကဲ့သို့ ဖြစ်နေသော်လည်း သူမ၏ တန်ပြန် ဆောင်ရွက်မည့် နည်းလမ်းများက မထင်ထားလောက်အောင် ကောင်းနေခဲ့သည်။

အစ်ဖီ၏ မျက်လုံးအတွင်းတွင် အက်ရှ်၏ အစီအစဥ်သည် သဘာဝ ထိုးထွင်း သိမြင်မှုနှင့် သူမ ရေရှည် စုဆောင်းထားသော တိုက်ခိုက်မှု အတွေ့အကြုံများ အပေါ်တွင် အခြေခံထားခြင်းပင် ဖြစ်သည်။

+

မြေအောက်တွင် နောက်ထပ်တစ်ရက်
ခရီးဆက်ခဲ့အပြီးတွင် လေဝင်ပေါက်မှ
ဝင်ရောက်လာသော အလင်းရောင်က စတင်၍
မှေးမှိန်လာခဲ့သည်။ အစ ပထမတွင် အဖြူရောင်
တိမ်တိုက်များသည် မီးရောင်ကဲ့သို့ အနီရောင်
သန်းလာခဲ့ပြီး နောက်ပိုင်းတွင် ညနေခင်း
ကောင်းကင်နှင့် ဖြည်းဖြည်းချင်း
ပေါင်းစည်းသွားခဲ့သည်။

ဖွံ့ဖြိုးသော နယ်မြေတွင် နေက ဖြည်းဖြည်းချင်း
ကျဆင်းလာပြီး သူတို့ စတင် လှုပ်ရှားရန် အချိန်
ကျရောက်လာပြီ ဖြစ်သည်မှာ သိသာနေသည်။

+

အော့ဘစ်သည် အက်ရှ်၏ ကျောအား ပုတ်လိုက်ကာ သူမအား မှော်အမှတ်အသား တစ်ခု ထည့်ပေးလိုက်သည်။ ထိုအရာသည် သူမ၏ ခေါင်းပေါ်မှ အပြာဖျော့ရောင် အစက်တစ်ခု ဖြစ်ကာ အရောင်တောက်နေသော ရေအိုင်ငယ် တစ်ခုနှင့် တူနေပြီး စုန်းမများ အနေဖြင့် သူတို့သည် ရေအောက်တွင် ရောက်နေသည်ဟု ခံစားနေရကာ လှိုင်းတွန့်များ အကြားမှ ကောင်းကင်အား မော့ကြည့်နေရသကဲ့သို့ ဖြစ်နေပေသည်။

သို့သော်လည်း ထိုအရာသည် ပြင်ပမှ တကယ့်မြင်ကွင်း မဟုတ်ပဲ မှော်စကြိုန်လမ်း၏ ပုံစံသာ ဖြစ်နေမှန်းကို အက်ရှ်က သိနေခဲ့သည်။

+

အနီးအနားတွင် ကင်းလှည့်နေသော မိစ္ဆာတပ်ဖွဲ့ မရှိနေမှန်းကို အတည်ပြုခဲ့အပြီးတွင် သူမသည် အခြား စုန်းမသုံးယောက်အား ခေါင်းညိတ်ပြလိုက်၍ သူမ၏ မှော်စွမ်းအားကို လက်စွပ်အတွင်းသို့ ထည့်သွင်းလိုက်ရာ သူမ၏ ခန္ဓာကိုယ် အတွင်းတွင် ဖော်မပြနိုင်သော ခံစားချက် တစ်ခု ပေါ်လာခဲ့သည်။

သူမ၏ ခန္ဓာကိုယ်မှ နေ၍ ခြေလက်အပို တစ်စုံ ထွက်လာသည်ဟု ခံစားခဲ့ရပြီး တီလီကမူ ဤဖြစ်စဥ်အား မမြင်နိုင်သော တောင်ပံတစ်စုံ ရရှိခြင်းဟု ဖော်ပြထားခဲ့သည်။

ပျံသန်းနိုင်သော စွမ်းရည်ဖြင့် မွေးဖွားလာခြင်း မရှိသော လူတစ်ယောက် အနေဖြင့် ငှက်များက

+

ကောင်းကင်ပေါ်တွင် ပျံဝဲနေသကဲ့သို့
ဤတောင်ပံများကို ရုတ်တရက် ထိန်းချုပ်ရန်
မလွယ်ကူပေ။ အိပ်ပျော်နေသောကျွန်းမှ စုန်းမများ
အကြားတွင် ပျံသန်းမှု ကျောက်တုံးအား
အလွယ်တကူ အသုံးပြုနိုင်သည်မှာ တီလီ
တစ်ယောက်သာ ရှိပေသည်။

အက်ရှ်သည် သူမ၏ မျက်လုံးများကို မှိတ်လိုက်ပြီး
သူမကိုယ် သူမ တောင်ပံများ ခတ်နေသည်ဟု
စိတ်ကူးယဥ်လိုက်ပြီး အပေါ်သို့ ခုန်လိုက်လေသည်။

ခဏအကြာတွင် လုံးဝကို တိတ်ဆိတ်
ငြိမ်သက်နေသော မြေအောက်နေရာသည်
အသံမျိုးစုံဖြင့် အစားထိုးသွားခဲ့သည်။ သူမသည်

+

သူမ၏ မျက်နှာကို တိုးဝှေ့လာသော
လေပြည်ညင်းကို ခံစားခဲ့ရပြီး သူမ၏ နားအတွင်း၌
သစ်ရွက်များ ပွတ်တိုက်သံကိုလည်း ကြားခဲ့ရသည်။

ငှက်များက အော်မြည်နေကြကာ ပိုးမွှားများက
တဝီဝီ အသံပြုနေကြပြီး ညနေခင်း
လေပြည်ညင်းက သူမ၏ ပါးကို ပွတ်သပ်
ကျီစယ်နေခဲ့သည်။

သူမသည် သူမ၏ မျက်လုံးများကို ဖွင့်လိုက်ရာ
အရာအားလုံးကို ကြည်လင် ပြတ်သားစွာ
မြင်လိုက်ရသည်။ မြေပေါ်မှ အရာအားလုံးသည်
လျင်မြန်စွာ ကျုံ့ဝင်သွားကြပြီး မှော်စကြာ်န်၏

+

ထွက်ပေါက်သည့် ယခုအချိန်၌ သေးငယ်သော
အလင်းစက် တစ်ခုအဖြစ်သာ ကျန်တော့သည်။

ဤအတွေ့အကြုံသည် တစ်ခါတစ်ရံတွင်
ကြိုးစားရန် ထိုက်တန်သော အတွေ့အကြုံ
တစ်ခုဖြစ်သည်ဟု သူမက ဝန်ခံရပေလိမ့်မည်။

အက်ရှ်သည် သူမ၏ စိတ်လှုပ်ရှားမှုများကို
ထိန်းချုပ်ထားပြီး တက်ကီလာ ရှိနေသင့်သည့်
မြောက်ပိုင်းသို့ ကြည့်လိုက်ရာ သူမ၏ ရင်က
လေးလံသွားခဲ့သည်။

သူမ အရှေ့မှ အရာအားလုံးကို
ကြည့်လိုက်သော်လည်း ဝံပုလွေ ကောင်မလေး

+

ဖော်ပြထားသည့် အရိုး မကောင်းဆိုးဝါးများ မပြောနှင့် မြို့ပျက်နှင့် တူသော အရာတစ်ခုကိုမှ မတွေ့ခဲ့ရပေ။ သူမ၏ မြင်ကွင်း အတွင်း၌ ကျနေ၏ အနီရောင် ဆိုးထားသော ချုံပုတ်များနှင့် မြက်များ ပေါက်နေသော မြေနိမ့်လွင်ပြင်တို့ကိုသာ တွေ့နိုင်ခဲ့သည်။

သူမတို့သည် လုံးဝကို လမ်းလွဲသွားခဲ့လေသလော။

သူမသည် သူမ၏ လက်ရှိ တည်နေရာကို ကူညီ၍ အတည်ပြုနိုင်ရန် ဖြတ်သန်း၍ မရနိုင်သော တောင်တန်းအား ရှာဖွေရန် ကြိုးစားလိုက်သည်။ သို့သော်လည်း အနောက်သို့ လှည့်လိုက်သော အခါ သူမ၏ အရှေ့တောင်ဘက် မီတာရာပေါင်း

+

အနည်းငယ် အကွာမှ တောအုပ်အတွင်းတွင် ဝပ်တွားနေသော ရောမ မကောင်းဆိုးဝါးများကို မြင်ခဲ့ရသဖြင့် အံ့သြ မှင်သက်သွားခဲ့သည်။

ထိုရောမ မကောင်းဆိုးဝါးများသည် မိစ္ဆာများ တည်ဆောက်ထားသော အရာများ ဖြစ်သည်မှာ သိသာနေပြီး တက်ကီလာ မြို့ပျက်၏ ကျိုးပဲ့နေသော မြို့ရိုးများသည် သူတို့ အောက်တည့်တည့်တွင် ရှိနေကြသည်။

သူတို့က မြို့ပျက်သို့ မရောက်ကြသေးဟု ထင်နေခဲ့သော်လည်း ယခုအချိန်၌ အက်ရှသည် အကြိမ်ပေါင်းများစွာ ဆက်တိုက်

+

လွဲချော်သွားမှုကြောင့် မြို့ပျက်ကို
ကျော်သွားခဲ့သည်ဟု သဘောပေါက်သွားခဲ့သည်။

အကယ်၍ သူတို့သည် တက်ကီလာသို့ စတင်
ထွက်ခွာလာသည့် နေရာမှ ယခုလက်ရှိ
ရောက်နေသော နေရာသို့ မျဉ်းကြောင်းတစ်ခု
ဆွဲလိုက်ပါက ဒီဂရီ အနည်းငယ်သာ
ကွာခြားနေပေလိမ့်မည်။ သို့သော်လည်း
လက်တွေ့တွင် ဤမျှအထိ သေးငယ်သော
ခြားနားမှုသည် သူတို့ ရောက်ရှိခဲ့သည့် အချိန်တွင်
မြို့ပျက်၏ အရှေ့နှင့် အနောက်အဖြစ်
ကွဲပြားသွားစေခဲ့သည်.

+

အက်ရှ်က ချီတုံချတုံ ဖြစ်သွားသည်။ အကယ်၍ သူတို့သည် ယခု နောက်ပြန်လှည့်၍ တောင်ပိုင်းသို့ ပြန်သွားခဲ့ပါက တက်ကီလာသို့ ရောက်နိုင်ရန် အနည်းဆုံး နောက်ထပ် နှစ်ရက်၊ သုံးရက်ခန့် အချိန် ယူရပေလိမ့်မည်။

သို့သော်လည်း အကယ်၍ သူမသည် သူမ ပုံ့တက်လာသည့် အမြန်နှုန်းအတိုင်း မြို့ပျက်ထံ ပုံ့သန်းသွားပါက နေ့ဝက်အတွင်း၌ မြို့ပျက်ထံ ရောက်နိုင်ပြီး အဖွဲ့ထံသို့ ပြန်လာနိုင်ပေလိမ့်မည်။ သို့သော်လည်း ပြဿနာမှာ သူမက အပေါ်အောက်သာ ပုံ့သန်းနိုင်ပြီး အလျားလိုက် မပုံ့သန်းနိုင်ခြင်းပင် ဖြစ်သည်။

+

သူမက မည်ကဲ့သို့ လုပ်သင့်သနည်း။

သို့သော်လည်း သူမ ဆုံးဖြတ်ချက် တစ်ခု
မချနိုင်ခင်၌ပင် တက်ကီလာထံမှ ဦးချိုမှုတ်သံ
တစ်ခု ထွက်ပေါ်လာသည်။

အရိုး မကောင်းဆိုးဝါး တစ်ကောင်၏
နောက်ကျောမှ နတ်ဆိုးသားရဲ
ဆယ်ကောင်ကျော်ခန့် ပျံတက်လာကာ သူမထံသို့
ပျံသန်းလာကြသည်။ တစ်ချိန်တည်းတွင်
ရှူးသွပ်မိစ္ဆာ များစွာတို့က မြေအောက်မှ
ထွက်ပေါ်လာကြကာ မြင့်မြတ်သော တက်ကီလာ
မြို့တော်အား ဝန်းရံလိုက်ကြလေသည်။

+

အင်း… သူတို့က အတော်လေး သတိထားနေကြပြီး သုံးကောင်ထက် မကတာ သိသာနေတယ်။ ဒါက ငါမှန်းဆထားတာထက် အများကြီး ပိုဆိုးနေတာပဲ။ အက်ရှ်က တွေးလိုက်သည်။

သူမသည် လုံးဝကို ချီတုံချတုံ ဖြစ်နေခြင်း မရှိပဲ ရောင်စဥ်ငါးသွယ် ကျောက်တုံးကို ဖိခြေလိုက်ကာ မြေပြင်ထံသို့ ဦးတည်၍ ပျံသန်းသွားခဲ့လေသည်။

မည်သည့် သူရဲကောင်း အတွက်မဆို အရေးအကြီးဆုံး စွမ်းရည်မှာ အခြေအနေ အပေါ်တွင် မူတည်၍ သင့်တော်စွာ လုပ်ဆောင်နိုင်ခြင်းပင် ဖြစ်သည်။ အကယ်၍ နတ်ဆိုးသားရဲ တစ်ကောင်တည်းသာ ဆိုပါက

+

သူမသည် ရန်သူကို အရှင်ဖမ်း၍ နှစ်ကောင်ဆိုလျှင် သူတို့အားလုံးကို နှိမ်နင်းကာ အကယ်၍ နှစ်ကောင်ထက် ပိုများပါက နောက်ပြန် ဆုတ်ခွာရန် သူမက ရည်ရွယ်ထားသည်။

သူမသည် မိစ္ဆာများစွာနှင့် တိုက်ခိုက်ရန် ဘယ်တုံးကမှ ကြောက်ရွံ့နေခြင်း မရှိသော်လည်း နောက်ထပ် စစ်ကူများ မရောက်လာမီ သူတို့အား အနိုင်တိုက်နိုင်လိမ့်မည် မဟုတ်ပဲ သူမ၏ အဖွဲ့ တစ်ခုလုံးအတွက် အန္တရာယ် ရှိနေပေလိမ့်မည်။

လက်ရှိ အခြေအနေ အရ တက်ကီလာ မြို့ပျက်ထံသို့ ပျံသန်းသွားရန် အမတန်မှ အန္တရာယ် များလွန်းပြီး ယခုအချိန်တွင် အသင့်တော်ဆုံး

+

နေရာတစ်ခုတွင် နေရာ မယူနိုင်သေးသော်လည်း ကျောက်တုံးကို ခြေမွပစ်မှ ရပေတော့မည်။

မမြင်နိုင်သော တောင်ပံများကို သူမ၏ ကိုယ်ပိုင် လက်မောင်းများကဲ့သို့ ထိန်းချုပ်နိုင်သည့် တီလီကဲ့သို့  ပါရမီနှင့် မပြည့်စုံနေသော်လည်း ပျံသန်းမှုကို ပိုမို လျင်မြန်အောင် ပြုလုပ်ရန် သူမတွင် ကိုယ်ပိုင် နည်းလမ်းများ ရှိနေပေသည်။

သူမသည် မှော်ကျောက်တုံး အတွင်းသို့ မှော်စွမ်းအားများကို ပို၍ ထည့်သွင်းလိုက်ရုံပင် ဖြစ်သည်။

+

ကျောက်တုံး အတွင်း၌ မှော်စွမ်းအားများ ပိုမို
များပြားလာသည်နှင့် သူမ၏ ကျောပေါ်မှ
မမြင်နိုင်သော တောင်ပံများသည် အကန့်အသတ်သို့
ရောက်အောင် ကြီးထွားလာ၍ စိတ်ကူးအတွင်းမှ
တောင်ပံ ရိုက်ခတ်မှုသည် ကျယ်လောင်သော
လေပြင်းခတ်သံများကို ဖြစ်ပေါ်စေခဲ့သည်။

မကြာမီပင် သူမသည် အပေါ်သို့ ပျံတက်လာစဉ်က
အမြန်နှုန်းထက် သုံးဆမှ လေးဆအထိ ပိုမြန်သော
အမြန်နှုန်းဖြင့် အောက်သို့ လျင်မြန်စွာ
ကျဆင်းသွားလေတော့သည်။

ဤကဲ့သို့သော အခြေအနေမျိုး အောက်တွင်
လုံများကို တိကျစွာ ပစ်ခတ်နိုင်သော

+

ရှုးသွပ်မိစ္ဆာများကပင် သူမအား ထိမှန်အောင် ပစ်ခတ်နိုင်မည် မဟုတ်တော့ချေ။

တစ်ခုတည်းသော ပြဿနာမှာ ဤကဲ့သို့သော အမြန်နှုန်းတွင် အီနားရှားက အလွန်ကြီးမားလှသဖြင့် ထိန်းချုပ်ရန် ခက်ခဲလွန်းခြင်းပင် ဖြစ်သည်။ မှော်စကြွန်၏ အနက်သည် အကန့်အသတ် ရှိနေသဖြင့် ကြာပန်းသည် ငါးမီတာ ခြောက်မီတာခန့်သာ နက်ရှိုင်းသော အပေါက်တစ်ခုကိုသာ ဖောက်ထားနိုင်ပြီး ဤမျှအထိ နီးကပ်သော အကွာအဝေးတွင် သူမသည် အောက်သို့ ကျဆင်းလာသော အရှိန်အဟုန်ကို သူမဘာသာ သူမ ရပ်တန့်နိုင်မည် မဟုတ်ချေ။

+

အက်ရှ်တတ်နိုင်သည်မှာ သူမ၏ အသင်းဖော်များ အပေါ်တွင် ယုံကြည်မှု အနည်းငယ် ထားခဲ့ရုံသာ ရှိတော့သည်။

စက္ကန့်အနည်းငယ် ကျဆင်းလာခဲ့ အပြီးတွင် အက်ရှ်သည် မြေပေါ်၌ သေးငယ်သော အပြာရောင် အလင်းစက် တစ်ခု ပေါ်လာသည်ကို တွေ့လိုက်ရသည်။ ထိုအရာက မော်စကြဲန်ပင် ဖြစ်သည်။

သူမသည် သူမ၏ လက်များကို စုလိုက်ကာ သူမ၏ ခေါင်းပေါ်တွင် ထားလိုက်ပြီး သူမ တစ်ကိုယ်လုံးမှ ကြွက်သားများကို ကျုံ့လိုက်လေသည်။

+

သူမက မှော်စကြ်န်ထံ တည့်တည့် ထိုးဖောက် ဝင်ရောက်လာခဲ့အပြီးတွင် လေထုအတွင်းမှ ခရမ်းရောင် အလင်းတန်းများစွာ ထွက်ပေါ်လာ၍ သူမအား ခိုင်မြဲစွာ ချုပ်နှောင်ထားသည်ကို တွေ့လိုက်ရသည်။ ထိုအရာမှာ အစ်ဖီ၏ မှော်လှောင်အိမ်ပင် ဖြစ်ပေသည်။

လှောင်အိမ်သည် ချက်ချင်း ဆိုသလိုပင် သူမအား လျင်မြန်စွာ ကျဆင်းလာခြင်းမှ ဟန့်တားလိုက်ပြီး သူမ လုံးဝ ရပ်တန့်သွားသော အချိန်တွင် သူမခေါင်းနှင့် တွင်းအောက်ခြေတို့မှာ လက်တစ်လုံးစာလောက်သာ ကွာတော့ကြောင်းကို သူမက တွေ့လိုက်ရသည်။

+

"နင်က တကယ့်ကို လေးတာပဲ" အစ်ဖီက လှောင်အိမ်အား သူမ၏ လက်များဖြင့် ဆုပ်ကိုင်ထားရင်း ပခုံးတွန့်၍ ပြောလိုက်သည်။ "အခုအချိန်မှာ ငါတို့က ဘယ်ရောက်နေသလဲ ဆိုတာကို နင်သိပြီလား"

"သိတာပေါ့... ဒါပေမဲ့ အခုအချိန်မှာ ဒီအကြောင်းကို မဆွေးနွေးကြသေးစို့" အက်ရှ်က အော့ဘစ်ကို ကြည့်လိုက်သည်။ "အခုချက်ချင်း မြူခိုးငွေ့ တောအုပ် အတွင်းကို ဆုတ်ခွာရမယ်... မိစ္ဆာတွေက လာနေကြပြီ"

## စာစဉ် ၆၂ : အပိုင်း ၃

+

## အပိုင်း ၉၁၈ : တစ်ခုတည်းသော သေချာသည့် အရာ

သုံးရက် ကုန်ဆုံးသွားပြီ ဖြစ်သည်။ တီလီသည် စိတ်လှုပ်ရှားစွာဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခဲ့ပြီး စုန်းမ လေးယောက်တို့အား မြင်ရသည့် အခါမှ စိတ်အေးသွားခဲ့သည်။ သူတို့၏ ညစ်ပေနေသော မျက်နှာများနှင့် အားတင်းထားရသော အပြုံးများကို ကြည့်ခြင်းအားဖြင့် သူတို့၏ ခရီးလမ်းက ခက်ခဲ ကြမ်းတမ်းခဲ့မည်ဟု အလွယ်တကူ မှန်းဆနိုင်သည်။

သို့သော်လည်း ကံကောင်းစွာဖြင့် သူတို့သည် မိစ္ဆာစစ်တပ်က သူတို့အား တွေ့ရှိသွားခဲ့ အပြီးတွင်

+

လုံခြုံ ဘေးကင်းစွာဖြင့်
လွတ်မြောက်လာနိုင်ကြသည်။

အက်ရှ်သည် စကားလုံး အချို့ဖြင့် နှစ်သိမ့်ရန်
ကြံရွယ်လိုက်သော်လည်း အက်ရှ်၏
မတောင်းပန်နေလိုသည့် မျက်နှာကို
တွေ့ခဲ့အပြီးတွင် မပျော်မရွှင် ဖြစ်သွားခဲ့ပြီး
ထူးကဲစုန်းမအား
ပြစ်တင်ကြိမ်းမောင်းလေတော့သည်။

"တောရိုင်းအတွင်းမှာ တိုက်ပွဲတွေ ရာနဲ့ချီပြီး
တိုက်ခိုက်ဖူးတယ်လို့ လေလုံးထွားခဲ့တဲ့
လူတစ်ယောက်က လမ်းပျောက်သွားလိမ့်မယ်လို့

+

ငါက လုံးဝ မမျှော်လင့်ထားဘူး" မင်းသမီး တီလီက ပြစ်တင် ဝေဖန်လိုက်သည်။

"နင်က ဟားမီးစ်ကနေပြီး တောင်ပိုင်း အစွန်အဖျား ဒေသကို မရောက်သွားပဲ ဘုရင့်မြို့တော်ထံကို ဘယ်လို ရောက်လာခဲ့သလဲ ဆိုတာကို ပြောပြပါဦး... နင်က ငါ့ကို ပြောခဲ့တာတွေနဲ့ မတူပါလား"

"အာ... အဲ့ဒီ အချိန်တုံးက ကျွန်မအနောက်ကို ဘုရားကျောင်းက လူအများကြီး လိုက်ဖမ်းခဲ့ကြတော့ ကျွန်မ လမ်းပျောက်သွားတဲ့ အချိန်တိုင်းမှာ သူတို့ အနက်က တစ်ယောက်ကို ဖမ်းလိုက်ပြီး မှန်ကန်တဲ့ လမ်းကြောင်းကို

+

ပြောခိုင်းလိုက်ရုံပဲပေါ့" အက်ရ်က
ပခုံးတွန့်လိုက်သည်။

"ပြီးတော့ ဒီတစ်ခေါက်မှာလည်း ကျွန်မတို့က
စီစဉ်ထားတဲ့ လမ်းကြောင်းကနေ သိပ်ပြီးမှ
ကွာမသွားပဲ အနည်းဆုံးတော့ တက်ကီလာ
မြို့ပျက်ကို မြင်နိုင်ခဲ့သေးတယ်လေး... တကယ်လို့
မိစ္ဆာစစ်တပ်က မလှုပ်ရှားလာခဲ့ရင် ကျွန်မက..."

"အနီရောင် မြူခိုးငွေ့ လုံလောက်စွာ မရှိပဲနဲ့
သူတို့ဟာ တပ်ဖွဲ့တွေကို အကုန် စေလွှတ်မှာ
မဟုတ်ဘူး... ငါတို့က နတ်ဆိုးသားရဲတွေရဲ့ အလစ်
တိုက်ခိုက်မှုကို စောင့်ကြပ်ဖို့ ရည်ရွယ်ချက်နဲ့
နင်တို့ကို သတင်း အချက်အလက် စုဆောင်းဖို့

+

လွှတ်လိုက်တာ... ဒါပေမဲ့ နင်က
မှော်ကျောက်တုံးကို ဖိခြေလိုက်တဲ့ အချိန်မှာ
ငါတို့က မိစ္ဆာစစ်တပ်ကို အနောက်ကနေသာ
မြင်နိုင်ပြီး ရှုထောင့်ကလည်း အမတန်မှ
ဆိုးဝါးတယ်"

"အားလုံးတို့က လုံခြုံ စိတ်ချစွာနဲ့ ပြန်လာနိုင်ပြီး
ဒါက အကောင်းဆုံး ရလဒ်ပါပဲ... ဒါ့အပြင်
ရှုထောင့်ကလည်း ဒီလောက်ကြီး မဆိုးလှပါဘူး"
ပါရှာက ဖျန်ဖြေသည့် အနေဖြင့်
ဝင်ပြောလိုက်သည်။ "အရှင်မင်းမြတ် ရိုလန်က
မြောက်ပိုင်းကနေ စုန်းမ ပထမ အသုတ်ကို
ပြန်လွှတ်လိုက်ပြီး အဲ့ဒီ အတွင်းမှာ ရှယ်ဗီက
ပါလာပြီး သူမ ရှိနေရင် ငါတို့ရဲ့

+

ကင်းထောက်စွမ်းရည်က အကြီးအကျယ် တိုးတက်လာလိမ့်မယ်"

"ပြီးတော့ ငါတို့က ရန်သူတွေရဲ့ နောက်ကျောကို မြင်နိုင်ခဲ့တော့ ရန်သူတွေရဲ့ အဓိက အင်အားစုနဲ့ စစ်ကူတွေရဲ့ အရေအတွက်ကို သိနိုင်တာပေါ့... ကဲကဲ... နင်တို့က အရင်ပြန်ပြီးမှ ကောင်းကောင်း အနားယူလိုက်ပါဦး"

"အိုး... ငါတို့က မြောက်ပိုင်းဒေသက သတင်းတွေကို ရခဲ့ပြီလား" အက်ရှ်က သူမ၏ မျက်ခုံးများကို ပင့်ကာ မေးလိုက်သည်။

+

"ဟုတ်တယ်... ဒီသတင်းတွေ ရောက်လာတာကြောင့် နင်ကံကောင်းသွားတယ်... မဟုတ်ရင် နင်က အလွတ်ပေးခြင်း ခံရမှာ မဟုတ်ဘူး" တီလီက နှာမှုတ်လိုက်သည်။ "အင်း... ခွင့်ပြုပါဦး... ကျွန်မက အခု သွားရတော့မယ်"

"ငါ့ကို စောင့်ပါဦး" အက်ရှ်သည် ပါရှာအား ရေးရေးလေး ပြုံးပြလိုက်၍ တီလီနောက်သို့ အမြန် ပြေးလိုက်သွားသည်။

"နင်ငါ့ကို ပြောစရာ ဘာရှိသေးလို့လဲ"

+

"မရှိပါဘူး… အခန်းကိုပဲ ပြန်ကြရအောင်" အက်ရှ်က နှုတ်ခမ်းများကို တွန့်ကာ ပြောလိုက်သည်။

စုန်းမဂေဟာသို့ ပြန်ရောက်၍ မင်းသမီးက အခန်းတံခါးအား ပိတ်လိုက်သော အခါ အက်ရှ်သည် တီလီအား အနောက်မှ နေ၍ လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သည်။

"ငါစိတ်မကောင်းပါဘူး… ငါက နင့်ကို စိုးရိမ်နေလို့…"

"ပါရှာက နင့်ကို ဒီလို လုပ်ခိုင်းခဲ့လို့လား" တီလီက နောက်ပြန်မလှည့်ပဲနှင့် မေးလိုက်သည်။

+

"အာ… နင်က ဘယ်လို သိနေတာလဲ" အက်ရှ်က အနည်းငယ် အံ့အားသင့်သွားသည်။

"နင့်မျက်နှာပေါ်မှာ ကောင်းကောင်း မြင်နေရတယ်လေ" တီလီက အက်ရှ်၏ လက်မောင်းများ အတွင်းမှ ရုန်းထွက်လိုက်သည်။ "ငါက ဒီရက်ပိုင်းတွေ အတွင်းမှာ ကောင်းကောင်း အနားမရပဲ မှော်အမြူတေ အနားမှာ တစ်ချိန်လုံး နေခဲ့တယ်လို့ ပါရှာက နင့်ကို ပြောခဲ့တယ် မဟုတ်လား"

"ပြီးတော့ ငါက ပင်ပန်း နွမ်းနယ်နေတဲ့ အတွက် ငါစိတ်ဆိုးနေတာကို ခွင့်လွှတ်ပြီး ငါ့ကို နှစ်သိမ့်ဖို့

+

အတတ်နိုင်ဆုံး ကြိုးစားဖို့လည်း ပြောခဲ့သေးတယ် မဟုတ်လား"

"အံ့သြစရာပဲ... နင်က ဒါတွေအားလုံးကို ခန့်မှန်းနိုင်ခဲ့တာပဲ" အက်ရှ်က အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။

"ဒီလိုဆိုတော့ နင်ကငါ့ကို အရင် တောင်းပန်နိုင်မလား" တီလီက ပြန်လှည့်လာ၍ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ... မတောင်းပန်နိုင်ပါဘူး" ထူးကဲစုန်းမက သူမ၏ ခေါင်းကို ခါလိုက်သည်။

+

"မတောင်းပန်နိုင်ဘူးလား" တီလီက စူးစူးဝါးဝါး ကြည့်လိုက်သည်။ "ဒီလိုဆိုတော့ ငါက စိတ်ပူနေရတာ ဖြစ်သင့်တယ်လို့ နင်က ထင်နေတာပေါ့"

"နင်က ဘာအန္တရာယ်နဲ့မှ မကြုံတွေ့ရတော့ ဘာပြဿနာမှ မရှိပါဘူး... ငါက ဆုံးဖြတ်ချက် ချနိုင်ဖို့ ဒါကိုပဲ လိုအပ်နေတယ်"

"အက်ရှ်... နင်က နားမလည်ဘူး" တီလီက ဒေါသထွက်သွားသည်။ "ဘယ်အန္တရာယ် မဆို တွက်ချက် တိုင်းတာလို့ ရပြီး ရှောင်တိမ်းနိုင်ပြီး တာဝန်ကို ထမ်းဆောင်တဲ့ လူကလည်း တွက်ချက်မှု အတွင်းမှာ ပါနေတယ်... တကယ်လို့ ဒီလူဟာ

+

တာဝန်ကို ဆောင်ရွက်တဲ့ နေရာမှာ အဆင်မပြေရင် ပြည့်စုံတဲ့ အစီအစဉ်ကတောင် ပျက်သွားနိုင်တယ်... နင်နားလည်သလား"

"တကယ်လို့ နင့်နေရာမှာ ငါသာဆိုရင် အခြေအနေက ဒီလောက်အထိ အန္တရာယ် ကြီးမားသွားမှာ မဟုတ်ဘူး"

"တွက်ချက်... တိုင်းတာ... ရှောင်တိမ်းမယ်... ဟုတ်လား... နင်က အခုအချိန်မှာ စကားပြောတာ ရိုလန် ဝင်ဘယ်ဒန်နဲ့ ပိုပိုတူလာပြီ" အက်ရှ်က ပခုံးတွန့်နေရင်း ပြောလိုက်သည်။

+

"စကားလမ်းကြောင်း မလွှဲပါနဲ့" မင်းသမီး တီလီက အလျှော့မပေးစတမ်း ပြောလိုက်သည်။ "ဒါက မမှန်ဘူးလား"

"ဒါပေမဲ့ အန္တရာယ်ကတော့ အမြဲတမ်း ရှိနေနိုင်ပြီး မတော်တဆမှုတွေ ဖြစ်ခဲ့ရင်တောင် ငါကပဲ ရင်ဆိုင်လိုနေတယ်... ဘာပဲပြောပြော ငါ့ဘဝ တစ်သက်တာမှာ မတော်တဆမှုတွေ မရေမတွက်နိုင်အောင် ဖြစ်ခဲ့ပြီးပြီ"

မင်းသမီးထက် များစွာ အရပ်ပိုရှည်သော အက်ရှ်သည် ကုန်းလိုက်ကာ မျက်လုံးချင်း တစ်တန်းတည်း ဖြစ်သွားအောင် တီလီ၏ ပခုံးပေါ်တွင် လက်များကို တင်လိုက်သည်။

+

"နားထောင်… နင့်ကို မတောင်းပန်ဖို့ အတွက် ငါ့မှာ အရမ်းကောင်းတဲ့ အကြောင်းပြချက် တစ်ခု ရှိနေတယ်… အခုအချိန်မှာ ငါတို့က ဒီနေရာမှာ နေပြီး မိစ္ဆာတွေကို တိုက်ခိုက်ဖို့ ဆုံးဖြတ်ခဲ့ပြီ ဆိုတော့ အနာဂတ်မှာ အန္တရာယ်များတဲ့ နေရာတွေကို မကြာခဏ သွားပြီး စွန့်စားရဖို့ အခွင့်အရေးတွေ များနေတယ်… တစ်နေ့မှာ ငါက မပြန်လာနိုင်ခဲ့ရင် နင့်ကို တောင်းပန်ဖို့ အကြွေးတွေ အများကြီး မတင်လိုနေဘူး"

"ဟေး… ဒီလိုတော့ မပြောပါနဲ့"

+

"ကျေးဇူးပြုပြီးမှ ငါပြောတာကို နားထောင်ပါ…
တီလီ" အက်ရှ်က လေးနက်စွာဖြင့် ပြောလိုက်သည်။
"ငါက နင့်အစ်ကိုလို ဉာဏ်မကောင်းတော့
စုန်းမတွေရဲ့ အနာဂတ်လိုမျိုး ကိစ္စတွေကို
တွေးခေါ်နိုင်စွမ်း မရှိဘူး… ဒီလိုဆိုတော့
ငါကျွမ်းကျင်တဲ့ နေရာဟာ အန္တရာယ်တွေနဲ့
စွန့်စားတာပဲ ရှိနေတယ်"

"တကယ်လို့ နင်က အခုပဲ
အိပ်ပျော်နေသောကျွန်းကို ပြန်ဖို့ ဆုံးဖြတ်ခဲ့မယ်
ဆိုရင် ငါကနင့်ကို ဘယ်တော့မှ စိုးရိမ်အောင်
မလုပ်တော့ဘူးလို့ ချက်ချင်း ကတိပေးလိုက်မယ်…
ဒါပေမဲ့ ဒီနေရာမှာတော့ ဒီလိုမျိုး အာမမခံနိုင်ဘူး…
တကယ်လို့ နင်ကငါ့ကို စိုးရိမ်အောင်

+

လုပ်ခဲ့မိရင်လည်း ငါကနင့်ကို ဘယ်တော့မှ
တောင်းပန်ခိုင်းမှာ မဟုတ်နေဘူး"

တီလီက ဆွံ့အသွားသည်။ သူမသည် အက်ရှ်၏
ရွှေရောင် မျက်လုံးများ အတွင်းသို့ စိုက်ကြည့်နေရင်း
သူမ အရှေ့မှ ဆံပင်နက်နှင့် စုန်းမသည်
ယခင်ကထက် များစွာပို၍ ယုံကြည်
စိတ်ချလာရသည်ဟု ခံစားမိနေတော့သည်။

မဟုတ်ဘူး၊ အက်ရှ်က လျှောက်ပြောနေတာ။
တီလီက သူမ၏ ရင်အတွင်းမှ ငြင်းဆန်နေခဲ့သည်။

"အဟမ်း" သူမ၏ နောက်ပြန်လှည့်၍
ပြောလိုက်သည်။ "အခု လောလောဆယ်တော့

+

ဒီကိစ္စကို မေ့ထားလိုက်လို့ ရပြီ… ဒါပေမဲ့ နောက်ပိုင်းမှာ နင်ကငါ့ကို ဖြစ်စဉ် တစ်ခုလုံး ရှင်းပြရမယ်… အခုတော့ ရေအရင် သွားချိုးလိုက်ပါဦး… နင်က နံစော်နေတာပဲ"

"ကောင်းပြီလေ" အက်ရှ်က စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ "နင်က ငါနဲ့ ရေအတူတူ ချိုးဦးမလား"

"မချိုးဘူး… အခုအချိန်တော့ မချိုးသေးဘူး" တီလီက မကျေမချမ်းဖြင့် ညည်းတွားလိုက်သည်။

ထူးကဲစုန်းမ ထွက်ခွာသွားသည်ကို စောင့်ကြည့်နေရင်း တီလီက သူမ၏ ညာလက်ကို

+

မြှောက်ကာ ဒဏ်ရာငယ် တစ်ခုအား
စစ်ဆေးကြည့်လိုက်သည်။

သူမ၏ ညာလက်ဝါးတွင် လက်စွပ်ရှထားသော
ဒဏ်ရာတစ်ခု ရှိနေသည်။ အနာကျက်သွားပြီ
ဖြစ်သော်လည်း နာကျင်မှုက သူမ၏ မှတ်ဉာဏ်
အတွင်းတွင် အသစ်ကဲ့သို့ ဖြစ်နေသေးသည်။

ကံကောင်းစွာဖြင့် အဆိုးဝါးဆုံး အရာက
ဖြစ်မလာခဲ့ပေ။

ကြည့်ရသည်မှာ သူမက အတွေးလွန်နေဟန်
ပေါက်နေပေသည်။

+

.........

လော်ဂျာသည် ကြာရှည်စွာ အိပ်မောကျနေရာမှ နိုးလာသော အခါ သူမ၏ ခန္ဓာကိုယ် အတွင်းတွင် မယုံနိုင်အောင် သက်တောင့်သက်သာ ဖြစ်နေသည့် ခံစားချက် တစ်ခုကို ခံစားလိုက်ရသည်။ သူမသည် နွေးထွေးသော ရေပူစမ်း တစ်ခုအတွင်းတွင် စိမ်နေရသကဲ့သို့ ဖြစ်နေပြီး မူးဝေ နာကျင်ခြင်း ဝေဒနာ တစ်ခုမှ မခံစားရတော့ပေ။

ဟုတ်ပြီ၊ ငါမှတ်မိပြီ၊ နာနာပိုင်းက ငါ့ကို ဆေးလာကုပေးခဲ့တာပဲ။ ဝံပုလွေ ကောင်မလေးသည် သူမ အိပ်မပျော်မီ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့သည်ကို ရေးရေးလေး ပြန်လည်

+

အမှတ်ရလာခဲ့သည်။ နာနာသည် အသက်ပြင်းစွာ ရှူနေရင်း သူမ၏ အိပ်ခန်း အတွင်းသို့ ပြေးဝင်လာခဲ့သည်။ ချစ်စရာ ကောင်းသော ကောင်မငယ်လေးသည် ခရီးမှ ရောက်ရောက်ချင်း အနားမယူပဲ သူမထံ အမြန် လာရောက်ခဲ့ခြင်း ဖြစ်သည်။

နာနာထံမှ သူမ ပထမဆုံး ကြားခဲ့ရသော စကားမှာ "အခု ကောင်းကောင်း အိပ်လိုက်ပါ... ပြန်နိုးလာတဲ့ အချိန်ကျရင် အကုန် ကောင်းသွားပါလိမ့်မယ်" ဟူ၍ဖြစ်သည်။ ထို့အပြင် စူးစမ်း ရှာဖွေရေး အုပ်စုမှ သူမ မိတ်ဆွေများကိုလည်း တွေ့ခဲ့ရသည်ဟု မှတ်မိနေပြီး သူတို့သည် သူမ အိပ်ရာဘေး၌ စကားများစွာ ပြောခဲ့ကြသည်။

+

သို့သော်လည်း ထိုအချိန်က သူတို့ ဘာပြောခဲ့သည်ကို ပြန်လည် မှတ်မိရန် ကြိုးစားခဲ့သော အခါ သူမ၏ ဦးနှောက်က ဗလာ ဖြစ်သွားခဲ့သည်။

သူမ၏ ခန္ဓာကိုယ် အတွင်းတွင် စီးဆင်းနေသော နာနာ၏ မှော်စွမ်းအားများသည် အမတန်မှ နေ၍ ကောင်းလှသဖြင့် သူမသည် အရာအားလုံး နီးပါးကို မေ့ပျောက်သွားခဲ့လေသည်။

ဒီလိုဆိုတော့ ငါက အခုအချိန်မှာ အပြည့်အဝ နေကောင်းသွားပြီပေါ့။ ငါက နာနာကို

+

ကျေးဇူးတင်ကြောင်း ပြောရဦးမယ်။ လော်ဂျာက
တွေးလိုက်လေသည်။

မျှော်လင့် မထားပဲ သူမ၏ မျက်လုံးများကို
ဖွင့်လိုက်သော အခါ သူမ မြင်ခဲ့ရသည်မှာ
မီးခိုးရောင် ဆံပင်နှင့် လူတစ်ယောက်ပင်
ဖြစ်နေသည်။

သူမက အံ့သြ မှင်သက်စွာ ရေရွတ်လိုက်သည်။
"မဟာ... အကြီးအကဲ"

"ဟုတ်တယ်... ငါပဲ" ရိုလန်က
ခေါင်းညိတ်ပြလိုက်သည်။ "မင်းက အခု ဘယ်လို
နေသေးသလဲ"

+

"ကျွန်မက… ဘယ်လို ဖော်ပြရမှန်းတောင် မသိပါဘူး" သူမက သူမ၏ လက်ညှိုးကို ကြိုးစား၍ လှုပ်ရှားလိုက်ရာ အနည်းငယ် မပြေမပြစ် ဖြစ်နေသော်လည်း လက်ချောင်းက လှုပ်ရှားလာခဲ့သည်။ "ကျွန်မက အဆင်ပြေတယ်လို့ ထင်နေပါတယ်… ကျွန်မ အိပ်ပျော်သွားတာ ဘယ်လောက် ကြာပြီလဲ… နာနာကရော ဘယ်မှာလဲ… ပြီးတော့… အရှင်က အရှင့်လက်နဲ့ ဘာများ လုပ်နေတာလဲ…"

"အိုး… ဒါလား… ငါက သူတို့ဟာ အမတန်မှ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ထင်နေလို့ပါ… မင်းက စိတ်မရှိဘူးလို့ ငါက မျှော်လင့်ပါတယ်"

+

ရိုလန်က လော်ဂျာ၏ ဝံပုလွေ နားရွက်များကို ပွတ်သပ်နေခြင်းမှ ရပ်လိုက်ကာ သူ၏ လက်ကို ပြန်ရုပ်လိုက်သည်။ "သူတို့က ဘယ်လို အထိအတွေ့မျိုး ရှိမလဲလို့ ငါက သိချင်နေတာ... ငါသူတို့ကို ထိတွေ့တဲ့ အချိန်မှာ မင်းက... အင်း... ယားသလိုမျိုး ခံစားရသလား"

"မခံစားရပါဘူး... သူတို့က နားရွက်တွေ သက်သက်ပါပဲ" လော်ဂျာက အံ့အားသင့်သွား၍ ပြောလိုက်သည်။ "တကယ်လို့ အရှင်က ဆန္ဒရှိရင် သူတို့ကို ကိုင်နိုင်ပါတယ်... အရှင်က ဘာမှ သဘောမထားရင် ကျွန်မကလည်း ဘာမှ မဖြစ်ပါဘူး"

+

ဤ၍အထိ ပြောလိုက်အပြီးတွင် ဝံပုလွေ ကောင်မလေးသည် သူမ၏ နားရွက်ရှည်များကို ခါယမ်းလိုက်သည်။

"အခုတော့ ရပါပြီ" သူက ချောင်းနှစ်ချက် ဆိုးလိုက်ပြီးမှ ဆက်ပြောလိုက်သည်။
"မင်းအိပ်နေတာ သုံးရက် ရှိသွားပြီ... ဒါပေမဲ့ မင်းက ဒဏ်ရာ အပြင်းအထန် ရရှိထားတယ် ဆိုတော့ ဒါက ဖြစ်ရိုးဖြစ်စဥ်ပါပဲ... မင်းက ဒီလောက်ကြာကြာ မအိပ်ခဲ့ရင်လည်း ဒဏ်ရာတွေက ပြန်လည် ကောင်းမွန်လာမှာ ဖြစ်ပေမဲ့ ဒီလိုဆိုရင်တော့ အလွန်အမင်း ပင်ပန်းနွမ်းနယ်ပြီး သက်တောင့်သက်သာ ဖြစ်နေမှာ မဟုတ်ဘူး"

+

လော်ဂျာက အနည်းငယ် အံ့အားသင့်သွားသည်။
"ကျွန်မက သုံးရက်ဆက်တိုက်
အိပ်ပျော်သွားတယ်လို့ အရှင်က ဆိုလိုနေတာလား"

"ဟုတ်တယ်... တကယ်လို့ နေဝင်ဆည်းဆာက
ပေါင်းစပ်မှုကို မရပ်တန့်ခဲ့ရင် မင်းက ပိုပြီးမှတောင်
ကြာကြာ အိပ်ခဲ့ဦးမယ်" ရိုလန်က ပြုံးလိုက်သည်။
"မင်းရဲ့ ခန္ဓာကိုယ်က မင်းကို နိုးခဲ့တာ ဖြစ်ပြီး
မကြာခင်မှာ ဗိုက်ဆာလာလိမ့်မယ်"

"အိုး... ဟုတ်သားပဲ... နေဝင်ဆည်းဆာ
မိန်းကလေး... ကျွန်မက သူမနဲ့ တခြား
စုန်းမတွေကို ကျေးဇူးတင်ရဦးမယ်" ဝံပုလွေ
ကောင်မလေးက ထထိုင်ရန်

+

ကြိုးစားလိုက်သော်လည်း ရိုလန်က သူမအား အိပ်ရာပေါ်တွင် အသာ ပြန်လှဲခိုင်းလိုက်သည်။

"မလောပါနဲ့... ဒါတွေကို ဖြည်းဖြည်းလုပ်လို့ ရပါတယ်" ရိုလန်က အပြုံးတစ်ခုဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ ဒါမတိုင်ခင်မှာ ဆောင်းမဲ့မြို့တော်ရဲ့ ကိုယ်စား ငါကမင်းကို ကျေးဇူးတင်လိုနေတယ်... မင်းက အလုပ်ကောင်းကောင်း လုပ်နိုင်ခဲ့တယ်... လော်ဂျာ လောင်ကျွမ်းမီးတောက်... ဆောင်းမဲ့မြို့တော်က မင်းကို ဆုလာဘ်တွေ ချီးမြှင့်ပါလိမ့်မယ်"

## စာစဉ် ၆၂ : အပိုင်း ၄

+

# အပိုင်း ၉၁၉ : မဟာ အကြီးအကဲ၏ ကြင်နာမှုကို ပြန်လည် ပေးဆပ်ခြင်း

"အခုအချိန်မှာ ကျွန်မက မိစ္ဆာတွေကို တိုက်ခိုက်ဖို့ အရည်အချင်း ပြည့်မီတယ် ဆိုတာကို အရှင်က ဝန်ခံပြီလား" လော်ဂျာက ရုတ်တရက်ပင် လန်းဆန်း တက်ကြွလာသည်ဟု ခံစားလိုက်ရသည်။

"မင်းရဲ့ သူတို့နဲ့ တိုက်ခိုက်နိုင်တဲ့ စွမ်းရည်ကို ငါက တစ်ခါမှ မငြင်းဆန်ခဲ့ဖူးပါဘူး... အမှန်အတိုင်း ပြောရရင် ကြက်တစ်ကောင်ကိုတောင် ကောင်းစွာ မချည်နိုင်တဲ့ သာမန် အမျိုးသမီး တစ်ယောက်ကတောင် ကြမ်းတမ်းတဲ့ ဒီစစ်ပွဲမှာ

+

ပါဝင်ကြရမှာပဲ… ခံစစ်လိုင်းရဲ့ နောက်ကွယ်က
နေပြီးပေါ့"

ရိုလန်က သူ၏ ပူပန်မှုကို ထပ်၍
ပြောဆိုလိုက်သည်။ "ငါက သူတို့ကို
မင်းဘာသာမင်း တိုက်ခိုက်တာကိုပဲ
ကန့်ကွက်တာပါ… တကယ်လို့
အိပ်ပျော်နေသောကျွန်းက စုန်းမတွေက
နောက်ကျမှသာ ရောက်လာခဲ့ပြီး
နေဝင်ဆည်းဆာရဲ့ ပေါင်းစပ်မှု မျိုးစေ့ မရှိခဲ့ရင်
မင်းက အခုအချိန်မှာ အနောက်ပိုင်း ဒေသရဲ့
သင်္ချိုင်း အတွင်းမှာ မြှုပ်နှံခံရပြီး ဖြစ်နေလောက်ပြီ"

+

"တကယ်လို့ ကျွန်မက တောရိုင်းဒေသ အတွင်းကို နက်ရှိုင်းစွာ ဝင်မသွားခဲ့ရင် ဆောင်းမဲ့မြို့တော်က ရောက်လာတဲ့ မိစ္ဆာစစ်တပ် သတင်းကို ဘယ်တော့မှ ရနိုင်မှာ မဟုတ်ဘူး" လော်ဂျာက နှာပြန်မှုတ်လိုက်သည်။

"ရလဒ်ကောင်းတွေ အတွက် ငါကမင်းကို ဆုလာဘ်တွေ ပေးနိုင်ပေမဲ့ ဒီအတွက်ကြောင့် မင်းရဲ့ မှားယွင်းနေတဲ့ အပြုအမူတွေကို ဘယ်တော့မှ သဘောတူနိုင်မှာ မဟုတ်ဘူး" ရိုလန်က သူ၏ခေါင်းကို ခါလိုက်သည်။

"ဒီတစ်ခေါက် မင်းရဲ့ လုပ်ဆောင်ချက်တွေ အတွင်းမှာ ငါအပျော်ရွှင်ဆုံးက မင်းဟာ

+

တောရိုင်းဒေသမှာ ရန်သူတွေကို တစ်ယောက်တည်း တိုက်ခိုက်ခဲ့မယ့် အစား ဆောင်းမဲ့မြို့တော်ကို သတင်း ပြန်ယူလာခဲ့တာပဲ"

"မင်းကငါ့ကို ဒီမေးခွန်းပဲ ပြန်မေးခဲ့ရင်တောင် ငါ့အဖြေက အတူတူပဲ ဖြစ်နေလိမ့်မယ်... ငါကမင်းကို မိစ္ဆာတွေနဲ့ မင်းဘာသာမင်း မတိုက်ခိုက်စေလိုနေဘူး... မင်းက တစ်နေ့မှာ သေလုမျောပါး အခြေအနေမျိုးနဲ့ မြို့တော်အတွင်း ပြန်ရောက်လာမှာကို ကြိုတင် ကာကွယ်တဲ့ အနေနဲ့ ငါက ကင်းမျှော်စင်တွေကို ဒီကနေ့ကစပြီး ပိုသတိထားဖို့ မှာကြားထားမယ်"

"ဘယ်လို"

+

"ဒါက မဟာ အကြီးအကဲရဲ့ အမိန့်ဖြစ်တယ်"
ရိုလန်က အလျှော့မပေးစတမ်း ပြောလိုက်သည်။
"မင်းရဲ့ ဆုလာဘ်ကို အရင်ဆုံး ပြောကြစို့"

"အင်း…" မဟာ အကြီးအကဲ၏ မျက်နှာပေါ်မှ အကြည့်သည် သူက သူမ၏ နားရွက်ကို ကိုင်ကြည့်နေစဥ်က အချိန်ထက် များစွာပို၍ လေးနက်နေသည်ကို လော်ဂျာက တွေ့ခဲ့ရသည်။
"ကောင်းပြီလေ"

"ဆုလာဘ် အမျိုးအစား သုံးမျိုးရှိပြီး မင်းက ရွှေပြားတွေ၊ ဆေးရော့ ဖျော်ရည်တွေ ဒါမှမဟုတ်

+

မင်းအတွက် အထူးသီးသန့် ပြုလုပ်ထားတဲ့ လက်နက် ကိရိယာ တစ်စုံကို ရွေးချယ်နိုင်တယ်"

ပထမ ရွေးချယ်မှု နှစ်ခုကတော့ နားလည်ဖို့ လွယ်ကူပါတယ်၊ ဒါပေမဲ့ နောက်ဆုံး တစ်ခုက ဘာလဲ။ ဒါက ငါဝံပုလွေ ပုံစံကို ပြောင်းသွားရင် အသုံးပြုဖို့ သံလက်သည်း ဒါမှမဟုတ် သံမဏိ အစွယ်များလား။ ငါအရင် အမျက်မီးတောက် မျိုးနွယ်စုမှာ ရှိခဲ့စဉ်က ဒီလို လက်နက်မျိုးကို ပြုလုပ်ဖို့ စဉ်းစားခဲ့သေးတယ်။

ဒါပေမဲ့ ငါက မိန်းကလေး တစ်ယောက် အသွင်ကို ပြန်ပြောင်းသွား အပြီးမှာ ဒီလက်နက်တွေဟာ သယ်ဆောင်ဖို့ မလွယ်ကူပဲ ငါ့အတွက် ဝန်ထုပ်ဝန်ပိုး

+

တစ်ခုတောင် ဖြစ်လာဦးမယ်။ လော်ဂျာက သူမကိုယ် သူမ တွေးနေလေသည်။

သူမက ဤမေးခွန်းအား ရိုလန်အား မေးလိုက်သည်။

"အခု လောလောဆယ် ငါ့စိတ်ထဲမှာ လက်နက်ရဲ့ အထူးဒီဇိုင်းနဲ့ ပတ်သတ်ပြီး အကြံတစ်ခု မရှိသေးဘူး… ဒါပေမဲ့ ဒါက မင်းရဲ့ တိုက်ခိုက်နိုင်မှု စွမ်းရည်ကို အကြီးအကျယ် တိုးတက်လာစေနိုင်တဲ့ အစွမ်းထက် လက်နက်တစ်ခု ဖြစ်လာမယ် ဆိုတာကိုတော့ ပြောနိုင်ပါတယ်" ရိုလန်က ရှင်းပြလိုက်သည်။

+

"မင်းဟာ လူပုံစံ အဖြစ် ရှိနေချိန်မှာ မင်းခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုတည်းကို ဝံပုလွေပုံစံ ပြောင်းနိုင်ပြီး တိရစ္ဆာန် တစ်ဝက်ပုံစံ ရှိနေချိန်မှာ မင်းဟာ နတ်ဘုရား စီရင်ခြင်း စစ်သည်တော် တစ်ယောက်ရဲ့ စွမ်းအားတစ်ဝက် ရှိနေတယ်လို့ အက်ရှ်က ငါ့ကို ပြောခဲ့ဖူးတယ်"

"ဒီကိရိယာဟာ နတ်ဘုရား စီရင်ခြင်း စုန်းမတွေ အတွက် အထူးသီးသန့် ဖန်တီးထားတာ ဖြစ်လို့ မင်းအတွက်လည်း သင့်တော်မှာပါ"

ရိုလန်က သူမအား ပြောပြခဲ့သော လက်နက်သည် ပထမ စစ်တပ်က အိုအေစစ် အိမ်စောင့်ခွေးများကို ဖျက်ဆီးပစ်သည့် အချိန်တွင် အသုံးပြုခဲ့သော

+

အစွမ်းထက် လက်နက်ပင် ဖြစ်လေသလော။
လျှပ်စီးတွင်လည်း ထိုကဲ့သို့သော
လက်နက်တစ်လက် ရှိနေသည်ကို သူမက
အမှတ်ရလာခဲ့သည်။

ထိုလက်နက်သည် အမှန်ပင်
အစွမ်းထက်လှသော်လည်း ကိုင်ဆောင်သူ၏
စွမ်းရည် အပေါ်တွင်လည်း မူတည်နေသေးသည်။
ပို၍ အရေးကြီးသည်မှာ သူသည်
ဆောင်းမဲ့မြို့တော်တွင်သာ ထုတ်လုပ်နိုင်သည့်
အထူး 'မြား'ကို ထည့်သွင်း အသုံးပြုရသည်ကို
သူမက သိနေပေသည်။

+

ထို့အပြင် မဟာ အကြီးအကဲသည် သူမအား မြို့အပြင်သို့ သူမဘာသာ သူမ ထွက်သွားရန် ခွင့်ပြုနေခြင်း မရှိသဖြင့် ဤကဲ့သို့သော 'မြား'များကို သူမအား ဘယ်တော့မှ ပေးလိမ့်မည် မဟုတ်ဟု သူမက ယုံကြည်နေခဲ့သည်။ ဤ'မြား'များ မရှိလျှင် ဤလက်နက်သည် အိမ်တွင် အလှပြထားရုံသာ တတ်နိုင်မည် ဖြစ်ပြီး သူမအတွက် အကူအညီ များစွာ ပေးနိုင်မည် မဟုတ်ချေ။

ဘာပဲပြောပြော ထိုအရာသည် လက်နက် တစ်ခု သက်သက်သာ ဖြစ်သေးသည်။ ဤပြင်ပ အင်အားများနှင့် စာလျှင် သူမသည် သူမ၏ ကိုယ်ပိုင် သွားနှင့် လက်သည်းများ အပေါ်၌သာ ယုံကြည်မှု ပိုရှိနေလေသည်။

+

ခေတ္တမျှ စဉ်းစားခဲ့အပြီးတွင် လော်ဂျာက မေးလိုက်သည်။ "ကျွန်မက စုန်းမ သမဂ္ဂ အထဲကို ဝင်လို့ ရနိုင်မလား"

ဤရွေးချယ်မှုသည် ရိုလန်၏ မျှော်လင့်ထားမှုမှ လုံးဝ ကျော်လွန်သွားခဲ့၍ အံ့အားတကြီးဖြင့် ပြန်ဖြေလိုက်သည်။ "ရတာပေါ့... ဒါပေမဲ့ အရင်က မင်းပြောထားတာ..."

"ကျွန်မက စိတ်ပြောင်းသွားပြီ" ဝံပုလွေ ကောင်မလေးက သူမ၏ အမြီးကို ခါယမ်းလိုက်သည်။ "ရွှေပြားနဲ့ ခေးရော့ ဖျော်ရည်တွေဟာ တစ်နေ့မှာ ကုန်ခန်းသွားမှာ

+

ဖြစ်ပြီး ကျွန်မမှာ တိုက်ခိုက်နိုင်မှု စွမ်းရည်က လွဲလို့ ဘာအထူး ကျွမ်းကျင်မှုမှ မရှိနေဘူး... ဒါကြောင့်မို့ စုန်းမ သမဂ္ဂကို ဝင်တာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မ ထင်နေတယ်"

"သမဂ္ဂရဲ့ အဖွဲ့ဝင် တစ်ယောက် အနေနဲ့ ကျွန်မဟာ လစဉ်လတိုင်းမှာ ရွှေပြားနဲ့ ခေးရော့ ဖျော်ရည်တွေကို ရရှိနိုင်မယ်... မဟုတ်လား"

"အင်း... ဟုတ်တယ်"

"ဒါ့အပြင် ကျွန်မက လျှပ်စီးနဲ့ မက်ဂီတို့ကို သူတို့နဲ့ အတူ မြေရိုင်းဒေသမှာ အတူတကွ စူးစမ်းရှာဖွေဖို့ ကတိ ပေးထားသေးတယ်... သူတို့

+

နှစ်ယောက်စလုံးက စုန်းမ သမဂ္ဂရဲ့ အဖွဲ့ဝင်တွေ ဖြစ်နေတဲ့ အတွက် သူတို့နဲ့ အတူ လှုပ်ရှားဖို့ သမဂ္ဂ အတွင်းကို ဝင်မှ အဆင်ပိုပြေလိမ့်မယ်... ဒီလို အခြေအနေမျိုး အောက်မှာ အရှင်က ကျွန်မကို တောရိုင်းဒေသ အတွင်း နက်ရှိုင်းစွာ သွားရောက်မှုကို ဟန့်တားတော့မှာ မဟုတ်ဘူး... ဟုတ်တယ်မလား"

"အဟမ်း... သဘောတရား အရ မှန်ပါတယ်... ဒါပေမဲ့ မင်းက မင်းရဲ့ကိုယ်ပိုင် လုံခြုံမှုကို အရေးအကြီးဆုံး ဦးစားပေးမှု အနေနဲ့ ထားရလိမ့်ဦးမယ်"

+

"ဒီလိုဆိုတော့ ဒါက ကျွန်မ လိုချင်တဲ့ ဆုလာဘ်ပါပဲ" လော်ဂျာက ပြောလိုက်သည်။ "အရှင့်ရဲ့ ကြင်နာမှုကို အရင်က ငြင်းပယ်ခဲ့မိတာ တောင်းပန်ပါတယ်"

"အင်း... မင်းသဘောပဲလေ" ရိုလန်က သူ၏ လက်များကို ဖြန့်၍ ပခုံးတွန့်လိုက်လေသည်။

"အခုအချိန်မှာ ကျွန်မက စာချုပ်ချုပ်ဖို့ လိုနေသလား" သူမက လေးနက်သော မျက်နှာတစ်ခုဖြင့် မေးလိုက်သည်။

"ဒါပေါ့... ဝင်ဒီက မင်းကို နောက်ကျရင် အရာအားလုံး ရှင်းပြပါလိမ့်မယ်" ရိုလန်က

+

ထရပ်လိုက်သည်။ "မင်းတစ်ခုခု စားဖို့ ငါက မီးဖိုချောင်ကို သွားမှာလိုက်ဦးမယ်... အခုလောလောဆယ် ကောင်းကောင်း အနားယူလိုက်ပါဦး... နာနာနဲ့ ကျန်တဲ့ စုန်းမတွေကို ကျေးဇူးတင်ဖို့ အနာဂတ်မှာ အခွင့်အရေးတွေ အများကြီး ရှိပါတယ်"

ရိုလန် အခန်းအတွင်းမှ ထွက်ခွာသွားသည်ကို မြင်ခဲ့ရအပြီးတွင် လော်ဂျာသည် နားရွက်များကို ပြန်ကုပ်လိုက်ပြီး အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်လေသည်။

သူမတွင် ရိုလန်အား မပြောပြခဲ့သည့် လျှို့ဝှက်ချက် တစ်ခု ရှိနေသည်။

+

ထိုအရာသည် လော်ဂျာက စုန်းမ သမဂ္ဂသို့ နောက်ဆုံးတွင် ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်း၏ အဓိက အကြောင်းရင်း ဖြစ်ပေသည်။ သူမသည် ခေးရော့ ဖျော်ရည်များ၊ ရွှေပြားများ၏ ဆွဲဆောင်မှုကို ခံခဲ့ရခြင်းကြောင့် မဟုတ်ချေ။

မိုဂျင်းတစ်ယောက် အနေဖြင့် သူမသည် စကားလုံးများထက် အချက်အလက်များကို ပို၍ ယုံကြည်နေသည်။ အစကတည်းက သူမသည် မိုဂျင်း ပြည်သူများ အပေါ်မှ ရိုလန်၏ ကတိကို သံသယ ဝင်နေခဲ့ပြီး မြောက်ပိုင်း တိုင်းပြည်ထံမှ သူကောင်းမျိုး တစ်ယောက်အား ယုံကြည်ရန် ငြင်းဆန်ခဲ့သည်။

+

သူက မိုဂျင်းများကို နောက်ဆုံးတွင်
သစ္စာဖောက်ခဲ့သော အခါ သူမသည်
အမျက်မီးတောက် မျိုးနွယ်စုသို့ တစ်နေ့တွင်
ပြန်သွား၍ ရိုလန်၏ ရန်သူတစ်ယောက်
ဖြစ်လာမည်ဟု ယုံကြည်ထားခဲ့သည်။ ထို့အပြင်
သူတို့ ပထမဆုံး တွေ့ခဲ့သည့် အချိန်တွင် ရိုလန်၏
မှတ်ချက်များသည် သူမအား အမှန်ပင်
အမျက်ထွက်စေခဲ့သည်။

သူမသည် သူက မိုဂျင်း မျိုးနွယ်စု တစ်ခုမှ
နတ်ဘုရား သမီးတော် တစ်ယောက် အပေါ်တွင်
အမှန်တကယ် ဂရုစိုက်လိမ့်မည်ဟု တစ်ခါမှ
မမျှော်လင့်ဖူးခဲ့ပေ။ မိုဂျင်းများနှင့်

+

မြောက်ပိုင်းဘုရင်တို့ အကြားမှ ပဋိပက္ခများက ပြေလည်သွားပြီး ဖြစ်သော်လည်း သူ့အပေါ်မှ သူမ၏ သံသယများက ရှိနေခဲ့သေးသည်။

သို့သော်လည်း သူ့အပေါ်မှ သူမ၏ အမြင်များက စတင်၍ ပြောင်းလဲလာလေသည်။

ပေါင်းစပ်မှု အချိန်ကာလ အတွင်းတွင် စုန်းမ သမဂ္ဂသည် သူတို့က ရိုလန် ဝင်ဘာယ်ဒန်အား စာများပို့၍ အကူအညီ တောင်းခံခဲ့ပြီး ဖြစ်သဖြင့် သူမအား နာနာ၏ ကုသမှုကို မရရှိခင် အထိ အချိန် အနည်းငယ်သာ တောင့်ခံထားရန် တစ်ချိန်လုံး မှာကြားနေခဲ့သည်။

+

သို့သော်လည်း သူ၏ နယ်မြေကို ပြန်လည်
သိမ်းပိုက်ရင်း အလုပ်များနေသော မဟာ
အကြီးအကဲသည် သူမအတွက် သက်သက်နှင့်
နာနာ မိန်းကလေးကို မီးခိုးရောင် ရဲတိုက်
မြောက်ပိုင်းမှ ပြန်လည် စေလွှတ်လာလိမ့်မည်ဟု
လုံးဝ မမျှော်လင့်ထားခဲ့ပေ။

လော်ဂျာ၏ မှတ်ဉာဏ်များ အတွင်းတွင် သံမဏိ
သဲမြို့တော်မှ အဆုံးမဲ့ အငူအထိ အကွာအဝေးသည်
မယုံနိုင်အောင် ရှည်လျားလှပြီး ရိုလန်၏
တိုင်းပြည်သည် တောင်ပိုင်း အစွန်အဖျား
ဒေသထက် အဆပေါင်း များစွာ ပို၍
ကျယ်ပြန့်ပေသည်။ ထိုသို့ဆိုလျှင် နာနာ အနေဖြင့်
ဆောင်းမဲ့မြို့တော်သို့ ပြန်လာရန် အနည်းဆုံး အချိန်

+

တစ်လ၊ နှစ်လခန့် ယူရမည်ဟု သူမက ထင်နေခဲ့သည်။

သို့သော်လည်း မဟာ အကြီးအကဲသည် နာနာအား အချိန်မီ ပြန်ပို့လာခဲ့သည်။ အံ့အားသင့်စရာ ကောင်းလောက်အောင်ပင် စစ်တပ်အတွက် အမတန် အရေးပါသော ကုသသူ ဖြစ်နေသော်လည်း သူမသည် မြောက်ပိုင်းမှ ပြန်လာသော ပထမဆုံး စုန်းမတစ်ယောက် ဖြစ်နေခဲ့သည်။ ဤသို့ဖြင့် လော်ဂျာသည် ရိုလန်၏ ရိုးသားမှုကို သံသယ ဝင်ရန် ခက်ခဲလာခဲ့ပေသည်။

မက်ဂီကပင် မြောက်ပိုင်းဒေသမှ ဆောင်းမဲ့မြို့တော်သို့ ပျံသန်းရန် အချိန်သုံးရက်

+

ယူရသည်။ အကယ်၍ မဟာ အကြီးအကဲက သူမအား အမှန်အတိုင်း ပြောခဲ့လျှင် နာနာသည် မြို့အတွင်းသို့ ရောက်ရှိသည်နှင့် သူမထံသို့ လာရောက် ကယ်တင်ခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့သော ကြင်နာမှုများသည် တောင်ပိုင်း အစွန်အဖျား ဒေသမှ မည်သည့် သူရဲကောင်း အတွက်မဆို သခင်အား လိုလိုလားလားဖြင့် သစ္စာစောင့်သိရန် ကျိန်ဆိုစေခဲ့မည် ဖြစ်သည်။

လော်ဂျာအား တကယ့် အစစ်အမှန် သူရဲကောင်း တစ်ယောက်ဟု သတ်မှတ်ရန် ခက်ခဲနေသော်လည်း သူမသည် မိုဂျင်းစစ်စစ် တစ်ယောက် ဖြစ်နေခဲ့သေးသည်။

+

အချက်အလက်များနှင့် ရင်ဆိုင်ခဲ့ရသော အခါ သူမ အနေဖြင့် မဟာ အကြီးအကဲအား အဘယ်ကြောင့် မယုံကြည်နိုင်တော့မည်နည်း။

.........

ရိုလန်သည် အိပ်ခန်း အတွင်းမှ ထွက်လာခဲ့ကာ ပထမထပ်မှ ဧည့်ခန်းထံသို့ ဆင်းလာခဲ့သည်။

တံခါးဝမှ အစောင့်များသည် တံခါးကို ဖွင့်လိုက်သော အခါ ခန်းမ အတွင်းမှ လူအားလုံးတို့သည် ချက်ချင်း ထရပ်လိုက်ခဲ့ကြသည်။

+

အနောက်ပိုင်း ဒေသသို့ သူပြန်မရောက်ခင်ပင် လျှပ်စီးသည့် သူ၏ ဆင့်ခေါ်သည့် အမိန့်ကို ဆောင်းမဲ့မြို့တော်သို့ ယူလာခဲ့ပြီး ဖြစ်သည်။ သူသည် လူအပြည့် ရှိနေသည့် ခန်းမအတွင်းသို့ တည်ငြိမ်စွာ လျှောက်လှမ်းလာခဲ့ပြီး သူ့အရှေ့တွင် တန်းစီနေကြသော လူအားလုံးကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ခန်းမ အတွင်းတွင် မြို့တော်ခန်းမ ဌာနခေါင်းဆောင်များ၊ ပထမ စစ်တပ်မှ မြို့စောင့်တပ် ကွပ်ကဲသူ၊ စုန်းမ သမဂ္ဂနှင့် အိပ်ပျော်နေသော ကျိန်စာမှ ကိုယ်စားလှယ်များ၊ လောင်းဆောင်းဒေသ ဘုရင်ခံနှင့် တက်ကီလာမှ

+

အကြီးတန်း စုန်းမများ အပါအဝင် လူငါးဆယ်ကျော် ရှိနေကြကာ သူတို့ အသီးသီးတွင် မျက်နှာ အမူအရာ အမျိုးမျိုး ရှိနေကြသည်။

အချို့မှာ မသိရသော ရန်သူကြောင့် စိတ်ရှုပ်ထွေးနေကြ၍ အချို့မှာ မိစ္ဆာများ အပေါ်တွင် ဖုံးကွယ်မထားသော အမုန်းတရားများကို ဖော်ပြနေကြပြီး အများစုမှာမူ လေးနက်တည်ကြည်နေကြလေသည်။

သူတို့က ပြင်ဆင်ထားသည် ဖြစ်စေ ပြင်ဆင် မထားသည် ဖြစ်စေ စစ်ပွဲက သူတို့အနားသို့ နီးကပ်လာခဲ့လေပြီ။

+

# စာစဥ် ၆၂ : အပိုင်း ၅

## အပိုင်း ၉၂၀ : စစ်ပွဲ အစီအစဉ်

ရိုလန်က ထိုင်လိုက်အပြီးတွင် ခန်းမ အတွင်းမှ လူများက ဦးညွှတ်ကာ ထိုင်လိုက်ကြသည်။

သူ၏ ဦးဆောင်မှု အောက်တွင် သေးငယ်၍ ချောင်ကျသော နယ်စပ်မြို့လေးသည် လျင်မြန်စွာဖြင့် မဟာမြို့တော် တစ်ခု အဖြစ်သို့ တိုးတက်လာခဲ့လေပြီ။ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော လူများ၏ မျက်လုံးများ အတွင်းမှ ရိုလန်သည် သူက စိတ်ပိုင်းဆိုင်ရာ

+

မှီခိုခြင်း ခံနေရသော ခေါင်းဆောင်တစ်ယောက် ဖြစ်နေမှန်းကို ကောင်းစွာ မြင်နိုင်ခဲ့သည်။

သူသည် မူလတန်း ကျောင်းတစ်ခုတွင် ကျောင်းသားများကို စာသင်ပေးစဉ်က သို့မဟုတ် သူ၏ ဒီဇိုင်းများကို ဖောက်သည်များထံ ရှင်းပြခဲ့စဉ်ကတွင် ထိုကဲ့သို့သော ခံစားချက်များကို တစ်ခါမှ မခံစားဖူးခဲ့ပေ။ ဤအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသူ အားလုံးတို့သည် နားထောင်ရုံ သက်သက်သာ မဟုတ်ပဲ ပြင်ဆင်မှုများကိုလည်း ပြုလုပ်နေကြသည်။

+

သူတို့သည် သူ၏ အစီအစဥ်နှင့် အမိန့်များကို အကောင်အထည် ဖော်ရန် အမြဲတန်း အသင့် ရှိနေကြသည်။

သူ၏ စီမံခန့်ခွဲမှုများမှ အသီးအပွင့်များ ရရှိလာသည်ကို မြင်ခဲ့ရသော အခါ အောင်မြင်သကဲ့သို့ ခံစားချက် တစ်ခုကို ရလာခဲ့သည်။ လွန်ခဲ့သော သုံးနှစ်ခန့်က ရဲတိုက်အတွင်းတွင် လူအချို့ကသာ သူ့အား စိတ်ရောကိုယ်ပါ အလုပ်အကျွေး ပြုခဲ့ကြပြီး ဒေသခံ မျုးမတ်အားလုံးက သူ့အား ပြက်ရယ်ပြုခဲ့ကြသည်။ သို့သော်လည်း ယခုအချိန်၌ သူ့တွင် သူ့အား ကူညီရန် ကြီးကျယ်ခမ်းနားသော အဖွဲ့တစ်ဖွဲ့ ရှိနေခဲ့ပေပြီ။

+

သူက လိုရင်းကို တိုက်ရိုက် ပြောလိုက်သည်။
"ဆောင်းမဲ့မြို့တော်ဟာ ဖွံ့ဖြိုးသော နယ်မြေမှာ မိစ္ဆာတွေ အခြေချမှာကို ခွင့်မပြုနိုင်ဘူး… အထူးသဖြင့် ငါတို့ နယ်စပ်နဲ့ အမတန် နီးကပ်နေတဲ့ နေရာတစ်ခုမှာ ဖြစ်တယ်… ရန်သူတွေက ထင်မှတ်ထားတာထက် ပိုစောပြီး ရောက်လာခဲ့ပေမဲ့ ငါတို့ကလည်း လတ်တလောမှာ တိုးတက်မှုတွေ အများကြီး ပြုလုပ်နိုင်ခဲ့တယ်"

"ငါတို့ဟာ ဆုံးရှုံးခဲ့တဲ့ နယ်မြေတွေကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်လို့ အခုအချိန်မှာ မိစ္ဆာတွေကို တိုက်ခိုက်ဖို့ အာရုံစိုက်ထားနိုင်ပြီ" သူက ခဏရပ်လိုက်ကာ ဘေးပတ်ဝန်းကျင်ကို

+

အကဲခတ်လိုက်ပြီးမှ စကား တစ်လုံးချင်း ဆက်ပြောလိုက်သည်။

"ငါတို့ရဲ့ နောက်ထပ် ရည်မှန်းချက်ဟာ မိစ္ဆာတွေကို တက်ကီလာ မြို့ပျက်ကနေ မောင်းထုတ်ပစ်ဖို့ ဖြစ်ပြီး ဒီရည်မှန်းချက် ပြည့်မြောက်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားရမယ်... မင်းတို့မှာ မေးခွန်း မေးစရာ ရှိသလား"

"မရှိပါဘူး... အရှင်မင်းမြတ်"

အားလုံးတို့က တစ်ပြိုင်နက်တည်း ပြန်ဖြေလိုက်ကြလေသည်။

+

စစ်ပွဲအား ဆန့်ကျင်လေ့ရှိသည့် ဘားရော့ကပင် ဒုက္ခသည် အများစုသည် အနောက်ပိုင်း ဒေသသို့ လာခဲ့ကြခြင်းသည် အစီအစဉ်တကျ ဖြစ်နေမှု၊ စွမ်းဆောင်ရည် ရှိသော ဘုရင်ရှိနေမှုနှင့် လုံခြုံ စိတ်ချရသော ပတ်ဝန်းကျင်တို့ကြောင့် ဖြစ်မှန်းကို ကောင်းစွာ သိနေခဲ့သဖြင့် ဘာမှ မကန့်ကွက်ခဲ့ပေ။

အကယ်၍ မိစ္ဆာများသည် တက်ကီလာတွင် အခြေချခဲ့ပြီး ဆောင်းမဲ့မြို့တော်အား ဆက်တိုက် နှောင့်ယှက် ဒုက္ခပေးနေပါက လူအများစုသည် ကြောက်ရွံ့ တုန်လှုပ်ကုန်ကြကာ မြို့တော်မှပင် ထွက်ပြေးသွားနိုင်သည်။ လုံလောက်သော လူဦးရေ မရှိလျှင် မြို့တော်ခန်းမသည် ဆောင်းမဲ့မြို့တော်၏ တိုးတက်မှုကို ဆက်လက် ထိန်းသိမ်းနိုင်တော့မည် မဟုတ်ချေ။

+

သူသည် ဤသင်ခန်းစာအား အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသတို့၏ ကျဆင်းမှုမှနေ၍ သင်ခန်းစာ ရရှိခဲ့ခြင်း ဖြစ်ပေသည်။

"ဒီလိုဆိုတော့ အခု အချိန်မှာ စစ်ပွဲ အစီအစဉ်ကို ဆွေးနွေးကြတာပေါ့… ဌာနတိုင်းက သူတို့ရဲ့ အကြံဉာဏ်ကို ဝေမျှနိုင်တယ်"

"အရှင်မင်းမြတ်… ကျွန်တော်ကတော့ မြို့မြောက်ပိုင်းက စက်ရုံတွေကို တတ်နိုင်သမျှ အမြန်ဆုံး နေရာ ရွှေ့ပြောင်းပေးဖို့ ထိပ်ဆုံး ဦးစားပေးရမယ်လို့ ယူဆနေပါတယ်" ဘားရော့က ပထမဆုံး ထရပ်ကာ ပြောလိုက်လေသည်။

+

"မိစ္ဆာတွေရဲ့ ကျူးကျော်မှုနဲ့ ရင်ဆိုင်ရရင်
မြို့ရိုးပြင်ပက လူတွေဟာ ထိခိုက်ဖို့ အလွယ်ဆုံး
သူတွေ ဖြစ်ကြပါတယ်… ကျွန်တော်တို့က
လူတွေကို ကာကွယ်ဖို့ မြို့ရိုးအသစ်ကို
တည်ဆောက် ပြီးစီးသွားရင်တောင် သိုးအုပ်
နွားအုပ်တွေက မြောက်ပိုင်းမှာ ကျွန်တော်တို့
တပ်ဖွဲ့တွေရဲ့ တပ်ဖြန့်မှုကို နှောင့်နှေးစေနိုင်တယ်…
မြို့တစ်မြို့လုံးက အတင်းကျပ်ဆုံး မာရှယ်လော
အတွင်းမှာ ကျရောက်သွားခဲ့စဉ်ကလိုပေါ့"

သူက ခေတ္တမျှ ရပ်နားလိုက်ပြီးမှ ဝင်ဒီအား
မျက်စောင်းထိုးကြည့်လိုက်သည်။
"သတိပေးချက်ကြောင့် မြို့ရိုးတွေကို ပိတ်ထားရပြီး

+

ဂျုံစေ့တွေနဲ့ သစ်တော ထွက်ကုန်တွေကို
သယ်ယူပို့ဆောင်မှုတွေ ရပ်တန့်သွားတယ်... ဒါပေမဲ့
ကံကောင်းစွာနဲ့ မြို့တော်ခန်းမဟာ ထိခိုက်မှုတွေကို
တတ်နိုင်သမျှ အနည်းဆုံး ဖြစ်အောင်
ဆောင်ရွက်နိုင်ခဲ့တယ်"

ရိုလန်က ဤအကြောင်းကို ယခင် တင်ပြမှုများထံမှ
သိရှိခဲ့ပြီး ဖြစ်သော်လည်း ဘားရော့၏ ထပ်ပြောမှုကို
ကြားခဲ့ရသည့် အခါ မအောင့်နိုင်ပဲ ဝင်ဒီအား
လှမ်းကြည့်မိရာ အံ့အားသင့်ဖွယ်
ကောင်းလောက်အောင် သူမက တည်ငြိမ်
အေးချမ်းစွာ ရှိနေသည်ကို တွေ့လိုက်ရသည်။
သူမသည် တာဝန် အပြည့်အဝ ယူပေးမည်ဟု
ပြောခဲ့သည်မှာ တကယ် ဆိုလိုနေခြင်း ဖြစ်မည်ဟု
သူက တွေးမိလိုက်သည်။

+

"မြောက်ပိုင်းက အရာအားလုံးကိုတော့ ရွှေ့ပြောင်းလို့ ရမှာ မဟုတ်ဘူး... ငါတို့က ဂျုံစေ့တွေ၊ မှိုတွေနဲ့ တခြား အရင်းအမြစ်တွေကို မြစ်နီမြစ်ကနေ တဆင့် မြို့တွင်းကို သယ်ယူ ပို့ဆောင်နိုင်တယ်... ဒါပေမဲ့ မြောက်ပိုင်း သတ္တုတွင်းကိုတော့ တခြားနေရာကို ရွှေ့လို့ရမှာ မဟုတ်ဘူး... ဒါ့အပြင် မီးဖိုဒေသကို ပြန်လည် တည်ဆောက်ရင် အကုန်အကျ အရမ်း များသွားလိမ့်မယ်"

ရိုလန်က ခေတ္တမျှ စဉ်းစားခဲ့အပြီးတွင် ဆုံးဖြတ်ချက် ချလိုက်သည်။ "နတ်ဆိုးသားရဲတွေ တိုက်ခိုက်လာတဲ့ အချိန်မှာ ပြန်လည်

+

တိုက်ခိုက်နိုင်စွမ်း ရှိအောင် ငါတို့က သတ္တုတွင်း ဒေသမှာ ကင်းပိုချထားရမယ်… သတိပေးချက် အနေနဲ့ ငါက ပြန်လည် သုံးသပ်ရဦးမယ်"

"မြို့က မာရှယ်လောအောက်ကို ရောက်သွားတဲ့ အချိန်မှာ လမ်းနဲ့ ဈေးထဲက လူတွေကို အိမ်ပြန်ခိုင်းရမှာ ဖြစ်ပေမဲ့ စက်ရုံတွေ အားလုံးကတော့ ဒီကနေ့ကစပြီး ငါ့အမိန့်အသစ် တစ်ခု မပေးမချင်း ဆက်လက် လုပ်ကိုင်နေရမှာ ဖြစ်တယ်"

"ကျွန်တော် သိပါပြီ… ကျွန်တော်က နေရာ ရွှေ့ပြောင်းလို့ ရနိုင်တဲ့ ပစ္စည်းနဲ့ စက်ရုံစာရင်း တစ်ခုကို ပြုလုပ်ပြီး အရှင့်ထံ ပြန်လည်

+

တင်ပြပါမယ်" ရိုလန်သည် ဝင်ဒီအပေါ်၌ အပြစ်တင်လိုစိတ် မရှိနေသည်ကို မြင်ခဲ့ရအပြီးတွင် ဘားရော့၏ လေသံက ချက်ချင်း ပြောင်းသွားခဲ့သည်။

"သြော်... ဒါနဲ့... ကျေးဇူးပြုပြီးမှ နယ်မြေ အသုံးပြုမှု စီမံကိန်းကို မင်းရဲ့ တင်ပြချက် အတွင်းမှာ ထည့်သွင်းလိုက်ပါ" ရိုလန်က သူ့အနောက်မှ မြေပုံအား လက်ဖြင့် ခေါက်နေရင်း ပြောလိုက်သည်။

"အခုအချိန်မှာ မဟာ နှင်းတောင်တန်းက ခြိမ်းခြောက်မှုကို ဖြေရှင်းပြီးသွားပြီ ဖြစ်လို့ အနောက်ပိုင်းက နယ်မြေတွေ အားလုံးကို အသုံးပြုနိုင်ပြီ... သစ်ရွက်ကလေးရဲ့ အကူအညီနဲ့

+

မြူခိုးငွေ့ တောအုပ်ဟာ ငါတို့ရဲ့ တောင်ပိုင်းကို အကာအကွယ် ပေးမယ့် သဘာဝ အရံအတား တစ်ခုအဖြစ် ဆောင်ရွက်နိုင်တယ်"

မြေပုံပေါ်တွင် မြေရိုင်းဒေသအား ဘယ်ဘက်မှ နေ၍ ညာဘက်သို့ မြူခိုးငွေ့ တောအုပ်၊ ဆောင်းမဲ့မြို့တော် မြက်ခင်းလွင်ပြင်နှင့် ဖြတ်သန်း၍ မရနိုင်သော တောင်တန်းဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားထားသည်။

မြူခိုးငွေ့ တောအုပ်သည် ပြောင်းပြန်လှန်ထားသော တြိဂံတစ်ခုနှင့် တူနေပြီး မြေရိုင်းဒေသ၏ တစ်ဝက်နီးပါးကို နေရာယူထားကာ သူ၏ ထိပ်ဖျားက အနောက်ပိုင်း ဒေသ၏ နှင်းတောင်တန်း အပေါ်တွင် ကျရောက်နေသည်။

+

နှင်းတောင်ပေါ်တွင် အစပြု၍ ဆောင်းမဲ့မြို့တော်၏ နယ်စပ်ဒေသ တစ်လျှောက် ဖြတ်သန်း စီးဆင်းသွားသော မြစ်နီမြစ်အား တြိဂံ၏ အနားတစ်ဖက် အဖြစ် သတ်မှတ်နိုင်ကာ နောက်ထပ် အနားတစ်ဖက်သည် ထိပ်ဖျားမှ အစပြု၍ မြောက်ပိုင်းရှိ နဂါးကျောရိုး တောင်တန်းသို့ ဦးတည်သွားပြီး ဤတြိဂံသည် မြို့တော်၏ ရောမ ကြားခံနယ်မြေ တစ်ခု ဖြစ်နေခဲ့သည်။

လက်ရှိအချိန်တွင် သစ်ရွက်ကလေးသည် မြစ်နီမြစ် အနောက်ပိုင်း ဒေသ တစ်ခုလုံးကို လွှမ်းခြုံထားနိုင်သဖြင့် ကွန်ကရစ် သဘော်

+

အုပ်စုများကို ကျောက်မီးသွေးနှင့် သစ်တော ထွက်ကုန်များကို မြို့အတွင်းသို့ လုံခြုံစွာ သယ်ယူ ပို့ဆောင်စေနိုင်သည်။

ဤအခြေအနေကို ကောင်းစွာ သဘောပေါက်နေသဖြင့် ဘားရော့က ရိုလန်၏ တောင်းဆိုချက်အား လွယ်လင့်တကူ လက်ခံလိုက်သည်။ "မှန်လှပါ... အရှင်မင်းမြတ်"

"အရှင်မင်းမြတ်... ကျွန်မကတော့ ကျွန်မတို့ဟာ ပြည်သူလူထုကို မိစ္ဆာတွေရဲ့ မူလရင်းမြစ်ကို တတ်နိုင်သမျှ အမြန်ဆုံး ပြောပြရမယ်လို့ ယူဆနေပါတယ်" ဝင်ဒီက ပြောလိုက်သည်။ "မဟုတ်ရင် ကျွန်မတို့ လူထုဟာ သူတို့ကို

+

ရုတ်တရက် တွေ့လိုက်ရရင် အလွယ်တကူ တုန်လှုပ်ချောက်ချားသွားကြပါလိမ့်မယ်"

"အရှင် ပြောနေကျ အတိုင်း ဝါဒဖြန့်မှု အလုပ်ဟာ စီမံခန့်ခွဲရေးမှာ အရေးပါတဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်ပြီး တကယ်လို့ ကျွန်မတို့က လူထုရဲ့ အမြင်ကို ထိန်းမချုပ်နိုင်ခဲ့ရင် မကောင်းတဲ့ ရည်ရွယ်ချက် ရှိတဲ့ လူအချို့ဟာ လူအများရဲ့ ကြောက်ရွံ့မှုတွေကို အခွင့်ကောင်း ယူနိုင်ခြေ ရှိနေပါတယ်"

"ကျွန်မကလည်း သဘောတူတယ်" အလင်းတန်းလိုက်ကာပေါ်တွင် ပေါ်လာသော အယ်လီသီယာက ထပ်ပြောလိုက်သည်။ "သာမန်လူတွေဟာ စွမ်းဆောင်ရည် အကန့်အသတ် ရှိပေမဲ့

+

စုပေါင်းလိုက်ရင် သူတို့ဟာ အသိအမှတ် ပြုဖို့ ထိုက်တန်တဲ့ စွမ်းအားတစ်ခုကို ရရှိနိုင်တယ်"

"ကြောက်ရွံ့မှု ဆိုတာက ကျာပွတ် တစ်ချောင်းနဲ့ တူတယ်… အချိန် အများစုမှာ သူက ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ဖြစ်နေပေမဲ့ သင့်တော်စွာ ကိုင်တွယ်နိုင်လို့ ရှိရင် သူ့ကို မောင်းနှင်အား တစ်ခုအဖြစ် အသုံးချလို့ ရနိုင်တယ်"

မိစ္ဆာများ၏ စောစီးစွာ ပေါ်ပေါက်လာမှုသည် ရိုလန်၏ မီးခိုးရောင် ရဲတိုက်အား စုစည်း၍ နန်းတက်ပွဲ အပြီးမှ ပြုလုပ်မည်ဟု ကြံရွယ်ထားသော ဝါဒဖြန့်ရန် အစီအစဉ်ကို အနှောင့်အယှက် ပြုခဲ့သည်။ သို့ဖြစ်၍ သူက

+

ဤပြသနာကို ဘားရော့ထံသို့သာ လွှဲအပ်ရန် ဆုံးဖြတ်လိုက်သည်။

"မင်းက ဝါဒဖြန့်မှု အကြောင်းအရာနဲ့ အစီအစဉ်တွေကို ကိုယ်တိုင် ရေးဆွဲနိုင်တယ်… မိစ္ဆာတွေဟာ လူသား မျိုးနွယ်စု တစ်ခုလုံးရဲ့ ရန်သူတွေ ဖြစ်တယ် ဆိုတာနဲ့ ငါတို့ဟာ သေတဲ့အထိ သူတို့ကို တိုက်ခိုက်သွားရမယ် ဆိုတာကို တိုင်းသူပြည်သားတွေ အားလုံးသိအောင် လုပ်လိုက်ပါ"

"တစ်ချိန်တည်းမှာ မင်းအနေနဲ့ မိစ္ဆာတွေက ဘယ်လောက်အထိ ကြောက်မက်ဖွယ် ပုံစံ ပေါက်နေပေမဲ့ သေနတ်တွေ အမြောက်တွေနဲ့

+

ရင်ဆိုင်ရတဲ့ အချိန်မှာ မိစ္ဆာသားရဲတွေနဲ့ ဘာမှ မခြားဘူး ဆိုတာကို အသားပေးပြီး ပြောရလိမ့်မယ်"

"ကောလာဟာလ ဖြန့်သူနဲ့ ပြဿနာ ရှာသူတွေ အနေနဲ့ကတော့" ရိုလန်က နှာခေါင်းရှုံ့လိုက်ကာ ရဲအကြီးအကဲ နှစ်ယောက်ဖြစ်သော ဗာဒါနှင့် ရီနီ မက်ဒီတို့အား ကြည့်လိုက်သည်။ "သူတို့ကို ဘယ်လိုလုပ်ပါလို့ ငါက မင်းတို့ကို ပြောနေစရာ လိုမယ် မထင်ဘူး"

သူတို့နှစ်ယောက်က အလောတကြီးဖြင့် ခေါင်းညိတ်လိုက်ကြသည်။ "ဒါပေါ့... အရှင်မင်းမြတ်"

+

ဆောင်းမဲ့မြို့တော်သည် စစ်ပွဲ အစီအစဉ်နှင့် သက်ဆိုင်ရာ မူဝါဒများ အကြောင်းကို ဆွေးနွေးပြီးသွားသော အခါ ပါရှာက အားလုံးတို့ အစိုးရိမ်နေကြဆုံး ဖြစ်သည့် မေးခွန်းတစ်ခုကို မေးလိုက်လေသည်။ "အရှင်က တက်ကီလာ မြို့ပျက်အနီးက မိစ္ဆာတွေကို တိုက်ခိုက်ဖို့ ဘယ်လို စီစဉ်ထားပါသလဲ"

"အလုံခြုံဆုံး နည်းလမ်းက သူ့အနားမှာ အမြောက်တွေကို တပ်ဆင်ပြီးမှ မိစ္ဆာတွေရဲ့ အနီးရောင် မြူခိုးငွေ့ ထောက်ပံ့ရေး ကိရိယာတွေကို ဖျက်ဆီးပစ်ဖို့ပဲ" ရိုလန်က မြေပုံပေါ်တွင် သူ၏ လက်ချောင်းများဖြင့် အကြမ်းဖျင်း တိုင်းတာပြီးမှ ပြောလိုက်သည်။

+

"အခုအချိန်မှာ ငါတို့ရဲ့
လောင်းဆောင်းအမြောက်တွေက ဆယ်ကီလိုမီတာ
အဝေးက ပစ်မှတ်တွေကို ပစ်ခတ်နိုင်စွမ်း ရှိပြီမို့
အနည်းငယ် ချိန်ညှိလိုက်ပြီးရင် ပိုပြီးမှ ဝေးဝေး
ပစ်နိုင်လိမ့်မယ်... အနီရောင် မြူခိုးငွေ့တွေ မရှိရင်
မြို့ပျက်အတွင်းက မိစ္ဆာတွေက လျင်မြန်စွာ
သေဆုံးသွားလိမ့်မယ်"

ရိုလန်သည် သူ၏ လက်နက်များ အကြောင်းကို
ကြွားဝါ ပြောဆိုနေခြင်း မရှိပေ။ စစ်ဆင်ရေး
လွယ်ကူစေရန်နှင့် သယ်ယူ ပို့ဆောင်နိုင်မှု
အကန့်အသတ်တို့ကြောင့် သူသည် ပထမမျိုးဆက်

+

လောင်းဆောင်းအမြောက်များတွင် ၁၅၂ မမ ပြောင်းများကို တပ်ဆင်ထားခြင်း မရှိခဲ့ပေ။

သို့ဖြစ်၍ သူတို့သည် အမြောက်ပြောင်း ၁၅၂ မီလီမီတာ ရှိနေသော စံပြ အမြောက်များနှင့် အချက်များစွာ မတူညီနိုင်ပေ။ သို့သော်လည်း သူသည် သူတို့၏ အမြောက်ပြောင်းများကို ပိုကြီးအောင် လုပ်ပြီးမှ ပုံသေ ခဲယမ်း မီးကျောက်များ အစား သီးသန့် ခဲယမ်းမီးကျောက်များကို အသုံးပြု၍ လျင်မြန်စွာ ပြောင်းလဲ၍ ရနိုင်သည်။

ဤသို့ဖြင့် အမြောက်များ၏ အခြား အစိတ်အပိုင်းများက ပြောင်းလဲခြင်း မရှိသော်လည်း

+

သူတို့၏ ပစ်ခတ်နိုင်မှု အကွာအဝေးများသည် သိသိသာသာ တိုးတက်လာပေလိမ့်မည်။

"နားလည်ပါပြီ… အရှင်မင်းမြတ်… တက်ကီလာ စုန်းမတွေကလည်း အရှင့်အတွက် ဒီတိုက်ပွဲကို တိုက်ခိုက်ပေးဖို့ ဆန္ဒ ရှိနေပါတယ်"

တက်ကီလာမှ အသက်ရှင် ကျန်ရစ်သူများသည် နတ်ဘုရားဆန္ဒ စစ်ပွဲတွင် အခက်ထန်ဆုံး သူများ ဖြစ်ကြသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ သူတို့သည် မိစ္ဆာများနှင့် တိုက်ခိုက်ရာတွင် မည်သို့မှ တွေဝေနေခြင်း မရှိပဲ ရှေ့မှ ဦးဆောင်ကြမည် ဖြစ်သည်။

+

"ဒါပေမဲ့ ငါက ဒီအစီအစဥ်ကို အကောင်အထည် မဖော်ခင် အဓိက ပြဿနာ အချို့ကို ဖြေရှင်းဖို့ လိုအပ်နေသေးတယ်" ရိုလန်က သူ၏ခေါင်းကို ခါလိုက်သည်။ "လုံလောက်တဲ့ ပြင်ဆင်မှု မရှိပဲ ငါတို့ဟာ မိစ္ဆာတွေရဲ့ တိုက်ခိုက်မှုနဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ ခိုင်မာစွာ ခြေကုပ်ယူနိုင်ဖို့ ခက်ခဲနေတယ်"

သူက သူ၏လက်ကို ရုပ်သိမ်းလိုက်ကာ သူ့လက်ချောင်းအား မြောက်ပိုင်း သတ္တုတွင်း နေရာထံသို့ ပြောင်းလိုက်သည်။ "ပထမဆုံး ကိစ္စက သယ်ယူပို့ဆောင်ရေး ပြဿနာကို ဘယ်လို ဖြေရှင်းရမလဲ ဆိုတာပဲ ဖြစ်တယ်"

## စာစဥ် ၆၂ : အပိုင်း ၆

+

# အပိုင်း ၉၂၁ : မီးရထားဖြင့် သယ်ယူပို့ဆောင်သောခေတ် (၁)

ဆောင်းမဲ့မြို့တော်မှ မြောက်ပိုင်း သတ္တုတွင်း အတွင်းတွင် မဟာ အခမ်းအနား တစ်ခုကို မြင်တွေ့ရတော့မည် ဖြစ်သည်။

သတ္တုရိုင်း သိုလှောင်သည့် ခြံဝင်းနှင့် မီးဖိုဒေသအား မီးရထားလမ်း အသစ် တစ်ခုဖြင့် ဆက်သွယ်ထားပြီး ဖြစ်လေသည်။

သတ္တုတွင်း အတွင်းမှ သံများဖြင့် ကွပ်ထားသော သစ်သားသံလမ်းများနှင့် မတူပဲ ဤမီးရထား

+

သံလမ်း အသစ်သည် ပို၍ ကျယ်ကာ လေးလံသော ကုန်စည်ဝန်များကို ခံနိုင်စွမ်း ရှိနေသည်။ သူ့အား သန့်စင်သော သံမဏိဖြင့် ပြုလုပ်ထားကာ အမတန်မှ လေးလံသည်ဟု ထင်နေရသည်။

သူ့အား တည်ဆောက်ရန် အသုံးပြုခဲ့သော သံမဏိ ပမာဏသည် သာမန် နိုက်သူရဲကောင်း တပ်ဖွဲ့ တစ်ဖွဲ့ အတွက် ချပ်ဝတ်တန်ဆာနှင့် ဓားများ ပြုလုပ်ရန် လုံလောက်နေသော်လည်း ယခုအချိန်တွင် မြေပေါ်တွင် ဒီအတိုင်းထားကာ မိုးထဲ လေထဲတွင် ပစ်ထားခြင်းခံခဲ့ရသည်။

ဤခေတ်မှ မည်သည့် သခင်မဆို ဤတည်ဆောက်မှုအား သံများ အကြီးအကျယ်

+

ဖြုန်းတီးမှုဟု သတ်မှတ်ကြကာ အသုံးအဖြုန်း ကြီးသူမှသာ သတ္တုများကို ဤကဲ့သို့ ပစ်ထားလိမ့်မည်ဟု ယုံကြည်နေကြပေလိမ့်မည်။

ရိုလန်က အစည်းအဝေးမှ လူများကို သတ္တုရိုင်း သိုလှောင်သည့် ခြံဝင်းသို့ ခေါ်ဆောင်လာခဲ့သော အချိန်တွင် မြို့တော်ခန်းမရှိ ဌာနတိုင်းက ဤစီမံကိန်း အသေးစိတ်ကို မသိထားကြသဖြင့် ရထားသံလမ်းကြောင့် အံ့အားသင့်သွားကြသော အရာရှိ အများစုက ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

လောင်းဆောင်းဒေသမှ အရာရှိများကမူ ထိုသံလမ်းအား မျက်လုံးများပြူး၍ ကြည့်နေရင်း

+

ပါးစပ်အပေါင်းသား ဖြစ်နေကြလေသည်။
ထိုအရာအား မည်သည့်အတွက် အသုံးပြုသည်ကို
မသိကြသော်လည်း သူ၏ ကြီးကျယ် ခမ်းနားသော
အရွယ်အစားနှင့် စွမ်းအား အရှိန်အဝါတို့က
အားလုံးကို အထင်ကြီးစေခဲ့သည်။

ပြီးခဲ့သော နှစ်များ အတွင်းတွင် သူတို့အား
အကြီးအကျယ် အံ့အားသင့်အောင်
အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့သော ဘုရင်သည်
လက်ဖွာသူ တစ်ယောက် ဖြစ်မှန်းကို သူတို့က
သိနေကြပြီး ဖြစ်သော်လည်း သူတို့ အနေဖြင့်
ထိတ်လန့်တုန်လှုပ်မှုမှ ပြန်လည် သက်သာလာရန်
ခက်ခဲနေဆဲ ရှိနေသေးသည်။

+

သူတို့၏ မျက်လုံးများ အတွင်းတွင် သန့်စင်ပြီး သံမဏိချောင်းများကို မြေပေါ်တွင် ချထားခြင်းမှာ ရွှေပြားများကို အသုံးပြု၍ လမ်းခင်းခြင်းနှင့် ဘာမှ မကွာခြားနေပေ။

ထိုအရာများသည် မည်သည့်မြို့တွင် မဆို မြင့်မားသော ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့် သန့်စင်ပြီး သံမဏိများ ဖြစ်ကြပေသည်။

သို့သော်လည်း ဆောင်းမဲ့မြို့တော် အနေဖြင့် ဤကဲ့သို့သော ရထားသံလမ်း တစ်ခုအား တည်ဆောက်ရန် တတ်နိုင်နေပေသည်။

+

သံရည်ကျိုသော လောင်ကျွမ်းမီးဖိုနှင့် သံမဏိ ပြုလုပ်သော ကွန်ဗာတာတို့ ပြီးဆုံးခဲ့ပြီးချိန်မှ စ၍ ဆောင်းမဲ့မြို့တော်၏ စက်မှု အခြေခံ အုတ်မြစ်သည့် စုန်းမများ၏ စွမ်းအားများ အပေါ်တွင် ကြီးမားစွာ မှီခိုနေခြင်း မရှိတော့ပေ။

ကွန်ဗာတာသည် ပထမ အဆင့်တွင် သံများကို အပူပေး၍ အရည်ကျိုနိုင်ရန် အန်နာအား လိုအပ်နေသေးသော်လည်း "ကြယ်သံမဏိ"ထက် များစွာပို၍ အဆင့်မြင့်သွားခဲ့ပေပြီ။ သူ့အား ဤခေတ်တွင် အံ့ဖွယ်တစ်ခုဟူ၍ပင် ခေါ်နိုင်ပေသည်။

+

မြောက်ပိုင်း သတ္တုတွင်းမှ အရည်ကျို
စက်ရုံကလည်း ဆောက်လုပ်ရေး ဌာန၏
လုံ့လများကြောင့် များစွာပို၍ အဆင့်မြင့်သွားခဲ့ပြီ
ဖြစ်သည်။ ကြာပန်း၏ အကူအညီဖြင့် သူတို့သည်
ရဲတင်းစွာဖြင့် သတ္တုတွင်း၏ မျက်နှာကြက်ကိုပင်
ဖောက်ခွဲပစ်ခဲ့သည်။

ဤသို့ဖြင့် သူတို့သည် သတ္တုတွင်း နေရာအား ရောမ
အမိုးပွင့် တွင်းကြီးတစ်ခု အဖြစ် ပြုလုပ်ခဲ့ပြီး
အများစုမှာ သံရိုင်း သတ္တုတွင်းများ ဖြစ်ကြသည်။

ဆောင်းမဲ့မြို့တော်၏ သံမဏိ စက်ရုံသည်
ယမန်နှစ်က အဆင့်သစ် တစ်ခုသို့
တက်လှမ်းနိုင်ခဲ့ပြီး မီးခိုးရောင် ရဲတိုက်တွင် သူ၏

+

လစဉ် သံမဏိ ထုတ်လုပ်မှုသည် အခြား မြို့များ
အားလုံး ပူးပေါင်းထားသည်ထက် ပို၍
များပြားပေသည်။

ဤရလဒ်မှာ ရိုလန်၏ မျှော်လင့်ချက် အတွင်းတွင်
ရှိနေသေးပြီး ခေတ်ပေါ် စက်ရုံများသည်
ပန်းပဲဆရာများထက် များစွာပို၍ စွမ်းဆောင်ရည်
ကောင်းနေသည်ကို သူက သိနေခဲ့သည်။
မဟုတ်လျှင် သူသည် ဤစက်မှု ကိရိယာများကို
အချိန်ကုန် လူပန်းခံ၍ တည်ဆောက်ခဲ့မည်
မဟုတ်ချေ။

ဤနေရာမှ ရထားသံလမ်း အနေဖြင့် သူသည်
သတ္တုတွင်း နေရာ၊ အရည်ကျိုသည့် နေရာနှင့်

+

ဆိပ်ကမ်းတို့ကို ဆက်သွယ်သည့် စမ်းသပ်မှု၏ အစိတ်အပိုင်း တစ်ခုသာ ရှိနေသေးသည်။

ကျဉ်းမြောင်းသော သံလမ်းသည် အသုံးပြုရသော ပစ္စည်းနှင့် သယ်ဆောင်နိုင်မှု စွမ်းရည်တို့တွင် ကျယ်ပြန့်သော သံလမ်းနှင့် ကွာခြားနေခြင်း မရှိသဖြင့် သူသည် သံလမ်းအကျယ်ကို ၁.၅ မီတာအဖြစ် စံနှုန်း သတ်မှတ်ထားသည်။

ဤနံပါတ်သည် မှတ်မိရန် လွယ်ကူပြီး ဤအကျယ် သံလမ်းများ အတွက် အောက်ခြေများကို တည်ဆောက်မှုသည် ကြာပန်း၏ စွမ်းရည် အကန့်အသတ် အတွင်းတွင်သာ ရှိနေသေးသည်။ အောက်ခံ သစ်သားများကို သစ်လုံးများထံမှ

+

ဖြုတ်တောက်ခဲ့ပြီး အောကခံ ကျောက်စရစ်ခဲများကို သတ္တုတွင်း ပြန်လည် တည်ဆောက်မှုမှ ရရှိခဲ့သော ကျောက်အစအနများကို အသုံးပြုခဲ့ရာ ဤရထားသံလမ်းသည် ခေတ်ပေါ်ကာလမှ ရထားသံလမ်း တစ်ခုနှင့် တကယ်ပင် တူနေပေသည်။

သို့သော်လည်း ဤစီမံကိန်းတွင် မည်သည့်စက်ရုံမှာ ပါဝင်သေးခြင်း မရှိခဲ့သဖြင့် ဤအရာသည် တစ်ဝက်တစ်ပျက်သာ ပြီးသေးသော စီမံကိန်း တစ်ခု ဖြစ်နေသေးသည်။ အန်နာသည် သူမ၏ အနက်ရောင် မီးတောက်များကိုသာ အသုံးပြု၍ ရထားသံလမ်းကို စမ်းသပ် တည်ဆောက်ခဲ့ခြင်းပင် ဖြစ်ပြီး မီးခိုးရောင် ရဲတိုက်ကို တညီတညွတ်တည်း ဖြစ်အောင် ပြုလုပ်သည့် စစ်ပွဲ စတင်ခဲ့ပြီးနောက်

+

ရထားသံလမ်း ဒုတိယ တစ်ဝက်တည်ဆောက်မှုကို ယာယီ ရပ်ဆိုင်းထားရလေသည်။

အရာရှိတို့၏ သိလိုစိတ်များကို ဖြည့်ဆည်းပေးရန် ရိုလန်သည် ရထားသံလမ်း၏ အဆုံးမှ တစ်စုံတစ်ရာ၏ အပေါ်တွင် လွှမ်းခြုံထားသည့် ဖျင်စကို ဖယ်ရှားခိုင်းလိုက်သည်။ ဖုန်တက်နေ၍ သစ်ရွက်ကြွေများဖြင့် ဖုံးလွှမ်းနေသည့် ဖျင်စကို ဖယ်ရှားခဲ့အပြီးတွင် လူအများသည် သူတို့အရှေ့တွင် ပေါ်လာသော အနက်ရောင် သံမဏိ ယာဥ်တစ်စီးအား တွေ့လိုက်ရလေသည်။

"အရှင်မင်းမြတ်... ဒါက... ရေနွေးငွေ့ ရထားလုံး တစ်ခုလား" လောင်းဆောင်းဒေသ၏ ဘုရင်ခံ

+

ဖြစ်သော ပီးထရော့က အံ့အားတကြီးဖြင့်
ထစ်ငေါ့စွာ မေးလိုက်လေသည်။

ပီးထရော့၏ အတွေးအား ရိုလန်က
အံ့အားသင့်နေခြင်း မရှိခဲ့ပေ။
ဆောင်းမဲ့မြို့တော်တွင် ရေနွေးငွေ့ အင်ဂျင်များ
ပို၍ပို၍ အသုံးပြုလာခဲ့သည်နှင့် အရာရှိများသည်
ဝန်ကြီးသောလည်း အစွမ်းထက်သော
ဤစက်များနှင့် ပို၍ ရင်းနှီး ကျွမ်းဝင်လာခဲ့ပြီး
သူတို့ကို လယ်မြေများကို ရေသွင်းခြင်း၊
ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ ပြုလုပ်ခြင်း
အစရှိသည့် လုပ်ငန်းများတွင်ပင်
အသုံးပြုခဲ့ကြသည်။

+

သို့ဖြစ်၍ သူတို့သည် စည်ပုံစံ ရှိနေပြီး ယာဥ်၏
အဓိက အစိတ်အပိုင်း အဖြစ် သံဖရိန်
တစ်ခုအတွင်းတွင် ထည့်သွင်း
တည်ဆောက်ထားသော ရေနွေးငွေ့ အင်ဂျင်ကို
ချက်ချင်း သိရှိနိုင်ခဲ့သည်။

အစတွင် ရေနွေးငွေ့ အင်ဂျင်နှင့် အပိုပစ္စည်းများကို
ထုတ်လုပ်သော စက်ရုံများသည် ရိုလန်ထံမှ
မှာကြားမှုများကိုသာ ဆောင်ရွက်နိုင်သော်လည်း
ယခုအချိန်၌ မြို့တော်ခန်းမမှ အမှာစာ
အချို့ကိုလည်း ပေးပို့နိုင်ခဲ့ပြီ ဖြစ်သည်။

မြို့တော်ခန်းမမှ အမှာစာများသည် အထူး
တောင်းဆိုမှုများ ဖြစ်လေ့ရှိသော်လည်း

+

စက်ရုံများသည် ဂီယာများ၊ ဝင်ရိုးတံများနှင့် အင်ဂျင်ခွက်များကို ပြောင်းလဲခြင်းဖြင့် အလွယ်တကူ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ဤပြောင်းလဲမှုသည် ကောင်းမွန်သော အစတစ်ခု ဖြစ်သည်ဟု ရိုလန်က သတ်မှတ်ထားပြီး ဤခေတ်မှ လူများသည် တီထွင် ဖန်တီးဉာဏ်များကို ပို၍ပို၍ ရရှိလာခဲ့လေသည်။

ရေနွေးငွေ့ အင်ဂျင်များဖြင့် မောင်းနှင့်သည့် ကွန်ကရစ် သင်္ဘောများကို ရေနွေးငွေ့ သင်္ဘောများဟု ခေါ်ခဲ့သဖြင့် ပီးထရော့သည် ဤယာဥ်အား ရေနွေးငွေ့ ရထားလုံးဟု ခေါ်ခဲ့ခြင်း ဖြစ်မည်ဟု သူက တွေးလိုက်သည်။

+

ဤအရာသည် လက်ခံနိုင်သော နာမည်တစ်ခုနှင့် တူနေသော်လည်း ရိုလန် အနေဖြင့် သူ၏ နာမည်ပေးနိုင်သည့် အခွင့်အရေးကို လက်လွှတ်မခံနေလိုပေ။

ဘာပဲပြောပြော ဤအရာသည် ခေတ်ကို ပြောင်းလဲစေနိုင်သည့် အရေးပါသော ယာဉ်တစ်မျိုး ဖြစ်နေပေသည်။

ပထမဆုံး ရှေ့ပြေးပုံစံသည် မြင်းရထားလုံးထက်ပင် နှေးနေသော်လည်း သူစတင် မွေးဖွားလာချိန်မှ စ၍ သူသည် ကမ္ဘာအပေါ်၌ ကြီးမားစွာ လွှမ်းမိုးနိုင်ခဲ့သည်။ သူတိုးတက်လာသည့် ဖြစ်စဉ်

+

အတွင်းတွင် ပုံစံ အမျိုးမျိုး အင်ဂျင် အမျိုးမျိုး ပြောင်းလဲခဲ့သော်လည်း သူ၏ နာမည်မှာမူ မပြောင်းမလဲ ရှိနေခဲ့သည်။

"သူက မီးရထား ဖြစ်တယ်" ရိုလန်က ပီးထရော့အား ပြင်ပေးလိုက်သည်။ "ပြီးတော့ ဒါက သယ်ယူပို့ဆောင်မှု ပြဿနာကို ဖြေရှင်းဖို့ သော့ချက်တစ်ခု ဖြစ်နေတယ်"

"အရှင်က မြက်ခင်းလွင်ပြင် တစ်လျှောက်မှာ... ရထားပြေးဆွဲဖို့ အတွက် ရထားသံလမ်း တစ်ခုကို တည်ဆောက်မယ်လို့ ဆိုလိုနေတာလား" စကားလုံး အသစ်ကို အသံထွက်နိုင်ရန် ဘားရော့က ခက်ခက်ခဲခဲ ကြိုးစားလိုက်ရသည်။ "တကယ်လို့

+

မိစ္ဆာတွေက လုပ်သားတွေကို အလစ်ဝင်ရောက် တိုက်ခိုက်ပြီး ရထားသံလမ်း တည်ဆောက်ရေး စီမံကိန်းကို နှောင့်ယှက်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ပထမ... ငါဟာ ချောမွေ့စွာ ပြေးဆွဲနိုင်ဖို့ ရထားသံလမ်း နှစ်ခုကို ဘေးချင်းယှဥ် တည်ဆောက်ဖို့ ရည်ရွယ်ထားတယ်... ဒုတိယ... ငါဟာ မြက်ခင်းလွင်ပြင် တစ်လျှောက် ရထားသံလမ်း တည်ဆောက်ဖို့ အဆိုပြုနေတာ မဟုတ်ပဲ မြူခိုးငွေ့ တောအုပ်မှ စကာ တက်ကီလာ မြို့ပျက် အရှေ့ဘက်က နေရာတစ်ခုနဲ့ ဆက်သွယ်ဖို့ ရည်ရွယ်ထားတာ ဖြစ်တယ်"

+

ရိုလန်က အားလုံးကို သူ၏ အစီအစဉ်ကို ရှင်းပြလိုက်သည်။ "ဒီလို လုပ်ခြင်းအားဖြင့် သစ်ရွက်ကလေးဟာ ငါတို့ရဲ့ ရထားသံလမ်း စနစ်ကို နှစ်စဉ်နှစ်တိုင်း မိစ္ဆာမျိုးသောလမှာ မိစ္ဆာသားရဲတွေထံကနေ ကာကွယ်နိုင်မှာ ဖြစ်တယ်"

"မိစ္ဆာတွေ အနေနဲ့ကတော့... ဒါဟာ ငါတို့အကြားက ယှဉ်ပြိုင်ပွဲ တစ်ခု ဖြစ်နေတယ်... ရထားဟာ ငါတို့အတွက် လုံလောက်တဲ့ အမြောက်နဲ့ အမြောက်ဆန်တွေကို သယ်ယူပို့ဆောင်နိုင်မှာ ဖြစ်တာကြောင့် ရထား ရောက်နိုင်တဲ့ နေရာတိုင်းဟာ ငါတို့ရဲ့ စစ်မြေပြင် ဖြစ်လာနိုင်တယ်"

+

"မိစ္ဆာတွေဟာ ရထားသံလမ်း နေရာအချို့ကို ဖျက်ဆီးနိုင်ခဲ့ရင်တောင် ငါတို့က ပိုမြန်တဲ့ အမြန်နှုန်းနဲ့ သံလမ်းတွေကို တည်ဆောင်ပြုပြင်ပြီး သယ်ယူပို့ဆောင်ရေး ပြဿနာကို ဖြေရှင်းနိုင်သေးတယ်"

သူသည် အကြံပေး ဌာနနှင့် တည်ဆောက်မှု အမြန်နှုန်း ပြဿနာကို ဆွေးနွေးခဲ့ပြီး ဖြစ်ကာ မြူခိုးငွေ့ တောအုပ်နှင့် တက်ကီလာ မြို့ပျက်တို့ကို ဆက်သွယ်မည့် ရထားသံလမ်းသည် မြက်ခင်းလွင်ပြင် တစ်လျှောက် တည်ဆောက်မည့် ရထားသံလမ်းထက် ပိုရှည်သော်လည်း ပိုမို လျင်မြန်စွာ တည်ဆောက်နိုင်မည်ကို တွေ့ရှိခဲ့သည်။

+

အဘာယ်ကြောင့်ဆိုသော် ပထမ အပိုင်းသည်
သစ်ရွက်ကလေး ထိန်းချုပ်ထားသော တောအုပ်
အတွင်းတွင် တည်ရှိနေသဖြင့် သူမ၏
အကူအညီဖြင့် မြေပေါ်မှ မြက်ပင်ပေါင်းပင်များကို
ဖယ်ရှားနိုင်ကာ လုပ်သားများကိုယ်တိုင် လုပ်စရာ
မလိုတော့ပဲ အချိန်ကုန် များစွာ
သက်သာသွားပေမည်။

သူမသည် ရေနုတ်မြောင်းများ တည်ဆောက်ရန်
ဆင်ခြေလျှောများကိုလည်း ဖန်တီးပေးနိုင်ကာ
ပိတုန်းငှက်က ဆောက်လုပ်ရေး ပစ္စည်းများကို
သယ်ဆောင်ပေးနိုင်ရန် တောအုပ်၏
တည်ဆောက်ပုံကိုလည်း ပြောင်းလဲပေးနိုင်သည်။

+

ကြာပန်းကမူ ရထားသံလမ်း အတွက်
အောက်ခံလမ်းကို တည်ဆောက်ရန်
တာဝန်ယူထားရသည်။ ဆောက်လုပ်ရေး ဌာနမှ
နေ၍ အောက်ခံ အလေးတုံးများ၊ သံချောင်းများ
ထည့်သွင်းပေးရမည် ဖြစ်ပြီး အန်နာအနေဖြင့် သတ္တု
အစိတ်အပိုင်းများကို အကြားအစပ် မရှိပဲ
ဂဟေဆော်ပေးရမည် ဖြစ်လေသည်။

အားလုံး အတူတကွ ပူးပေါင်း ဆောင်ရွက်ကြသော
အခါ သူတို့သည် တောအုပ်နှင့် တက်ကီလာ
မြို့ပျက်တို့ အကြားမှ ရထားသံလမ်း အပိုင်းများကို
ဆောင်းမကုန်ခင် တည်ဆောက် ပြီးစီးနိုင်မည်
ဖြစ်ကာ ထိုအချိန်၌ တက်ကီလာ မြို့ပျက်သည်
လောင်းဆောင်းအမြောက်များ၏ ပစ်ခတ်နိုင်မှု

+

အကွာအဝေး အတွင်းသို့
ကျရောက်သွားပေတော့မည်။

## စာစဉ် ၆၂ : အပိုင်း ၇

## အပိုင်း ၉၂၂ : မီးရထားဖြင့် သယ်ယူ ပို့ဆောင်သောခေတ် (၂)

"နှစ်ဝက်လေး အတွင်းမှာ... ရထားသံလမ်းကို မြေရိုင်းဒေသ အတွင်း နက်ရှိုင်းစွာ ဖောက်လုပ်နိုင်ဖို့ ဖြစ်နိုင်ပါ့မလား" ရိုလန်၏ အစီအစဉ်ကို ကြားခဲ့ရ အပြီးတွင် အံ့ဖွယ်ဖြစ်စဉ် များစွာတို့ကို ကြုံတွေ့ခဲ့ပြီး ဖြစ်သော်လည်း ဘားရော့၏ မျက်လုံးများသည် မယုံနိုင်စွာ ပြူးကျယ်သွားခဲ့သေးသည်။

+

"ဆောက်လုပ်ရေး ဌာနဟာ နယ်စပ်ဒေသနဲ့
လောင်းဆောင်းဒေသကို ဆက်သွယ်ထားတဲ့
သာမန်လမ်းလေး တစ်ခုကို ပြီးမြောက်ဖို့
နှစ်ဝက်ကျော် အချိန်ယူခဲ့ရတယ်… ပြီးတော့
ဒီတိုင်းပြည် မင်းလမ်းဟာ တောအုပ်နဲ့ တက်ကီလာ
အကြားက အကွာအဝေးရဲ့ ငါးပုံတစ်ပုံခန့်သာ
ရှိသေးတယ်… မစ္စတာကားက ဒီတာဝန်ကို
ပြီးမြောက်အောင် ထမ်းဆောင်နိုင်ပါ့မလား"

အရာရှိများကလည်း သူတို့အချင်းချင်း တီးတိုး
ပြောဆိုကြကုန်သည်။ တိုင်းပြည်မင်းလမ်းသည်
ရိုလန် လောင်းဆောင်းခံတပ်နှင့် နယ်စပ်မြို့ကို

+

ပေါင်းစပ်အပြီးတွင် စတင်ခဲ့သည့် အကြီးစား ဆောက်လုပ်ရေး စီမံကိန်း တစ်ခု ဖြစ်သည်။

ထိုအချိန်က လုပ်သား နှစ်ထောင်ခန့်ကို အလုပ်ခန့်ခဲ့ရပြီး လူများစွာတို့က အရင်းအမြစ်များကို ဖြုန်းတီးပစ်ခြင်းဟု မြင်ခဲ့ကြကာ ဆောက်လုပ်ရေး အချိန် အကန့်အသတ် ရှိနေသဖြင့် အရာရှိ များစွာတို့က ဆောင်းမဲ့မြို့တော် အတွင်းမှ လုပ်သားအားလုံးကို ငှားရမ်းခဲ့လျှင်ပင် မဖြစ်နိုင်သော တာဝန်တစ်ခု ဖြစ်နေသည်ဟု ယုံကြည်ခဲ့ကြသည်။

ဆောက်လုပ်ရေး ဝန်ကြီး ဖြစ်သော ကားဗန်ဘိတ်ကမူ ဆိတ်ဆိတ်နေနေကာ

+

သင့်တော်သော အဖြေတစ်ခု ရရန်အတွက် သူ၏ ဦးနှောက်များကို အစွမ်းကုန် အလုပ်ပေးနေရပုံ ပေါက်နေသည်။

ရိုလန်က သူတို့၏ စိုးရိမ် ပူပန်မှုများကို ကောင်းစွာ နားလည်နေသည်။ လက်ရှိ အချိန်၌ မြို့တော် အတွင်းတွင် ဆောက်လုပ်ဆဲ စီမံကိန်း များစွာ ရှိနေပြီး ဤရထားသံလမ်း စီမံကိန်းသည် မြို့တော်၏ အကန့်အသတ် ရှိသော အရင်းအမြစ်များ အပေါ်တွင် ဝန်ထုပ်ဝန်ပိုး ဖြစ်နေမည်ကို စိုးရိမ်နေသည်မှာ သဘာဝ ကျပေသည်။

+

သို့သော်လည်း အရည်အသွေးမြင့် ပစ္စည်းများ လိုအပ်နေသော ကျောက်ခင်းလမ်းနှင့် စာလျှင် ကျောက်စရစ်ခဲများကိုသာ လိုအပ်နေသော ရထား အောက်ခင်းလမ်းက များစွာပို၍ လွယ်ကူပေသည်။

သံချောင်းများကို တပ်ဆင်သည့် နောက်ဆုံးအဆင့်သည် ရှုပ်ထွေးသည်ဟု ထင်နေရသော်လည်း အမှန်တွင် သူသည် ဆောက်လုပ်ရေး ဖြစ်စဉ် တစ်ခုလုံးတွင် အမြန်ဆုံး အဆင့် ဖြစ်နေသည်။

ရိုလန်သည် အန်နာ၏ သတ္တု အစိတ်အပိုင်းများကို အနက်ရောင် မီးတောက်ဖြင့် ဂဟေဆော်သည့် သရုပ်ပြမှုကို ကြည့်ရှုခဲ့ပြီး ဖြစ်သည်။ သူမသည်

+

သံချောင်း တစ်ချောင်းကို
လမ်းကြောင်းနှစ်ဘက်တွင် တစ်ခါတည်း
ဂဟေဆော်နိုင်ပြီး အချိန် ဆယ်စက္ကန့်ပင်
မလိုအပ်နေပေ။

ရိုးရာ သံချောင်းများနှင့် အပူပေး
ဆက်သွယ်မှုများကို ပြုလုပ်ထားသော
ခေတ်ပေါ်ကမ္ဘာမှ ရထားလမ်းများနှင့် စာလျှင်
သူမ၏ စွမ်းရည်သည် ဂဟေဆော်သည့်
အရည်အသွေးကို တိုးတက်စေရုံတင် မက
လူစွမ်းအားနှင့် အရင်းအမြစ်များကို များစွာ
ချွေတာနိုင်ခဲ့သဖြင့် ဤထက်ပို၍ ပြီးပြည့်စုံသော
အရာတစ်ခု မရှိနိုင်တော့ဟု ရိုလန်က
ခံစားနေမိလေသည်။

+

အားလုံးတို့၏ ရှေ့တွင် ပြသထားသော နမူနာ ရထားသံလမ်းသည် အန်နာ ပြုလုပ်ထားသည့် အက်ကြောင်းမဲ့လုနီးပါး ဖြစ်နေသည့် သံလမ်းပင် ဖြစ်ပေသည်။ အပူချိန်ကြောင့် ကျယ်ပြန့် လာနိုင်မှု အတွက် လမ်းကြောင်းများ အကြားတွင် မမြင်နိုင်သော ဟာကွက်များ ရှိနေခဲ့သော်လည်း အပေါ်ယံမှ ကြည့်လိုက်လျှင် အက်ကြောင်းမဲ့နေခဲ့သည်။

ဤအရာသည် ရထားက ဤသံလမ်းများ အပေါ်တွင် ပြေးဆွဲနေသည့် အချိန်တွင် အတွင်းမှ ခရီးသည်များ အနေဖြင့် သူ၏ ယခင်ကမ္ဘာမှ ရထားများကဲ့သို့ မကြာခဏ ခါယမ်းနေခြင်း သို့မဟုတ်

+

အဆက်မပြတ် ကလောက်ကလက် မြည်နေခြင်း မရှိဟု ဆိုလိုနေခြင်းပင် ဖြစ်သည်။

ထို့ကြောင့်ပင် ရိုလန်က ဤရထားသံလမ်း စီမံကိန်း အတွက် တည်ဆောက်ရေး ကာလကို ဤမျှအထိ တိုတောင်းစွာ သတ်မှတ်ထားရခြင်းပင်တည်း။

သစ်ရွက်ကလေးသည် အပိုင်းတစ်ပိုင်း အတွက် သံချောင်း အစိတ်အပိုင်းများကို ချပေးရန် အချိန် ငါးရက်ခန့်သာ လိုအပ်နိုင်ပြီး လုပ်သားများသည် တူညီသော အပိုင်းအတွက် အောက်ခံလမ်းကို တည်ဆောက်ရန် ဆယ်ရက်သာ အသုံးပြုရန် လိုအပ်နေသည်။

+

ထိုအချိန် အတောအတွင်းတွင် အန်နာသည်
ထိုအပိုင်းမှ ရထားသံလမ်းအား ဂဟေဆော်ရန်
တစ်ရက်သာ အသုံးပြုရမည် ဖြစ်ကာ
အချိန်ပိုများစွာ ရှိနေသဖြင့် ဖြည်းဖြည်း
တည်ဆောက်နိုင်သည်။ မက်ဂီသည် သူမအား
အလုပ်သို့ မနက်ခင်းတွင် ခေါ်သွား၍ ရဲတိုက်တွင်
နေ့လယ်စာ အချိန်မီ ပြန်စားနိုင်မည် ဖြစ်သည်။

အရာရှိများ အားလုံးသည် စုန်းမများ အကြောင်းကို
ကောင်းစွာ သိနေကြခြင်း မရှိသဖြင့် စုန်းမများ၏
စွမ်းရည် အသေးစိတ်ကို သူတို့အား ရှင်းပြလိုခြင်း
မရှိနေပေ။ ထို့အပြင် အကယ်၍ သူက
ဤစီမံကိန်းတွင် ပါဝင် ကူညီပေးလိုနေသော
အိပ်ပျော်နေသောကျွန်းမှ သင့်တော်သည့်
စုန်းမအချို့ကို ရှာနိုင်ခဲ့လျှင် တည်ဆောက်ရေး
+

ကာလက ပို၍ပင် တိုသွားနိုင်သည်ဟု သူက ခန့်မှန်းနေခဲ့သည်။

သို့သော်လည်း သူသည် ဆောင်းမဲ့မြို့တော်သို့ ပြန်လာပြီးသည်နှင့် ဝံပုလွေ ကောင်မလေးထံသို့ တန်းသွားခဲ့ပြီး နောက်ပိုင်းတွင် အစည်းအဝေးသို့ ချက်ချင်း တက်ရောက်ခဲ့သဖြင့် တီလီအား သူမ စုန်းမများ၏ စွမ်းရည်များကို မေးမြန်းနိုင်ရန် အခွင့်အရေး မရှိခဲ့သေးပေ။

ရိုလန်က ဘားရော့၏ မေးခွန်းအား လျစ်လျူရှုထားသည်ကို မြင်ခဲ့ရသော အခါ အရာရှိများက သူတို့၏ မျက်လုံးများကို ရထားပေါ်သို့ ရွှေ့လိုက်လေသည်။ အမတန်မှ

+

ခေတ်ဆန်သည့်ပုံ ပေါက်နေသော အက်ကြောင်းမဲ့ သံလမ်းနှင့် စာလျှင် ရထားကိုယ်တိုင်က ရှေးဟောင်းပစ္စည်း ပုံစံ ပေါက်နေခဲ့ကာ သူ့အား အပိုင်းနှစ်ပိုင်း ခွဲခြားထားသည်။

အရှေ့ပိုင်းတွင် စတုတ္ထ မျိုးဆက် ရေနွေးငွေ့ အင်ဂျင် တစ်လုံးနှင့် ဆက်သွယ်ရေး ကိရိယာ တစ်ခုကို တပ်ဆင်ထားပြီး အနောက်ပိုင်းမှာမူ ကျောက်မီးသွေးတွဲ တစ်ခု ဖြစ်၍မောင်းနှင်သူ အတွက် အခန်းမှာ ဤအပိုင်း နှစ်ပိုင်း အကြားတွင် တည်ရှိနေသည်။

ထိုနေရာမှ နေ၍ မောင်းနှင်သူသည် ရထား၏ အမြန်နှုန်းကို ထိန်းချုပ်ခြင်း၊ ဘွိုင်လာ အတွင်း

+

ကျောက်မီးသွေး ထည့်ခြင်းနှင့် ဥသြဆွဲခြင်းတို့ကို ပြုလုပ်နိုင်ပေသည်။

မီးခိုးရောင် ရဲတိုက်အား တညီတညွတ်တည်း ဖြစ်အောင် ပြုလုပ်သည့် စစ်ပွဲကြောင့် ဤရေနွေးငွေ့ ရထားသည် မပြီးဆုံးသေးသည့် ပုံစံငယ် တစ်ခုသာ ဖြစ်နေသေးသော်လည်း ရိုလန်၏ ယခင်ကမ္ဘာမှ ပထမ မျိုးဆက် ရထားများထက်မူ များစွာပို၍ ကောင်းမွန်နေပေသည်။

သူ၏ ရေနွေးငွေ့ အင်ဂျင်တွင် စက်သီးနှင့် ခါးပတ်တို့ အစား ကရိုင်းရှပ်ကိုသာ သုံးထားကာ အလွယ်တကူ ညပ်နိုင်သော ဂီယာများ အစား

+

ရထား၏ နှစ်ဘက်စလုံးမှ ဘီးများကို အင်ဂျင်နှင့် ဆက်သွယ်ထားပြီး ချောမွေ့စွာ လှုပ်ရှားနိုင်သော ကိရိယာ တစ်ခုကို တပ်ဆင်ထားသည်။

ရိုလန်သည် သူ၏ ရထားဒီဇိုင်းကို တတ်နိုင်သမျှ ရိုးရှင်းအောင် ဖန်တီးထားသဖြင့် အဓိက အစိတ်အပိုင်းများ အားလုံးကို အတူတကွ ဒီအတိုင်း ပေါင်းစည်း တပ်ဆင်ထားသကဲ့သို့ ဖြစ်နေခဲ့ကာ ခေတ်ပေါ်ရထားထက် စာလျှင် ချို့ယွင်းချက် များစွာ ရှိနေခဲ့သည်။

သူ့တွင် စက်ပိုင်းဆိုင်ရာ ဘရိတ် မရှိပဲ ရထားအား ရပ်တန့်စေရန် လူအင်အားဖြင့် ကျောက်ဆူး တင်ချစက်အား လှည့်ရမည် ဖြစ်သည်။

+

မောင်းနှင်သူ၏ အခန်းသည် ရထား၏ ရှေ့ပိုင်းနှင့် နောက်ပိုင်းကို ဆက်သွယ်ထားသည့် နေရာတွင် ရှိနေသဖြင့် မောင်းနှင်သူသည် ရထား မောင်းနှင်နေစဉ် ရေနွေးငွေ့ အင်ဂျင်၏ အဆက်မပြတ် တုန်ခါမှုများကို ခံနေရမည် ဖြစ်သည်။

သူ့အပေါ်တွင် မည်သည့် လျှပ်စစ် ကိရိယာများ တပ်ဆင်ထားခြင်း မရှိသဖြင့် မောင်းနှင်သူနှင့် ရထားပေါ်မှ အခြား လုပ်သားများသည် ဥသြဆွဲခြင်း သို့မဟုတ် အော်ဟစ်ခြင်းဖြင့်သာ အချင်းချင်း ဆက်သွယ်ကြရပေလိမ့်မည်။ သို့သော်လည်း သူသည် ဆောင်းမဲ့မြို့တော်၏ လက်ရှိ နည်းပညာ စွမ်းရည်များ အရ တတ်နိုင်သည့် အကောင်းဆုံးသော ဒီဇိုင်း ဖြစ်နေခဲ့ပေပြီ။

+

သူသည် ပထမ မျိုးဆက် ရေနွေးငွေ့ အင်ဂျင်အား ပြုလုပ်ခဲ့သကဲ့သို့ ဤရှေ့ပြေးပုံစံကို အရင် တည်ဆောက်ပြီးမှ ဖြည်းဖြည်းချင်း တိုးတက်အောင် အဆင့်မြှင့်ရပေလိမ့်မည်။

"အရှင်မင်းမြတ်... ဒီအရာရဲ့ သယ်ဆောင်နိုင်မှု စွမ်းအားက ဘယ်လောက်ပါလဲ" ခါတုစက်ရုံ ဝန်ကြီး ကိုင်းလ်စီချီက သိလိုစိတ် ပြင်းပြစွာဖြင့် မေးလိုက်သည်။ "သူက ကွန်ကရစ် သင်္ဘောထက် ပိုပြီးမှ သယ်ဆောင်နိုင်ပါသလား"

"သူ့ရဲ့ ကုန်စည် သယ်ဆောင်နိုင်မှုဟာ ကွန်ကရစ် သင်္ဘော တစ်စင်းထက် ငါးဆကနေ ခြောက်ဆအထိ

+

ရှိလိမ့်မယ်လို့ ငါထင်နေတယ်" ရိုလန်က
အရာရှိများ၏ မျက်နှာပေါ်မှ အံ့အားသင့်နေသော
အကြည့်များကို အရသာခံ၍ ကြည့်နေရင်း
ပြောလိုက်သည်။

"ဒါပေမဲ့ ဒါက အစပဲ ရှိသေးတယ်... နည်းပညာ
တိုးတက်လာတာနဲ့ အမျှ သူ့ရဲ့
သယ်ဆောင်နိုင်မှုဟာ ကွန်ကရစ် သင်္ဘော
အစီးတစ်ရာနဲ့ ညီမျှလာနိုင်တယ်"

"တစ်.. တစ်ရာ... ဟုတ်လား" ဘားရော့က
တံတွေးကို ခက်ခက်ခဲခဲဖြင့် မျိုချလိုက်သည်။
မြို့တော်ခန်းမ ဝန်ကြီးချုပ် အနေဖြင့် သူသည်

+

ဤအရေအတွက်က ဘာကို ဆိုလိုနေသည်ကို ကောင်းစွာ သိနေပေသည်။

"ဒီလိုဆိုတော့... သူ့ရဲ့ အမြန်နှုန်းကရော ဘယ်လိုလဲ" ပီးထရော့က တုန်ခါနေသော လေသံဖြင့် မေးလေသည်။

"ငါက သိပ်တော့ မသေချာနေပဲ စမ်းသပ်မှု ရလဒ်တွေကို စောင့်မျှော်နေဆဲ ရှိသေးတယ်... ဒါပေမဲ့ ဒါက ကွန်ကရစ် သင်္ဘော တစ်စင်းထက်တော့ နှေးနေမှာ မဟုတ်ဘူး"

ဤခေတ်တွင် မြင်းရထားလုံးများနှင့် အခြား ကုန်တင် တိရစ္ဆာန်များသည် ကုန်းလမ်း သယ်ယူ

+

ပို့ဆောင်မှုတွင် အဓိက အသုံးပြုသည့် အရာများ ဖြစ်ကြပြီး ညီညာပြေပြစ်မှု မရှိသည့် မြေပေါ်တွင် သူတို့၏ သယ်ယူနိုင်မှု စွမ်းရည်က နိမ့်ပါးလှသည်။

ထို့အပြင် ရထားလုံးများတွင် ရော်ဘာ တာယာများ သို့မဟုတ် တုန်ခါမှုကို စုပ်ယူသည့် အခြား နည်းလမ်းများ မရှိကြသဖြင့် လမ်းပေါ်မှ မကြာခဏ ထိခိုက်မှုများကြောင့် သစ်သားဘီးများက မကြာခဏ ကျိုးပျက်သွားလေ့ ရှိကြသည်။ ဤကဲ့သို့သော အခြေအနေမျိုး အောက်တွင် မီးခိုးရောင် ရဲတိုက် နိုင်ငံတွင် သယ်ယူပို့ဆောင်ရေး အတွက် လှေများကိုသာ အဓိက အသုံးပြုလေ့ ရှိသည်။

+

ကုန်းတွင်းမြစ်များတွင် ရွှေ့လျားရန် လှေအကူအညီ မလိုသော ရေနွေးငွေ့ သင်္ဘောများသည် ရိုးရာ ရွက်လှေများ အပေါ်၌ လျင်မြန်စွာ လွှမ်းမိုးသွားနိုင်ခဲ့ပြီး အရာရှိများ၏ မျက်လုံးများ အတွင်း၌ ကွန်ကရစ် သင်္ဘောများကပင် အလွန်အမင်း လျင်မြန်၍ အကျိုးသက်ရောက်မှု အားကောင်းသော သယ်ဆောင်သူများ ဖြစ်နေကြပေပြီ။

ရထားတစ်စင်းသည် ကွန်ကရစ် သင်္ဘောထက် ပိုမို လျင်မြန်ကာ ကုန်ပစ္စည်းလည်း ပိုတင်နိုင်သည်ဟု ကြားခဲ့ရသော အခါ သူတို့အားလုံးက ငြိမ်သက်သွားကြလေသည်။

+

သူတို့သည် ဤကဲ့သို့သော ဖြစ်နိုင်ခြေအား ငြင်းဆန်လိုနေကြသော်လည်း မှန်ကန်လာမည်ကို ကြိုသိနေကြသဖြင့် ပြောရန် ဝန်လေးနေကြသည်။ စိတ်ရှုပ်ထွေးနေကြသော အရာရှိများကို ကြည့်နေရင်း ရိုလန်သည် မအောင့်နိုင်ပဲ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိသည်။

အကယ်၍ သူသည် သူတို့အား ဤကဲ့သို့သော အရာတစ်ခုကို လွန်ခဲ့သော နှစ်နှစ်ခန့်က ပြောခဲ့မည် ဆိုလျှင် သူ့အား အရူးတစ်ယောက် အဖြစ် သတ်မှတ်ခြင်း ခံရမည် ဖြစ်သည်။ စစ်ပွဲက ယခုအချိန်တွင် လျင်မြန်စွာ နီးကပ်လာခဲ့ပြီး သူက သဘော်များကို အဆင့်မြှင့်နိုင်ခြင်း မရှိနေသဖြင့် သူ့လက်အောက်ငယ်သားများ၏ စိတ်ဓာတ်ကို ဤတီထွင်မှု အသစ်ဖြင့် မြှင့်တင်ပေးရပေလိမ့်မည်။

+

ဘာပဲပြောပြော သူသည် ရထား၏ စွမ်းအားကို ချဲ့ကား ပြောဆိုခဲ့ခြင်း မရှိနေပေ။

ရေနွေးငွေ့ အင်ဂျင်များသည် စက်မှု စွမ်းအား အရင်းအမြစ်များ၏ ပထမ မျိုးဆက် တစ်ခုသာ ဖြစ်နေသေးသည်။

ရထားအား အတွင်းမှ လောင်ကျွမ်းသော အင်ဂျင်များဖြင့် တပ်ဆင်နိုင်ခဲ့ပါက ကုန်းလမ်း သယ်ယူ ပို့ဆောင်ရေးတွင် ဘုရင်တစ်ပါး ဖြစ်လာပေလိမ့်မည်။

+

"အရှင်မင်းမြတ်... သူက ဘယ်လို အလုပ်လုပ်သလဲ ဆိုတာကို ကျေးဇူးပြုပြီးမှ ကျွန်တော်တို့ကို ပြသနိုင်ပါသလား" ဘားရော့က ခဏ အကြာတွင် မေးလိုက်သည်။

"ရတာပေါ့... ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး... သူက အဓိက အစိတ်အပိုင်း အချို့ လိုအပ်နေသေးလို့ ငါတို့က နောက်တစ်ပတ်မှ အပြီးသတ်နိုင်လိမ့်မယ်" ရိုလန်က သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။

"မီးခိုးရောင် ရဲတိုက်ကို ညီညွတ်အောင် ပြုလုပ်တဲ့ စစ်ပွဲ မတိုင်မီ အရှင်က ဆောက်လုပ်ရေး ဌာနကို ပေးထားတဲ့ အစီအစဥ် အရ အရှင်ဟာ သတ္တုတွင်းနဲ့

+

ဆိပ်ကမ်းကို ရထားသံလမ်းနဲ့
ဆက်သွယ်လိုနေတယ်… ဟုတ်တယ်မလား"
ဘားရော့က မေးလိုက်သည်။

"ဟုတ်တယ်" ဘားရော့က တစ်စုံတစ်ခု
ပြောလိုနေသေးသည်ကို ရိုလန်က
ရိပ်စားမိလိုက်သည်။

"ဒီလောက်အထိ အစွမ်းထက်တဲ့ ယာဉ်မျိုးဟာ
ကျွန်တော်တို့ ပြည်သူတွေရဲ့ စိတ်ဓာတ်ကို
တက်ကြွစေမှာ ဖြစ်ပြီး မြို့တော်ခန်းမရဲ့
စစ်ပွဲအတွက် ဝါဒဖြန့်တဲ့ အလုပ်ကို အကြီးအကျယ်
အထောက်အကူ ပြုနိုင်ပါတယ်" ဘားရော့က သူ၏
အကြံကို တင်ပြလိုက်သည်။

+

"ရထား စမ်းသပ် ပြေးဆွဲတဲ့ နေ့မှာ မယုံနိုင်စရာ ဒီမြင်ကွင်းကို အရှင့်ရဲ့ တိုင်းသူပြည်သားတွေ အားလုံးကို ကြည့်ရှုခွင့် ပြုနိုင်ပါမလား"

ဘားရော့က မည်ကဲ့သို့သော ဝါဒဖြန့်သည့် အကျိုးသက်ရောက်မှုကို ရရှိချင်နေသနည်း ဆိုသည်ကို ရိုလန်က ချက်ချင်း သဘောပေါက်သွားပြီး သူ၏ မြို့တော်ခန်းမ ဝန်ကြီးချုပ်သည် ဤနှစ်များ အတွင်းတွင် လူအများ၏ အမြင်ကို လမ်းညွှန်ရန် သင်ယူနိုင်ခဲ့သည်ကို ကျေနပ် အားရနေခဲ့သည်။

"မင်းသဘောပဲ" သူကပြုံးကာ ပြောလိုက်လေသည်။

+

# စာစဥ် ၆၂ : အပိုင်း ၈

## အပိုင်း ၉၂၃ : တမင်သက်သက် ရန်စခြင်း

စူးရှသော အချက်ပေးသံ တစ်ခု ထွက်ပေါ်လာကာ အားလုံးတို့၏ အာရုံကို စူးစိုက်စေခဲ့သည်။

"တူ... တူ..."

အားလုံးတို့က ကြက်သေသေကာ ရပ်နေကြလေသည်။

+

ထိုအရာသည် အဆင့်အမြင့်ဆုံး အချက်ပေးသံပင် ဖြစ်နေပေသည်။

ဝင်ဒီက အံ့သြ တုန်လှုပ်နေရာမှ ပထမဆုံး သတိပြန်ဝင်လာသူ ဖြစ်သည်။ "အရှင်မင်းမြတ်... အခုချက်ချင်း ကျေးဇူးပြုပြီးမှ ရဲတိုက်အတွင်းကို ပြန်ဝင်လိုက်ပါ"

သို့သော်လည်း အချက်ပေးသံကို ကြားပြီးနောက်တွင် သူ့အနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာသော တီလီနှင့် အက်ရှ်တို့ကြောင့် အကြီးအကျယ် အံ့အားသင့်နေသဖြင့် ရိုလန်က မလှုပ်ရှားနိုင်ခဲ့ပေ။ ထူးကဲစုန်းမက သူတို့ အရှေ့တွင်

+

ရပ်နေကာ တီလီက သူ၏ လက်ကောက်ဝတ်အား ဆုပ်ကိုင်ထားလေသည်။

သူ၏ လက်ကောက်ဝတ် အနားတွင် သတ္တုကွဲသို့ အေးစက်သည့် တစ်စုံတစ်ခုကို ခံစားလိုက်ရသည်။

သူက အောက်သို့ ငုံ့ကြည့်လိုက်ရာ တီလီ၏ လက်ချောင်းမှ လက်စွပ်သည် တောက်ပသော အပြာရောင် အလင်းတန်း တစ်ခုဖြင့် လင်းလက်နေသည်ကို တွေ့လိုက်ရသည်။ အကယ်၍ အရေးပေါ် ကိစ္စတစ်ခု ပေါ်ပေါက်လာပါက သူမသည် သူ့ကိုခေါ်၍ ပျံသန်းသွားရန် အဆင်သင့် ဖြစ်နေသည်မှာ သိသာနေသည်။

+

ရှိလန်သည် တစ်နည်းတစ်ဖုံအားဖြင့် အန္တရာယ်ကို
မေ့လျော့သွားကာ တီလီ အပေါ်၌သာ
အာရုံစိုက်ထားလိုက်သည်။

သူ့အား စိတ်ရောကိုယ်ပါ ယုံကြည် မြှုပ်နှံထားသော
နိုက်တင်ဂေးနှင့် မတူပဲ တီလီသည် သူ့အား သူမ၏
အစ်ကိုအဖြစ် ယခုတိုင် ကောင်းကောင်း
အသိအမှတ် မပြုသေးပေ။

သူမသည် လှည့်စားခြင်းကို ခံရရန်
ဉာဏ်ကောင်းလွန်းနေသည်။

+

သူမသည် သူ့အား အစ်ကိုဟု ခေါ်ခဲ့ခြင်းမှာ သူနှင့်
ကောင်းမွန်သော ဆက်ဆံရေးများကို
ထိန်းသိမ်းထားလိုနေ၍သာ ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် သူတို့ အကြား၌
မမြင်ရသော အရံအတား တစ်ခု ရှိနေသေးပြီး
တီလီ၏ သဘောထားကြောင့် အက်ရှ်ကလည်း
သူ့အရှေ့တွင် အနည်းငယ် ထိန်းသိမ်း
ဆက်ဆံနေရသည့်ပုံ ပေါက်နေခဲ့သည်။

သူ့အနေဖြင့် နန်းတော်တွင် ရှိစဉ်က မင်းသားရိုလန်
သူမအား ပြုလုပ်ခဲ့သည့် အရာများသည် သူနှင့်
ဘာမှမဆိုင်ဟု  တီလီအား ရှင်းပြနိုင်စွမ်း မရှိသဖြင့်
သူမအား လိမ်ညာခဲ့ရပြီး သူမထံမှ များစွာ

+

မမျှော်လင့်ခဲ့ပေ။ သို့သော်လည်း ယခုအချိန်၌ သူက စိတ်သက်သာရာ ရသွားခဲ့သည်။

သူမသည် ယခုအချိန်၌ သူမည်သူ ဆိုသည်ကို သံသယ ရှိနေနိုင်သေးသော်လည်း မဟာမိတ် တစ်ယောက် အနေဖြင့် သူသည် သူမ၏ ယုံကြည်မှုနှင့် အသိအမှတ် ပြုမှုတို့ကို ရရှိနိုင်ခဲ့လေပြီ။

"ဟုတ်တယ်... ဒီနေရာက နယ်စပ်က မြို့ရိုးနဲ့ အမတန်မှ နီးကပ်နေတယ်... အရှင်မင်းမြတ်... ကျေးဇူးပြုပြီး ဒီနေရာကနေ မြန်မြန် ထွက်ခွာပေးပါ"

+

"အစောင့်တွေ... အစောင့်တွေ ဘယ်ရောက်နေလဲ"

"ကဲ... အရှင်မင်းမြတ် အတွက် လမ်းရှင်းပေးကြပါ"
အရာရှိများကလည်း ယခုအချိန်တွင်
သတိပြန်ဝင်လာကြကာ အော်ဟစ်နေကြလေသည်။

လူအများ၏ အသံများသည် သတိပေးသံနှင့် အတူ
ဤနေရာအား ရှန်းရင်းဆန်ခတ် ဖြစ်သွားစေခဲ့သည်။

ထိုအသံများသည် ရိုလန်အား အတွေးများထံမှ သတိ
ပြန်ဝင်လာစေခဲ့သည်။ ဤကဲ့သို့ တင်းမာနေသော
အခြေအနေကို မြင်ခဲ့ရသော အခါ သူက
မအောင့်နိုင်ပဲ မျက်မှောင်များကို ကြုတ်၍

+

တွေးလိုက်သည်။ "ရှေ့တန်းက အစောင့်တွေက မိစ္ဆာအချို့ကို မြင်တွေ့ခဲ့ရတာလား"

သူသည် အနောက်ဘက်သို့ လှမ်းကြည့်နေရင်း အတွေးနက်နေခဲ့သည်။ "အခုအချိန်မှာ မိစ္ဆာတွေကို စောင့်ကြည့်ဖို့ ရှယ်ဗီ ရှိနေခဲ့တော့ သတိပေးချက်က မမှားနိုင်ပဲ ရှေ့တန်းက အစောင့်တွေရဲ့ အဆင့်အမြင့်ဆုံး သတိပေးချက်က မိစ္ဆာတွေကြောင့်ပဲ ဖြစ်ရမယ်"

"သူတို့ဟာ အနီရောင် မြူခိုးငွေ့တွေ အလုံအလောက် မရှိတဲ့ အတွက် လှုပ်ရှားသေးမှာ မဟုတ်ဘူးလို့ ငါက ထင်နေခဲ့တာ... အခု

+

လတ်တလောမှာ တက်ကီလာ မြို့ပျက်ထံ သူတို့ရဲ့ ထောက်ပို့ ပစ္စည်းတွေ ရောက်ရှိလာခဲ့တာလား"

သူသည် မြို့ရိုးသို့ ကိုယ်တိုင်ကိုယ်ကျ သွားကြည့်နေလိုခဲ့သော်လည်း ဤအကြံကို ချက်ချင်း လက်လျှော့လိုက်သည်။ နိုက်တင်ဂေးနှင့် ပထမ စစ်တပ်၏ အဓိက အင်အားစုက ပြန်မရောက်လာကြသေးသဖြင့် သူသည် ရှေ့တန်း အစောင့်များ၏ ဝန်ထုပ်ဝန်ပိုးကို ထပ်၍ မတိုးမြှင့်နေလိုပေ။

မြောက်ပိုင်း ဆင်ခြေလျှော တောင်တန်းမှ ဆင်းလာနေရင်း သူက ဝင်ဒီအား ခေါ်လိုက်ကာ ပြောလိုက်သည်။ "အခြေအနေက ဘယ်လိုပဲ

+

ဖြစ်ဖြစ် မြို့ရိုးပေါ်က သတင်းကို မင်းရရချင်း ငါ့ကို အကြောင်းကြားလိုက်ပါ"

"မှန်လှပါ" ဝင်ဒီက လေးနက်နေသော မျက်နှာဖြင့် ကတိပေးလိုက်လေသည်။

.........

လျင်မြန်စွာ ချဉ်းကပ်လာကြသော ရန်သူများကို ကြည့်နေရင်း ရှယ်ဗီသည် သူမ၏ လက်များက စိုစွတ်လာသည်ဟု ခံစားခဲ့ရသည်။

+

သူမ အနေဖြင့် မိစ္ဆာများကို တွေ့ခဲ့ရသည်မှာ ဤအကြိမ်သည် ပထမဆုံး အကြိမ် မဟုတ်သော်လည်း သူတို့သည် သူမအား ဖိအားများစွာ ပေးနိုင်ခဲ့သေးသည်။

"တစ်… နှစ်… သုံး… လေး… ငါး… ခြောက်" သူမက ဆောင်းမဲ့မြို့တော်ထံ ရေပြင်ညီ မျဥ်းကြောင်း တစ်ခုအတိုင်း ပျံသန်းလာကြသော နတ်ဆိုးသားရဲများကို ရေတွက်လိုက်သည်။ မှော်မျက်လုံးဖြင့် သူမသည် ရန်သူများ၏ အသေးစိတ် အချက်အလက်များကို ကောင်းစွာ ခွဲခြားနိုင်ခဲ့သည်။

+

အယ်လီသီယာ ဖော်ပြထားသကဲ့သို့
နတ်ဆိုးသားရဲတိုင်း၏ ကျောပေါ်တွင် ရှူးသွပ်မိစ္ဆာ
တစ်ကောင်စီ ရှိမနေပေ။ နတ်ဆိုးသားရဲ
နှစ်ကောင်သည် ကုန်တင်သည့် မြင်းများနှင့်
တူနေပြီး သူတို့၏ ကျောပေါ်တွင် အရိုးစည်များ
တင်ထားရာ ဘုများနှင့် တူနေခဲ့သည်။

သူမက အနီးကပ် ဆွဲကြည့်လိုက်ရာ အနီရောင်
မြူခိုးငွေ့များက ဘုများအတွင်းမှ
ထိုးထွက်နေသည်ကို တွေ့လိုက်ရသည်။

သူတို့သည် ခရီးဝေး စီးနင်း တိုက်ခိုက်ခြင်း အတွက်
မြူခိုးငွေ့ သိုလှောင်ကန်များ ဖြစ်ကြသည်မှာ
သိသာနေသည်။

+

သို့သော်လည်း မိစ္ဆာများသည် အဘယ်ကြောင့်
ဤမျှအထိ စောစီးစွာ လာရောက်
တိုက်ခိုက်ခဲ့ကြသနည်း။

ယခုအချိန်၌ သူတို့သည် တက်ကီလာ မြို့ပျက်မှ
နတ်ဘုရား တံ့ပြန်မှု ကျောက်တုံး သတ္တုကြော
အနီးတွင် နေနေကာ သွေးလဝန်း ရောက်လာသည့်
အချိန်ကို စောင့်မျှော်နေသင့်ပေသည်။

ရှယ်ဗီသည် မိစ္ဆာများ ရုတ်တရက်
ပေါ်ပေါက်လာမှုကြောင့်
စိတ်ရှုပ်ထွေးသွားခဲ့သော်လည်း ကံကောင်းစွာဖြင့်
ရှေ့တန်း အစောင့်များ၏ လျင်မြန်သော

+

တုံ့ပြန်မှုသည် သူမအား စိတ်သက်သာရာ ရစေခဲ့သည်။ သူတို့သည် အမြောက်အပေါ်မှ အဖုံးအကာများကို ဖယ်ရှားကာ ပစ်ခတ်ရန် အဆင်သင့် ဖြစ်နေခဲ့ပေပြီ။

အကယ်၍ ရန်သူများသည် ဤလမ်းကြောင်း အတိုင်း ဆက်လက် ပျံသန်းနေခဲ့ပါက သူတို့သည် နောက်ထပ် ခုနစ်မိနစ်၊ ရှစ်မိနစ်ခန့်တွင် အမြောက်များ၏ ပစ်ခတ်နိုင်သည့် အကွာအဝေး အတွင်းသို့ ရောက်ရှိလာပေတော့မည်။

"ရှယ်ဗီ မိန်းကလေး... ရန်သူတွေက ဘယ်အရပ်မျက်နှာကို မူတည်ပြီး ပျံသန်းလာတယ် ဆိုတာကို ကျေးဇူးပြုပြီးမှ ပြောပြပေးပါ...

+

တကယ်လို့ သူတို့က မြို့တွင်းကို ဝင်ဖို့ ရည်ရွယ်နေတယ် ဆိုရင် သူတို့က ဘယ်ဘက်ကနေ ပျံသန်းလာနိုင်မလဲ ဆိုတာကိုလည်း ခန့်မှန်းပေးပါ" ဆက်သွယ်မှု အတွက် တာဝန်ယူထားရသော အစောင့်က မေးလိုက်သည်။

ရန်သူများ၏ အခြေအနေကို အချိန်မီ သတင်းပေးပို့နိုင်ရန် ရိုလန်သည် မြောက်ပိုင်း ဆင်ခြေလျှော တောင်တန်း၏ နောက်ဖေးခြံဝင်းတွင် ပြုလုပ်ထားသော တယ်လီဖုန်း ရှေ့ပြေးပုံစံကို မြို့တော်ခန်းမသို့ ရွှေ့ထားလိုက်သည်။ ဆောင်းမဲ့မြို့တော်နှင့် လောင်းဆောင်းခံတပ်တို့အား ဆက်သွယ်ထားသည့် တယ်လီဖုန်းလိုင်း အပြင် ထိုအရာသည်

+

မြို့အတွင်းမှ ပထမဆုံး တယ်လီဖုန်းလိုင်း ဖြစ်ပေသည်။

အကွာအဝေး အကန့်အသတ် ရှိနေသဖြင့် လိုင်းတစ်ဘက်ခြမ်းမှ တယ်လီဖုန်းအား တတိယ နယ်စပ်မြို့၏ ဝင်ပေါက်တွင် တပ်ဆင်ထားရသည်။ ရိုလန်သည် ရှယ်ဗီအား ကူညီနိုင်ရန် အစောင့်နှစ်ယောက်ကို စီစဥ်ထားပြီး သူမအား ကာကွယ်ရန် နတ်ဘုရား စီရင်ခြင်း စုန်းမ နှစ်ယောက်အား စေလွှတ်ထားသည်။

"လမ်းအမှတ်ငါး ဒါမှမဟုတ် အမှတ်ကိုးပဲ" ရှယ်ဗီက သူမ၏ လက်များမှ ချွေးများကို သုတ်လိုက်သည်။ "ဒါပေမဲ့ သူတို့က မြို့ရင်ပြင်ထံကိုလည်း

+

ပျံသန်းသွားနိုင်သေးပြီး အဲ့ဒီမှာ လူအချို့
ကျန်နေနိုင်သေးတယ်"

နတ်ဆိုးသားရဲများက လူများဖြင့် ပြည့်နေသော
ဈေးအတွင်းသို့ ပျံသန်း ဝင်ရောက် သွားခဲ့ပါက
နောက်ဆက်တွဲ အကျိုးဆက်များက စဥ်းစား၍
မရနိုင်အောင် ဖြစ်သွားမည်ကို သူမက စိုးရိမ်နေခြင်း
ဖြစ်သည်။

"ကျွန်တော်သိပြီ" အစောင့်က ဖုန်းကို
ကောက်ကိုင်လိုက်ကာ ရှယ်ဗီ ပြောပြခဲ့သည့်
အရာများကို ဖုန်းလိုင်း တစ်ဘက်ခြမ်းမှ လူထံသို့
ပြန်လည် ပြောပြလိုက်သည်။

+

"နေပါဦး" ရှယ်ဗီက ရုတ်တရက် သူမ၏ အသံကို မြှင့်လိုက်သည်။ "သူတို့က အပေါ် တက်သွားကြပြီ"

"သူတို့က မြို့ရိုးအပေါ်ကနေ ဖြတ်ပျံဖို့ စီစဉ်နေတာလား" အစောင့်က စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"ဒါပေမဲ့ တစ်ချိန်ထဲမှာ သူတို့ရဲ့ အရှိန်က နှေးသွားလိမ့်မယ်... အခုဆိုရင် မြို့ရိုးထိပ်က အစောင့်တွေက သူတို့ကို တိုက်ရိုက် မြင်နေနိုင်လောက်ပြီ"

+

သူမ၏ စကား မဆုံးခင်ပင် သေနတ်
ပစ်ခတ်သံများကို ဖုန်းလိုင်းမှ တဆင့် ဝိုးတဝါး
ကြားလိုက်ရလေသည်။

မြို့ရိုးပေါ်မှ အစောင့်များသည် ပထမ စစ်တပ်၏
လက်ရွေးစင် စစ်သားများ ဖြစ်ကြကာ
နှင်းတောင်တန်း စူးစမ်းလေ့လာရေး ခရီးတွင်လည်း
ပါဝင်ခဲ့သူများ ဖြစ်ကြသဖြင့် မိစ္ဆာများကို
မြင်ခဲ့ရသော်လည်း တည်ငြိမ်နေဆဲ ရှိနေသေးသည်။
ကျည်ဆန်ကို ချွေတာရန် ကြိုးစားသည့် အနေဖြင့်
အဖွဲ့ များစွာတို့သည် အလှည့်ကျ ဖြည်းဖြည်းချင်း
ပစ်ခတ်နေကြသည်။

+

ဤအချိန်၌ ရှယ်ဗီသည် ပြဿနာ တစ်ခုကို သတိပြုမိခဲ့သည်။

အစောင့်များ အနေဖြင့် ကောင်းကင်ပေါ်မှ ပစ်မှတ်များကို ပစ်ခတ်ရခြင်းသည် မြေပြင်ပေါ်မှ မိတ္တာသားရဲများ သို့မဟုတ် နတ်ဘုရား စီရင်ခြင်း စစ်သည်တော်များကို ပစ်ခတ်ရခြင်းထက် များစွာပို၍ ခက်ခဲပေသည်။

သူတို့သည် ကောင်းကင်ပေါ်မှ ရန်သူများ၏ ရွေ့လျားမှုကို ခန့်မှန်းနိုင်စွမ်း မရှိသဖြင့် မည်သည့်ထောင့်မှ နေ၍ ပစ်ခတ်ရမည်ကို မသိနေကြပေ။ သို့ဖြစ်၍ အခေါက်ပေါင်းများစွာ ပစ်ခတ်ခဲ့အပြီးတွင် နတ်ဆိုးသားရဲများက ဒဏ်ရာ

+

မရသွားကြပဲ ယခုအချိန်၌ သူတို့သည် မြို့ရိုးနှင့် ၁၅၀ မီတာခန့် အကွာအထိ ရောက်လာကြပြီ ဖြစ်သည်။

သူတို့သည် မြေပေါ်မှ မီတာ တစ်ရာကျော် အကွာတွင် နေနေကြသဖြင့် အစောင့်များသည် သေနတ်ပြောင်းကို အပေါ်သို့ မြှောက်၍ ရန်သူများကို ချိန်ရွယ်ခဲ့ရသည်။ စစ်သားများသည် ပစ်ခတ်မှုနှုန်းကို များစွာ တိုးမြှင့်ခဲ့သော်လည်း ပစ်မှတ် တစ်ခုကိုမှ မထိမှန်နိုင်ခဲ့ပေ။

ဤအချိန်၌ နတ်ဆိုးသားရဲများသည် အရှေ့သို့ မပျံသန်းကြတော့ပဲ ကောင်းကင်ပေါ်တွင်သာ ရစ်ဝဲနေလေသည်။

+

ရှူးသွပ်မိစ္ဆာများ၏ လက်မောင်းများကလည်း လျင်မြန်စွာ ဖောင်းကားလာကြသည်။

"မဟုတ်ဘူး" ရှယ်ဗီက မအောင့်နိုင်ပဲ အော်ဟစ်လိုက်သည်။ "အစောင့်တွေကို မြို့ရိုးပေါ်ကနေ တတ်နိုင်သမျှ အမြန်ဆုံး ဆုတ်ခွာဖို့ အကြောင်းကြားလိုက်ပါ"

"ဘယ်လို" အစောင့်က စိတ်ရှုပ်ထွေးသွားသည်။ "နောက်ဆုတ်ရမှာလား"

ကံမကောင်းစွာဖြင့် သူတို့က နောက်ကျသွားခဲ့ပြီး မိစ္ဆာများက အရိုးလုံများကို ပစ်လွှတ်ခဲ့ပြီး

+

ဖြစ်နေသည်။ မျက်စိတစ်မှိတ်လေး အတွင်းတွင်
အဖြူရောင် အလင်းတန်း လေးတန်းတို့သည်
မြို့ရိုးပေါ်သို့ ကျလာကြကာ အကာအကွယ်
ကင်းမဲ့နေသော အစောင့်များကို
ထိမှန်သွားကြသည်။

ကြာပန်း တည်ဆောက်ပေးထားသော နံရံသည်
သူတို့အား ကောင်းကင်ပေါ်မှ ကျရောက်လာသော
တိုက်ခိုက်မှုကို မကာကွယ်ပေးနိုင်ခဲ့ပေ။

သို့သော်လည်း ရှယ်ဗီ၏ မျှော်လင့်ချက်မှ
ကျော်လွန်သွားပြီး ဒုတိယ အကြိမ် တိုက်ခိုက်ရမည့်
အစား ရန်သူများသည် သူတို့၏ လက်မောင်းများ
ညှိုးခြောက်သွားခဲ့ အပြီးတွင် ထူးခြားသော

+

အသံအချို့ကို ထုတ်လွှတ်လိုက်ကာ တိရစ္ဆာန်
အရေပြား များစွာတို့အား ကြဲချလိုက်ကြသည်။

ပြီးတာနှင့် သူတို့သည် သူတို့လာခဲ့သည့်
နေရာဖြစ်သည့် မြက်ခင်းလွင်ပြင် ထံသို့ ပျံသန်း
ထွက်ခွာသွားကြလေသည်။

သူတို့၏ ရုတ်တရက် တိုက်ခိုက်မှုသည်
ရုတ်တရက်ပင် ပြီးဆုံးသွားခဲ့ပြီး ခဏအကြာတွင်
မိုးကုပ်စက်ဝိုင်း အတွင်းသို့ ဝင်ရောက်
ပျောက်ကွယ်သွားခဲ့သည်။

ရှယ်ဗီသည် မြို့ရိုးပေါ်မှ အခြေအနေကို
မကြည့်ရက်တော့ပေ။ အရိုးလုံများ ထိမှန်သွားသည့်

+

အစောင့်များမှာ သေဆုံးသွားပြီး ကျန်သော စစ်သားများက သူတို့အား မည်မျှအထိ လှုပ်ခါခဲ့စေကာမူ မျက်လုံးများကို ပြန်မဖွင့်တော့ပဲ သူတို့ ဒဏ်ရာထံမှ ထွက်လာသော သွေးများက သူတို့၏ ခန္ဓာကိုယ်အောက်တွင် သွေးအိုင်တစ်ခု ဖြစ်သွားခဲ့သည်။

လေထုတွင်းမှ ဖြည်းဖြည်းချင်း ကျဆင်းလာသည့် မိစ္ဆာများ ချန်ရစ်ခဲ့သော တိရစ္ဆာန် သားရေများသည် ရုပ်ပုံများ ဖြစ်နေခဲ့သည်။

သူတို့အနက်မှ အသိသာဆုံး ရုပ်ပုံတစ်ခုမှာ ရောမ ဝံပုလွေ တစ်ကောင်၏ ရုပ်ပုံပင် ဖြစ်ပေတော့သည်။

+

# စာစဉ် ၆၂ : အပိုင်း ၉

## အပိုင်း ၉၂၄ : မိစ္ဆာတို့၏ လှည့်ကွက်ဟောင်း တစ်ခု

"ဒါတွေ အားလုံးရဲ့ အဓိပ္ပာယ်က ဘာလဲ"
ရိုလန်သည် စားပွဲပေါ်မှ တိရစ္ဆာန် အရေပြားများအား ကြည့်နေရင်း လေးနက်သော အသံတစ်ခုဖြင့် မေးလိုက်သည်။ သူ၏ မျက်နှာမှာမူ အမူအရာ ကင်းမဲ့လျက်ရှိသည်။

မိစ္ဆာများသည် မြို့ရိုးပေါ်သို့ အလစ် ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး ရန်စသော သတင်းတစ်ခုကို ချန်ရစ်ခဲ့သည်။ သို့သော်လည်း ယခုအချိန်သည် ဤရန်စမှုကို တုံ့ပြန်ရန် အချိန်ကောင်း တစ်ခု

+

မဟုတ်သဖြင့် သူက မည်မျှပင် အမျက်ဒေါသ ထွက်နေသော်လည်း သူ့ကိုယ်သူ အတတ်နိုင်ဆုံး ထိန်းချုပ်ထားနိုင်ခဲ့သေးသည်။

အရာရှိများက အချင်းချင်း စိတ်လှုပ်ရှားစွာ ကြည့်နေခဲ့သော်လည်း တစ်ယောက်ကမှ ဘုရင်၏ မေးခွန်းကို မဖြေဆိုရဲကြပေ။

ကိုယ့်ဘာသာကိုယ် အဖြေရှာနိုင်သော ရုပ်ပုံများ၏ အဓိပ္ပာယ်ကို ဖော်ပြခြင်းအားဖြင့် အမျက်ထွက်နေသော ဘုရင်အား တစ်ယောက်ကမှ စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်လိုနေကြပေ။

+

သံသယဖြစ်ဖွယ် မရှိပဲ ရောမ ဝံပုလွေမှာ လော်ဂျာ ဖြစ်သည်။

အခြား ရုပ်ပုံများမှာ ဒူးထောက်ထိုင်နေကြသော သာမန်လူများ၊ ချည်နှောင်ခြင်း ခံထားရသော စုန်းမ တစ်ယောက်၊ မီးတောက်လောင်နေသော မြို့ရိုးနှင့် အလောင်းများဖြင့် ပြန့်ကျဲနေသော မြို့ပျက်တစ်ခုတို့ အသီးသီး ဖြစ်ကြသည်။

သူတို့သည် လျင်မြန်စွာ ရေးဆွဲထားသော ပုံကြမ်းများနှင့် တူနေသော်လည်း နားလည်ရ လွယ်ကူပေသည်။

+

ရုပ်ပုံများ၏ စီထားပုံ အရ ခြိမ်းခြောက်သော ကမ်းလှမ်းမှု တစ်ခု ဖြစ်နေသည်။

မိစ္ဆာများသည် ဆောင်းမဲ့မြို့တော်အား ဝံပုလွေ ကောင်မလေးကို သူတို့အား ပေးအပ်ရန် ဆန္ဒရှိနေပြီး သာမန်လူများအား လက်နက်ချကာ အညံ့ခံရန် တောင်းဆိုနေခဲ့သည်။ မဟုတ်လျှင် သူတို့သည် ခုခံသူများအား အပြတ်ရှင်းကာ မြို့ကို မီးရှို့ပစ်ကြပေလိမ့်မည်။

ရိုလန်သည် ဘေးပတ်ပတ်လည်သို့ ကြည့်လိုက်ပြီး အသက်ပြင်းပြင်း ရှူကာ သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်လည် ကြိုးစားလိုက်သည်။ အရာရှိများသည် တိုက်ခိုက်လိုစိတ်များ

+

ပျောက်ကွယ်ကာ အချို့ကမူ ကြောက်ရွံ့နေသည့်ပုံများပင် ပေါက်နေကြောင်း သူက တွေ့လိုက်ရသည်။ ကံကောင်းစွာဖြင့် သူတို့ တစ်ယောက်ကမှ စုန်းမအား မိစ္ဆာများထံ ပေးအပ်ရန် သူ့အား အကြံမပေးခဲ့ကြပေ။

"အရှင်မင်းမြတ်... ဒါက မိစ္ဆာတွေရဲ့ ခြိမ်းခြောက်စာ သက်သက် မဟုတ်ပဲ ထောင်ချောက်တစ်ခု ဖြစ်နေပါတယ်" ဖိအားများနေသော ပတ်ဝန်းကျင်၏ အလယ်တွင် အလင်းတန်း တစ်တန်း ရုတ်တရက် ပေါ်လာကာ ပါရှာ၏ အသံက သူ၏ ခေါင်းအတွင်းတွင် မြည်လာခဲ့သည်။

+

"ဘာဖြစ်ခဲ့သလဲ ဆိုတာကို ရှယ်ဗီက ကျွန်မကို ပြောပြခဲ့ပြီးပြီ… မိစ္ဆာတွေ ပြောခဲ့တာကို ဘာတစ်ခုမှ မယုံကြည်ပါနဲ့… ဒါက သူတို့ လှည့်ကွက်ပဟောင်းတွေ အနက်က တစ်ခုသာ ဖြစ်တယ်"

ဘုရင်က အလောတကြီးဖြင့် ဆုံးဖြတ်ချက် တစ်ခု ချခဲ့မည်ကို စိုးရိမ်နေသည့် အတွက် သူမ၏ လေသံက စိတ်လှုပ်ရှားပုံ ပေါက်နေခဲ့သည်။

ရိုလန်သည် သူမ အဆိုပြုချက်၏ နောက်ကွယ်မှ ရှုပ်ထွေးမှုများကို ချက်ချင်း သတိပြုမိသည်။

+

"မင်းတို့ကလည်း အရင်က ဒီလိုမျိုး တစ်စုံတစ်ရာကို ကြုံတွေ့ခဲ့ဖူးလား"

"အတိအကျ ပြောရရင် ဒါက သာမန်လူတွေရဲ့ သခင် တစ်ယောက်ထံမှာ ဖြစ်ပျက်ခဲ့တာပဲ" ပါရှာက လေးနက်စွာဖြင့် ပြောလိုက်သည်။ "ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲ အတွင်းမှာ မိစ္ဆာတွေက ဒီလှည့်ကွက်ကို သုံးပြီးမှ သာမန်လူတွေနဲ့ စုန်းမတွေ အကြားမှာ သွေးခွဲဖို့ ကြိုးစားခဲ့ဖူးတယ်… သူတို့က ဒီလိုနည်းတွေနဲ့ အရှဏ်ဦး နယ်မြေကို တတိတိနဲ့ ဝါးမျိုခဲ့တာပဲ ဖြစ်တယ်"

ပြီးတာနှင့် ရှေးဟောင်းစုန်းမက ထောင်ချောက် အကြောင်းကို ဆက်လက် ရှင်းပြလိုက်သည်။

+

"ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲ အတွင်းမှာ မိစ္ဆာတွေက စစ်မြေပြင်မှာ ခက်ထန်စွာ တိုက်ခိုက်ခဲ့ရုံတင် မက စုန်းမတွေကို မကောင်းကြံခဲ့သေးတယ်… သူတို့က မြို့တစ်မြို့ရဲ့ သခင်ကို သူတို့ရဲ့မြို့ကို အတိုက်ခိုက်မခံချင်ရန် စုန်းမတွေကို ပေးအပ်ဖို့ အကျပ်ကိုင်ခဲ့တယ်… အဲ့ဒီအချိန်က သာမန်လူနဲ့ စုန်းမတွေဟာ အတူတကွ ငြိမ်းချမ်းစွာ နေခဲ့ကြတယ်"

"စုန်းမတွေက လူနည်းစုသာ ဖြစ်ကြပေမဲ့ သူတို့ရဲ့ စွမ်းရည်တွေကို ဖုံးကွယ်ထားစရာ မလိုနေတဲ့ အတွက် အလွယ်တကူ ရှာဖွေ တွေ့ရှိနိုင်တယ်"

+

"စစ်ပွဲမှာ အသက်ရှင် ကျန်လိုနေကြတဲ့ အတွက် စုန်းမတွေ အနည်းငယ်သာ ရှိတဲ့ မြို့တွေဟာ မိစ္ဆာတွေနဲ့ အပေးအယူ လုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်... ဒါကြောင့်မို့ စစ်မြေပြင်ကနေ အခုလေးတင် ပြန်လာတဲ့ စုန်းမတွေဟာ သူတို့ ကိုယ်ပိုင်မြို့က လူတွေရဲ့ ဖမ်းဆီးခြင်း... သုတ်သင်ခြင်းကို ခံခဲ့ရတယ်"

"ဒီလို အခြေအနေမျိုး အောက်မှာ စုန်းမတွေနဲ့ သာမန်လူတွေ အကြားက စိတ်ဝမ်းကွဲမှုတွေက တဖြည်းဖြည်း ပိုဆိုးလာပြီး လုံးဝ သစ္စာအဖောက်ခံခဲ့ရအပြီးမှာ စုန်းမတွေဟာ သာမန်လူတွေနဲ့ လုံးလုံးလျားလျား လမ်းခွဲခဲ့ကြတယ်"

+

"ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲ အလယ်မှာ အရဏ်ဦး
နယ်မြေရဲ့ အလယ်ပိုင်းမှာ တည်ရှိတဲ့
မြို့ကြီးနှစ်မြို့ဟာ မိစ္ဆာတွေကို တိုက်ခိုက်ဖို့
ညွန့်ပေါင်း အဖွဲ့ နှစ်ဖွဲ့ ဖွဲ့ထားခဲ့ကြတယ်...
အဲ့ဒီအနက်က တစ်ဖွဲ့ကို စုန်းမတွေက ထိန်းချုပ်ပြီး
ကျန်တဲ့ တစ်ဖွဲ့ကို သာမန်လူတွေက
ဦးဆောင်ခဲ့တယ်"

"ပြင်းထန်လှတဲ့ တိုက်ပွဲတစ်ခု အတွင်းမှာ
သာမန်လူတွေရဲ့ စစ်တပ်ဟာ ရုတ်တရက်
မိစ္ဆာတွေထံ အညံ့ခံလိုက်ကြပြီး စုန်းမတွေရဲ့
စစ်တပ်ဟာ နောက်ပြန်ဆုတ်ခဲ့ပေမဲ့ သူတို့အရင်
မဟာမိတ်တွေရဲ့ ဝန်းရံ တိုက်ခိုက်ခြင်းကို

+

ခံခဲ့ရတယ်… သာမန်လူတွေဟာ နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးတွေနဲ့ ပြုလုပ်ထားတဲ့ လက်နက်တွေကိုတောင် အသုံးပြုပြီးမှ သူတို့ကို တိုက်ခိုက်ခဲ့ကြတယ်"

"စုန်းမတွေဟာ အားအင် ကုန်ခန်းနေကြပြီး အစောပိုင်းက မိစ္ဆာတွေနဲ့ တိုက်ပွဲမှာ သူတို့ရဲ့ စစ်သည်တော် တစ်ဝက်ကျော်တို့ကို ဆုံးရှုံးထားကြပြီး ဖြစ်လို့ အပြင်းအထန် ခုခံ တိုက်ခိုက်ခဲ့ကြပေမဲ့ နောက်ဆုံးမှာ အရှုံးပေးခဲ့ရတယ်"

"ပြီးတာနဲ့ စုန်းမတွေရဲ့ ခေါင်းဆောင်တွေဟာ လူပုံအလယ်မှာ ခေါင်းဖြတ်ခံခဲ့ရပြီး

+

သာမန်လူတွေက လက်ကျန်စုန်းမ အချို့ကို မိစ္ဆာတွေထံ ပေးပို့လိုက်ပြီး အများစုကို ကျေးကျွန် ပြုခဲ့ကြတယ်"

"ဖက်ဒရေးရှင်းဟာ ဒီဖြစ်စဥ်ကို 'အနီရောင် သစ္စာဖောက်မှု'လို့ အမည်ပေးခဲ့ပြီး ကျွန်မတို့ အတွက် လေးနက်တဲ့ သင်ခန်းစာ တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြတယ်… အဲ့ဒီနေ့က စပြီး စုန်းမတွေနဲ့ သာမန်လူတွေက လုံးဝကို နှစ်ခြမ်းကွဲသွားကြတာပဲ"

"မိစ္ဆာတွေကို အညံ့ခံခဲ့ကြတဲ့ မြို့တွေကလည်း သူတို့ မျှော်လင့်ထားသလို ကြာကြာ မရှင်သန်နိုင်ခဲ့ဘူး… သာမန်လူတွေကို စုန်းမတွေ အပေါ်မှာ သစ္စာဖောက်စေခဲ့တာက မိစ္ဆာတွေရဲ့ အစီအစဥ်

+

အဆင့်တစ်ပဲ ရှိသေးပြီး တကယ်လို့ မိစ္ဆာတွေရဲ့ ရှေ့တန်း ကင်းစခန်းတွေဟာ မြို့တွေနဲ့ လုံလောက်အောင် နီးကပ်နေရင် သူတို့က လာရောက် တိုက်ခိုက်ဖို့ လုံးဝ ဝန်မလေးခဲ့ဘူး"

"'အနီရောင် သစ္စာဖောက်မှု'ကို စတင်ခဲ့တဲ့ သခင်ကလည်း ချွင်းချက် မဟုတ်ခဲ့ဘူး... သူက မိစ္ဆာတွေရဲ့ အမိန့်ကို လိုက်နာပြီး သူတို့ရဲ့ မြူခိုးငွေ့ သိုလှောင်မှု မျှော်စင်နဲ့ ရှေ့တန်း ကင်းစခန်းတွေကို တည်ဆောက်ရာမှာ ကူညီခဲ့ပြီး သတင်း အချက်အလက်တွေကိုပါ ပေးခဲ့သေးပေမဲ့ နောက်ဆုံးမှာ သူ့ရဲ့ လက်ကျန် နေ့ရက်တွေကို ငြိမ်းချမ်းစွာ မဖြတ်သန်းခဲ့ရဘူး"

+

"သူက သူ့ရဲတိုက် အတွင်းမှာပဲ အကျဉ်းချခံခဲ့ရပြီး ဆာလောင် ငတ်မွတ်ကာ သေဆုံးသွားရတယ်လို့ အဆိုရှိသလို မိစ္ဆာတွေက လူသား မျိုးနွယ်စု အားလုံးကို နှိမ်နင်းဖို့ ရည်ရွယ်ထားတယ်လို့ သိရှိခဲ့အပြီး သူ့နယ်မြေ အတွင်းကနေ ထွက်ပြေးသွားတဲ့ အချိန်မှာ လက်စားချေလိုနေတဲ့ စုန်းမ တစ်အုပ်စုရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်လို့ ကောလာဟလတွေလည်း ရှိနေတယ်"

"ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲ အပြီးမှာ လူသားတွေဟာ အရဏ်ဦး နယ်မြေကို လက်လွှတ် ဆုံးရှုံးခဲ့ရပြီး ကျွန်မတို့ နယ်မြေ အများစုဟာ လူသူ ကင်းမဲ့သွားခဲ့တယ်… အဲ့ဒီအချိန်က စပြီး မိုးကုပ်စက်ဝိုင်း အပေါ်က အနီရောင်

+

မြူခိုးငွေ့တွေဟာ ကျွန်မတို့အတွက်
အိမ်မက်ဆိုးတွေ ဖြစ်ခဲ့တယ်"

"စုန်းမ ဖက်ဒရေးရှင်းဟာ ဒီကျရှုံးမှုကနေ ပြန်လည်
နိုးထလာနိုင်ခဲ့ပြီး နောက်နှစ်ရာပေါင်း အနည်းငယ်
အတွင်းမှာ ဖွံ့ဖြိုးသော နယ်မြေရဲ့ အုပ်ချုပ်သူတွေ
ဖြစ်လာခဲ့တယ်"

ဤဇာတ်လမ်း အဆုံးတွင် ရိုလန်သည် ပါရှာထံမှ
အံ့သြ တုန်လှုပ်ဖွယ်ရာ ကောလာဟလ တစ်ခုကို
ကြားလိုက်ရသည်။

"ဖက်ဒရေးရှင်းရဲ့ အထက်တန်း အဆင့်က
စုန်းမတွေ အကြားမှာ ကျော်စောသတင်း တစ်ပုဒ်

+

ရှိနေခဲ့သေးတယ်… အဲ့ဒီ ကောလာဟလ အရ မိစ္ဆာတွေဟာ ဒီလှည့်ကွက်ကို လူသားတွေ ကိုယ်တိုင်ထံကနေ ရခဲ့တာပဲ"

"ခင်ဗျားက ဘာပြောလိုက်တယ်" ရိုလန်က မေးလိုက်ပြီးမှ ပါရှာသည် သူ့အား ကောလာဟလ တစ်ခုကိုသာ ပြောပြခဲ့မှန်းကို လျင်မြန်စွာ သဘောပေါက်သွားခဲ့သည်။

ခန်းမ အတွင်းမှ အရာရှိများကလည်း ဘုရင်က အဘယ်ကြောင့် ဤကဲ့သို့ မေးခွန်းတစ်ခု မေးခဲ့သည်ကို စဥ်းစားနေကြပြီး စိတ်ရှုပ်ထွေးသွားကြသည်။

+

"ပထမ စစ်တပ် မတိုင်ခင် နှစ်ပေါင်းများစွာ အကြာမှာ မိစ္ဆာတွေက သားရဲတွေနဲ့ ဘာမှ မခြားနားခဲ့စဉ်ကတည်းက လူအချို့ဟာ သူတို့နဲ့ ဆက်သွယ်မိပြီး ဗဟုသုတတွေကို သင်ကြားပေးခဲ့တယ်လို့ အဆိုတစ်ခု ရှိခဲ့တယ်" ပါရှာက အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒါကြောင့်မို့ အကြီးတန်း မိစ္ဆာတွေက လူသား မျိုးနွယ်စုတွေနဲ့ တူနေခဲ့တယ်လို့ လူအချို့က ယုံကြည်ခဲ့ကြတယ်... ဒါပေမဲ့ ခေါင်းဆောင် သုံးယောက်တို့က ဒါဟာ လုံးဝကို အဓိပ္ပာယ် မရှိဘူးလို့ ယူဆခဲ့ကြပြီး လူတွေကို ဒီအကြောင်း ပြောဆိုခြင်းမှ ပိတ်ပင်ထားခဲ့တယ်... ဒါကြောင့်မို့ ဖက်ဒရေးရှင်းက အဆင့်မြင့် စုန်းမတွေကသာ ဒီအကြောင်းကို သိခဲ့ခြင်း ဖြစ်တယ်"

+

ရိုလန်က သူ၏ အသက်ကို အောင့်ထားလိုက်ပြီးမှ ရှေးဟောင်းစုန်းမအား သူ၏ စိတ်အတွင်းမှ နေ၍ မေးလိုက်သည်။ "ခင်ဗျားကရော ဒါကို ယုံကြည်နေသလား"

"ကျွန်မကလည်း မသေချာနေဘူး" အံ့အားသင့်စရာ ကောင်းစွာ ပါရှာက ထိုကောလာဟလအား သိပ်မသေချာနေခဲ့ပေ။ "တကယ်လို့ ဒါက မှန်နေခဲ့ရင် ကျွန်မတို့ဟာ မိစ္ဆာတွေနဲ့ ဆက်သွယ်တဲ့ အချိန်မှာ အလွန်အမင်း သတိထားရလိမ့်မယ်လို့ ဆိုလိုနေခဲ့တာပဲ"

+

ခေတ္တမျှ စဉ်းစားခဲ့အပြီးတွင် ရိုလန်က ပါရှာအား ကောလာဟလ၏ အသေးစိတ် အချက်အလက် တစ်ခုအား မေးလိုက်သည်။ "ဒီဇာတ်လမ်း အတွင်းက လူဟာ စုန်းမတစ်ယောက်လား ဒါမှမဟုတ် သာမန်လူ တစ်ယောက်လား"

ပါရှာက သက်ပြင်း အနည်းငယ် ချလိုက်သည်။ "အချို့လူတွေက သူ့ကို စုန်းမ တစ်ယောက်လို့ ပြောကြပြီး အချို့ကတော့ သူ့ကို သာမန်လူ တစ်ယောက်လို့ပဲ ပြောခဲ့ကြတယ်"

ဘယ်လောက်အထိ မယုံကြည် မစိတ်ချရတဲ့ ကောလာဟလ တစ်ခုလဲ။ ရိုလန်က တွေးလိုက်သည်။

+

သူသည် ဖက်ဒရေးရှင်းမှ ခေါင်းဆောင် သုံးယောက်တို့၏ ထိုကောလာဟလအား ပိတ်ပင်သည့် ဆုံးဖြတ်ချက်ကို သဘောတူခဲ့သည်။ ဘာပဲပြောပြော မိစ္ဆာများသည် သူတို့၏ ရန်သူဖြစ်သော လူသားများ အကြောင်းကို မည်ကဲ့သို့ သိခဲ့စေကာမူ သူတို့အနေဖြင့် နောက်လိုက်များကို လမ်းညွှန်ကာ မိစ္ဆာများကို အနိုင်ယူ တိုက်ခိုက်ရဦးမည် ဖြစ်သည်။

"တကယ်လို့ သခင် တစ်ယောက်က မိစ္ဆာတွေရဲ့ ကမ်းလှမ်းချက်ကို လက်မခံခဲ့ရင် သူတို့က ဘာလုပ်ခဲ့သလဲ"

+

"သူတို့က သူ့ကို ဆက်တိုက် အနှောင့်အယှက် ပေးနေပြီး သူအညွှံခံ အရှုံးပေးတဲ့ အထိ စစ်တပ်ကို သူ့မြို့ထံ စေလွှတ်ကာ ပိတ်ဆို့ တိုက်ခိုက်ခဲ့တယ်" ပါရှာက ပြောလိုက်သည်။ "ဒါပေမဲ့ ဒီလှည့်ကွက်ဟောင်းဟာ မြို့ငယ် ရွာငယ်တွေကို အနိုင်ယူတဲ့ နေရာမှာ အမတန်မှ အသုံးဝင်ခဲ့တယ်"

"မိစ္ဆာတွေက ပြန်လာလိမ့်ဦးမယ်လို့ ခင်ဗျားက ပြောချင်နေတာလား" ရိုလန်က နှာခေါင်းရှုံ့လိုက်သည်။ "ဘားရော့"

"မှန်လှပါ" မြို့တော်ခန်းမ ဝန်ကြီးချုပ်က ချက်ချင်း တုံ့ပြန်လိုက်လေသည်။

+

"မြို့သူ မြို့သားတွေကို စိတ်အေးသွားအောင် အရင် လုပ်ပေးလိုက်ပါ... ပြီးတာနဲ့ တိုက်ပွဲမှာ ကျဆုံးသွားတဲ့ ရဲဘော်တွေ အတွက် အောက်မေ့ဖွယ် အခမ်းအနား လုပ်ပေးရမယ်... ဒါက ပူဆွေးနေတဲ့ လူတွေကို စိတ်ဓာတ် မြှင့်တင်ပေးနိုင်ဖို့ အကောင်းဆုံး နည်းလမ်းပဲ" ရိုလန်က စကား တစ်လုံးချင်းစီကို တိကျ ပြတ်သားစွာဖြင့် ပြောလိုက်သည်။

"မိစ္ဆာတွေ အနေနဲ့ကတော့ ငါဟာ သူတို့ကို အခုအချိန်မှာ အခြေအနေတွေက မတူတော့ဘူး ဆိုတာကို ပြသရလိမ့်မယ်... ဒါက ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲ မဟုတ်တော့ဘူး"

+

# စာစဥ် ၆၂ : အပိုင်း ၁၀

## အပိုင်း ၉၂၅ : လေကြောင်း ကာကွယ်မှု စနစ်

ရိုလန်သည် ဖြေရှင်းရန် လိုအပ်နေသော ပြဿနာများကို စာရင်း ပြုစုခဲ့သည်။ လေကြောင်း ကာကွယ်မှု ကွန်ရက်တစ်ခု မရှိနေခြင်းကလည်း သယ်ယူပို့ဆောင်မှု ပြဿနာကဲ့သို့ပင် ပြဿနာကြီး တစ်ခု ဖြစ်နေပေသည်။

လေကြောင်း အသာစီး ရယူရန် အရေးကြီးမှုက သူ၏ ခေါင်းအတွင်းသို့ ဝင်လာခဲ့သည်။ သူသည် ဤသင်ခန်းစာအား သူ့ယခင် ကမ္ဘာရှိ စစ်ပွဲ သမိုင်းများ အတွင်းမှ ရရှိခဲ့ခြင်း ဖြစ်သည်။

+

လေကြောင်း အားသာချက် ရနေသော စစ်တပ် တစ်ခုသည် မည်သည့် အချိန် မည်သည့် အရပ်မျက်နှာမှ မဆို တိုက်ခိုက်မှု တစ်ခု ပြုလုပ်နိုင်ပြီး ရေဒါများ မပေါ်ခင်က မြေပေါ်မှ လူတစ်ယောက်ကမှ ကျယ်ပြန့်လှသော ကောင်းကင်ထံမှ ရန်သူများကို အနိုင်ယူနိုင်ရန် ဝေးစွ၊ မြင်ပင် မမြင်နိုင်ခဲ့ပေ။

ထိုအကြောင်းကို စိတ်တွင် တွေးခဲ့ပြီးနောက် သူသည် သူ့စစ်တပ်၏ လေကြောင်း ကာကွယ်မှု စွမ်းရည်များကို တတ်နိုင်သမျှ မြှင့်တင်ရန် ပြင်ဆင်ခဲ့သည်။ မဟုတ်လျှင် သူသည် တက်ကီလာ

+

မြို့ပျက်များ အနီးတွင် အမြောက်တပ်ဖွဲ့ တစ်ခုကို နေရာချနိုင်လိမ့်မည် မဟုတ်ချေ။

လော်ဂျာက သူတို့၏ လိုက်လံ ဖမ်းဆီးမှုမှ လွတ်မြောက်ခဲ့အပြီးတွင် မိစ္ဆာများသည် အနောက်ပိုင်း ဒေသ၏ နယ်စပ်သို့ အကြိမ်ပေါင်းများစွာ ပျံသန်းလာ၍ စူးစမ်း ရှာဖွေခဲ့ပြီး ဆောင်းမဲ့မြို့တော်မှ နေထိုင်သူ အများစုက သာမန်လူများ ဖြစ်မည်ဟု ကောက်ချက်ချခဲ့မည်ဟုဟု သူက မှန်းဆမိသည်။

ထို့ကြောင့်ပင် သူတို့က ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲတွင် အသုံးပြုခဲ့သော လှည့်ကွက်ဟောင်းကို ထပ်ဖန်တစ်ခါ အသုံးပြုခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

+

မိစ္ဆာများ၏ စုံစမ်း စစ်ဆေးမှု အဖွဲ့များသည် တစ်နည်းတစ်ဖုံအားဖြင့် ဖြတ်သန်း၍ မရနိုင်သော တောင်တန်း အတွင်းမှ ကင်းမျှော်စင်များနှင့် မြေရိုင်းဒေသ အတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်သွားကြသော နတ်ဘုရား စီရင်ခြင်း စုန်းမများကို ရှောင်ရှားနိုင်ခဲ့သည်။

အကယ်၍ ရှယ်ဗီက ကင်းထောက်တာဝန်ကို ယူထားခြင်း မရှိပါက ရှေ့တန်း အစောင့်များသည် ချဉ်းကပ်လာသော မိစ္ဆာများက မြို့ရိုးအနီးသို့ ရောက်လာသည့် အချိန်အထိ တွေ့ကြလိမ့်မည် မဟုတ်ချေ။

+

မြို့ရိုးပေါ်မှ တိုက်ပွဲသည် လက်ရှိ နည်းပညာ အားနည်းချက်များကို ထောက်ပြနေခဲ့ပြီး ကောင်းကင်သည် ဆောင်းမဲ့မြို့တော်၏ ခံစစ်လိုင်း၏ အဓိက အားနည်းချက် ဖြစ်ကြောင်းကို သက်သေပြနေခဲ့သည်။

ဘာပဲပြောပြော ဤခေတ်မှ လူများအနေဖြင့် လေကြောင်း တိုက်ခိုက်မှုများကို တုံ့ပြန်ရန် မပြောနှင့် လေကြောင်း တပ်ဖွဲ့များကို မှန်းပင် မမှန်းဆနိုင်ကြချေ။

ရိုလန်သည် ပျံသန်းနိုင်သော နတ်ဆိုးသားရဲများ အပေါ်မှ မိစ္ဆာများကို မြင်ခဲ့ပြီးကတည်းက လေကြောင်းခံစစ် ပြဿနာများကို အဖြေရှာနိုင်ရန်

+

စဉ်းစားနေခဲ့သော်လည်း သူတို့အနေဖြင့် မြို့ပေါ်သို့ ဤမျှအထိ စောစီးစွာ ရောက်လာခဲ့မည်ဟု လုံးဝ မမျှော်လင့်ထားခဲ့ပေ။

သူသည် လေကြောင်းခံစစ် လက်နက်များကို မတီထွင်ရသေးသလို ဖြတ်သန်း၍ မရနိုင်သော တောင်တန်းမှ ခံစစ်လိုင်းနှင့် တယ်လီဖုန်း ကွန်ရက်များကိုလည်း တည်ဆောက်၍ မပြီးသေးချေ။

ရှေ့တန်း အစောင့်များ အနေဖြင့် အစောပိုင်းမှ ဖြစ်ရပ်တွင် မိစ္ဆာနှင့် နတ်ဆိုးသားရဲ တစ်ကောင်ကိုမှ ပစ်မချနိုင်ခဲ့ခြင်းကို သူ့အနေဖြင့် လုံးဝ အံ့သြနေခြင်း မရှိပေ။ သူသည် အမြောက်နှင့် လေးလံသော

+

စက်သေနတ်များ အကြားမှ လွတ်နေသော
နေရာများကို ပစ်ခတ်နိုင်ရန်သာ ဆုံလည်
ရိုင်ဖယ်များကို အသုံးပြုခဲ့ခြင်း ဖြစ်ပြီး သူတို့သည်
မြေပြင်ပေါ်မှ ရန်သူများကို ဖိနှိပ်ရာတွင်
အတော်လေး အစွမ်းထက်ကြောင်းကို
သက်သေပြပြီး ဖြစ်သည်။

သို့သော်လည်း သေနတ်ပြောင်း၏ နည်းပါးသော
ဖိအားကြောင့် ဆုံလည် ရိုင်ဖယ် တစ်လက်သည်
ပစ်ခတ်နိုင်မှု အကွာအဝေး တိုတောင်းပြီး တိကျမှု
နည်းပါးကာ လေပေါ်မှ ရန်သူများ အပေါ်တွင်မူ
ထိရောက်မှု မရှိနိုင်ပေ။

+

ထို့အပြင် သူ၏ ထိမှန်နိုင်မှုက နည်းပါးပြီး ကျည်ကတ်တစ်ခုတွင် ကျည်ဆန်ငါးတောင့်သာ ထည့်ထားနိုင်သဖြင့် ပစ်ခတ်နိုင်မှုကလည်း အကန့်အသတ် ရှိနေသည်။ နောက်ဆုံးအနေဖြင့် သူ့တွင် ကောင်းကင်ပေါ်မှ ပစ်မှတ်များအား ချိန်ရွယ်ရန် သုံးချောင်းထောက်စင်နှင့် အခြား ကိရိယာများ မရှိနေသဖြင့် မြေပြင်မှ လေပေါ်ကို ပစ်ခတ်ရန် သင့်တော်သော လက်နက်များ မဟုတ်နေချေ။

သူသည် ဆုံလည် ရိုင်ဖယ်များ အားလုံးကို ဘို့တ်ရိုင်ဖယ်များနှင့် အစားထိုးရတော့မည်ဟု စတင်၍ ခံစားလာခဲ့ရသည်။

+

ထိုအရာသည် သူ၏ အစီအစဉ် အတွင်းတွင် ပါဝင်နေပြီး ဖြစ်သော်လည်း အန်နာ အနေဖြင့် ဘိုတ်ရိုင်ဖယ်များ အမြောက်အမြား ထုတ်လုပ်လျှင် လိုအပ်မည့် အစိတ်အပိုင်း များစွာကို ပြုလုပ်နိုင်ရန် အချိန် မရှိပေ။ သို့ဖြစ်၍ သူသည် ယခုအချိန်၌ စနိုက်ပါ တပ်ဖွဲ့ကိုသာ ဘိုတ်ရိုင်ဖယ်များ တပ်ဆင်ပေးနိုင်စွမ်း ရှိနေသည်။

ကံကောင်းစွာဖြင့် လုပ်သားများသည် လတ်တလောမှ အသုံးပြုခဲ့သည့် စက်ကိရိယာ အသစ် လည်ပတ်ပုံနှင့် ရင်းနှီး ကျွမ်းဝင်လာကြပြီး ရိုင်ဖယ်များကိုလည်း သူတို့ဘာသာ သူတို့ တပ်ဆင်နိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

+

သူတို့သည် လုပ်ငန်းကျွမ်းကျင်မှု
တိုးတက်လာသည်နှင့် တစ်ပြိုင်နက်
ထုတ်ကုန်များ၏ အရည်အသွေးက
တိုးတက်လာကာ ဘိုတ်ရိုင်ဖယ်
ထုတ်လုပ်မှုကလည်း သိသိသာသာ
မြင့်တက်လာပေလိမ့်မည်။

ဘိုတ်ရိုင်ဖယ်များသည် ဆုံလည် ရိုင်ဖယ်များထက်
ပိုဝေးဝေး ပစ်နိုင်ကာ ပိုမို တိကျနေသော်လည်း
မြေပြင်မှ လေပေါ်သို့ ပစ်ခတ်သည့် လက်နက်များ
အဖြစ် သတ်မှတ်၍ မရနိုင်ပဲ သူတို့၏
ပစ်ခတ်မှုနှုန်းမှာ ဆုံလည် ရိုင်ဖယ်များထက်ပင် ပို၍
နိမ့်နေသေးသည်။

+

ရှုပ်ထွေးသော တည်ဆောက်ပုံ ရှိသည့် သူတို့၏
ခြေရာခံ ကျည်ဆံများကို ထုတ်လုပ်ရန်လည်း
မလွယ်ကူချေ။ အထူးသဖြင့် လက်နက်ခဲယမ်း
ထုတ်လုပ်သည့် စက်ရုံသည် အပြည့်အဝ
လည်ပတ်နေပြီး ဖြစ်နေသည့် အချိန်တွင် ဖြစ်သည်။

အကယ်၍ သူသည် ဘိုတ်ရိုင်ဖယ်များ
အမြောက်အမြား ထုတ်လုပ်ရန် ဖြေရှင်းရမည့်
အဓိက ပြဿနာများကို ယခုအချိန်တွင် စတင်
အာရုံစိုက်ခဲ့လျှင်ပင် ရည်ရွယ်ချက် အောင်မြင်နိုင်ရန်
လပေါင်းများစွာ လိုအပ်နေမည် ဖြစ်ကာ
သူအောင်မြင်သွားသည့် အချိန်၌
မိစ္ဆာမျိုးသောလက ပြီးဆုံးနေပြီး ဖြစ်နေလိမ့်မည်။

+

ဤကဲ့သို့သော အခြေအနေမျိုး အောက်တွင် သူသည် အခြေခံ လေကြောင်း ခုခံမှု လက်နက်များအဖြစ် မြေပြင်မှ လေပေါ်သို့ ပစ်ခတ်သည့် လက်နက်အသစ် တစ်မျိုးကို တီထွင်ရန် ဆုံးဖြတ်ခဲ့ပြီး ဘိုတ်ရိုင်ဖယ်များကိုမူ တိုက်ပွဲအတွင်း၌ ဤလက်နက် အသစ်များကို ကူညီရန် အသုံးပြုရန်သာ ဆုံးဖြတ်ခဲ့သည်။

လက်ရှိ နည်းပညာများ အရ သူသည် သူ၏စစ်တပ်အား နည်းပညာ မြင့်မားသော ပစ်ခတ်မှုကို ထိန်းချုပ်နိုင်သည့် စနစ်အား တပ်ဆင်ပေးနိုင်ခြင်း မရှိသေးသဖြင့် တစ်ခုတည်းသော ရွေးချယ်မှုမှာ ရန်သူများကို လေပေါ်တွင် ရပ်တန့်နိုင်ရန် ကျည်ဆန်မိုးများကို ဖန်တီးရန်သာ ဖြစ်လေသည်။

+

ဤအကျိုး သက်ရောက်မှုကို ရရှိနိုင်ရန်
အလွယ်ကူဆုံး နည်းလမ်းမှာ အမှတ်တစ်
လေးလံသော စက်သေနတ် အချို့ကို လေယာဥ်ပစ်
စက်သေနက်များ အဖြစ် ပြောင်းလဲပေးရန်သာ
ဖြစ်သည်။ ထိုအရာကို သူ့ယခင်ကမ္ဘာမှ
သမိုင်းအတွင်းတွင် စမ်းသပ် သက်သေပြပြီးသား
ဖြစ်ကာ ထုတ်လုပ်ရေးနှင့် ထောက်ပို့ရေး
ဌာနများကိုလည်း ဝန်ပိစေလိမ့်မည် မဟုတ်ချေ။

ချိန်ရွယ်သော ကိရိယာ တစ်ခုနှင့် ချိန်ညှိနိုင်သော
သုံးချောင်းထောက်စင် တပ်ဆင်ထားသော
အမှတ်တစ် လေးလံသော စက်သေနတ်သည်

+

ကောင်းကင်ပေါ်တွင် ခပ်နိမ့်နိမ့် ပျံသန်းနေသော
ရန်သူများကို ပစ်ချနိုင်ပေလိမ့်မည်။

ဘာပဲပြောပြော သူ၏ အမှတ်တစ် လေးလံသော
စက်သေနတ်များကို ပြောင်းလဲရန် လွယ်ကူပြီး
သူက ဤစက်သေနတ်များကို ပုံစံဆွဲထားသည့်
အချိန်တွင် လေကြောင်းခံစစ်တွင် အသုံးပြုရန်
စဉ်းစားထား၍ သူတို့အား ရေဖြင့်
အအေးခံသည့်ပြောင်း အစား လေဖြင့်
အအေးခံသည့် ပြောင်းများကို တပ်ဆင်ထားခဲ့သည်။

လေးလံသော စက်သေနတ်သည် အဝေးမှ
ပစ်မှတ်များကို ပစ်ခတ်ရန် အထူး သင့်လျော်သလို
အနီးမှ ပစ်မှတ်များကို ပစ်ခတ်ရာတွင်လည်း

+

ထိမှန်နိုင်မှု အထူး မြင့်မားသည်။ သူသည် ကျည်ဆန်များကို အလွန်အမင်း လျင်မြန်စွာ ပစ်ခတ်နိုင်သဖြင့် လွှမ်းမိုးထားနိုင်သော ပစ်ခတ်နိုင်စွမ်းကို ပိုင်ဆိုင်ထားသည်။

ဤအချက်အလက်များကို ပိုင်ဆိုင်ထားသဖြင့် သူတို့သည် ပျံသန်းနိုင်သော နတ်ဆိုးသားရဲများ အပေါ်တွင် စီးနင်းလာကြသော လုံပစ်သည့် ရှူးသွပ်မိစ္ဆာများကို ကောင်းစွာ ဖိနှိပ်ထားနိုင်မည် ဖြစ်သည်။ အကယ်၍ မြို့ရိုးတွင် ယခင် တိုက်ပွဲငယ် မတိုင်ခင် ဤကဲ့သို့ အသွင်ပြောင်း အမှတ်တစ် လေးလံသော စက်သေနတ် နှစ်ခုကို တပ်ဆင်ထားနိုင်ခဲ့ပါက ရလဒ်က လုံးဝကို ကွဲပြား ခြားနားသွားပေလိမ့်မည်။

+

ထိုအကြံကို စဉ်းစားနေရင်း သူက အစည်းအဝေးကို ရုပ်သိမ်းလိုက်ကာ ရုံးခန်းသို့ ပြန်ရမည့် အစား သင်္ချာ အကယ်ဒမီသို့ ချက်ချင်း ဦးတည်လိုက်သည်။

ဤအကယ်ဒမီ အသစ်သည် ရဲတိုက်ခရိုင်၏ တောင်ဘက်တွင် တည်ရှိနေပြီး ဓာတု ဓာတ်ခွဲခန်းနှင့် ကပ်လျက် တည်ဆောက်ထားကာ သူ့အတွင်းတွင် အလုပ်လုပ်နေကြသော သုတေသန ပညာရှင် အများစုမှာ ယခင် နက္ခတ်ဗေဒ အဖွဲ့အစည်းမှ အဖွဲ့ဝင်များ ဖြစ်ကြသည်။

ပညာရှင် ကျောင်းတော်တစ်ခု အဖြစ် ကြည်ညို လေးစားခြင်း ခံနေရသဖြင့် သူသည် ယခုအချိန်၌

+

မူလတန်းကျောင်းကို ယခုလေးတင် ပြီးထားသော
ပါရမီရှင် မြို့သူမြို့သား များစွာတို့အား
ဆွဲဆောင်နိုင်ခဲ့ကာ သူ့ဘေးမှ အဂ္ဂိရတ်
အလုပ်ရုံထက် အလုပ်လျှောက်လွှာ နှစ်ဆယ်
ရာခိုင်နှုန်းထက် ပိုရခဲ့သည်။

ခေတ်ခွဲခန်းမှ မကြာခဏ ပေါက်ကွဲမှုနှင့်
မတော်တဆ ဖြစ်မှုများကလည်း
အလုပ်လျှောက်မည့် သူများ နည်းပါးရသည့်
အကြောင်းရင်းများ ဖြစ်နိုင်သည်ဟု ရိုလန်က
သုံးသပ်နေမိသည်။

ကြွေလွင့်ကြယ်စင် နက္ခတ်ဆရာက သူ့အား အဓိက
ခန်းမ အတွင်းတွင် လာရောက် ကြိုဆိုခဲ့သည်။

+

ဘုရင်အား ဦးညွှတ်ခဲ့အပြီးတွင် နက္ခတ်ဗေဒ နည်းပြချုပ်က သင်္ချာ ပညာရပ်၏ နက်နဲ ဆန်းကြယ်မှုနှင့် အလှတရားများကို စတင်၍ အကြီးအကျယ် ချီးမွမ်းတော့သည်။

"အရှင်မင်းမြတ်... ကျွန်တော့်ကို စကားများတယ်လို့တော့ မထင်ပါနဲ့... အရှင့်က ကျွန်တော့်ကို ပေးအပ်ခဲ့တဲ့ 'သရုပ်ခွဲ ဂျီသြမေတြီ' စာအုပ်က နတ်ဒေဝါတွေရဲ့ ပညာပဲ ဖြစ်ရမယ်... ကျွန်တော့်အနေနဲ့ ကမ္ဘာကြီးကို မျက်လုံးတွေ အစား စိတ်ကနေပဲ ဒီလောက်အထိ ပြတ်သားစွာ မြင်နိုင်လိမ့်မယ်လို့ လုံးဝ မထင်ထားမိဘူး"

+

"တစ်နေ့မှာ ကျွန်တော်က အသက်ကြီး
မျက်စိမှုန်သွားပြီး ကြယ်စင်ကောင်းကင်ကို
မကြည့်နိုင်တော့ရင်တောင် ကမ္ဘာကြီးကို
အရင်ကလိုပဲ ကြည်လင် ပြတ်သားစွာ
ဖော်ပြနိုင်ဦးမယ်... ဥပမာအားဖြင့် အခုအချိန်မှာ
ကျွန်တော်က အရှင့်ရဲ့ လှိုင်းတွန့်နေတဲ့ ဆံပင်တွေ၊
အဝတ်တွေနဲ့ ဖိနပ်ကိုတောင် ကိန်းဂဏန်းတွေ၊
သင်္ကေတတွေနဲ့ ဖော်ပြနိုင်..."

သူ၏စကား အဆုံးမသတ်တော့မည်ကို
စိုးရိမ်နေသဖြင့် ရိုလန်က သူ့အား
ဖြတ်ပြောလိုက်သည်။ "ခင်ဗျားက
စာအုပ်အတွင်းက ဗဟုသုတတွေ အားလုံးကို
တတ်မြောက်သွားပြီလား"

+

"အကုန်လုံး တတ်ပြီလို့ မပြောနိုင်သေးပေမဲ့ အများစုကိုတော့ လေ့လာပြီးသွားပါပြီ" ကြေွလွင့်ကြယ်စင်က သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။ "ပြီးခဲ့တဲ့ ခြောက်လ အတွင်းမှာ အရှင် ကျွန်တော့်ကို ပေးထားတဲ့ တွက်ချက်မှု တာဝန်တွေ အပြင် ကျွန်တော်တို့က ရောမ စီမံကိန်း တစ်ခုကိုလည်း ဆောင်ရွက်နေခဲ့ပါတယ်"

"ကျွန်တော်တို့က သင်္ချာပညာ ဘာသာရပ်နဲ့ ကျွန်တော်တို့ အရင်က တွက်ချက်ထားတဲ့ ရလဒ်တွေနဲ့ ကြယ်တွေရဲ့ ကိုသြဒိနိတ်တွေကို အမှတ်အသား ပြုခဲ့ပြီး အခုအချိန်မှာ အရှင့်ရဲ့

+

စကားတွေ အတွင်းက ပျက်သုဉ်းခြင်း ကြယ်စင်
ဖြစ်တဲ့ သွေးလဝန်းဟာ ကောင်းကင်ပေါ်မှာ
တူညီတဲ့ နေရာ တစ်ခုမှာပဲ အမြဲတမ်း နေနေတယ်
ဆိုတာကို အတည်ပြုနိုင်ခဲ့ပါပြီ… သူက လုံးဝကို
ရွေ့လျားနေခြင်း မရှိပါဘူး"

ရိုလန်က သူ၏ ကျရောက်လာမှုသည်
နတ်ဘုရားဆန္ဒ စစ်ပွဲကို အစပြုပေးသည်ဟု
အဆိုရှိသည့် သွေးလဝန်းအား ယခင်က
အာရုံစိုက်ခဲ့ဖူးသော်လည်း ယခုအချိန်တွင်
မိတ္တာများက စတင် လှုပ်ရှားလာခဲ့ပြီ ဖြစ်သဖြင့်
သူသည် ဤကြယ်အပေါ်တွင် စိတ်ဝင်စားမှု အလျဉ်း
မရှိတော့ပေ။

+

"ငါကမင်းကို တာဝန်အသစ် တစ်ခုပေးဖို့ လာခဲ့တာ… မင်းက ဒါကို တတ်နိုင်သမျှ အမြန်ဆုံး ပြုလုပ်နိုင်ရင် အကောင်းဆုံးပဲ" သူက အတိအလင်း ပြောဆိုလိုက်သည်။ "ဒါက အရင်က တာဝန်တွေလိုမျိုး သင်္ချာပြဿနာ တစ်ခုသက်သက် မဟုတ်ပဲ မင်းတို့က ပထမ စစ်တပ်ရဲ့ လက်တွေ့ ပြဿနာ တစ်ခုကို ဖြေရှင်းပေးရမှာ ဖြစ်တယ်"

"အရင်က အမြောက်တွေရဲ့ ပစ်ခတ်မှု ဇယားလိုမျိုး တစ်စုံတစ်ရာကို ဖန်တီးပေးရမယ်လို့ ဆိုလိုနေတာလား"

"ဒါက ဒီထက်ပိုပြီးမှ ရှုပ်ထွေးတယ်" ရိုလန်က သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "မင်းက

+

လက်မှု ပညာရှင်တွေနဲ့ အတူပူးပေါင်းပြီးမှ ကောင်းကင်ပေါ်က ပစ်မှတ်တစ်ခုရဲ့ ရွေ့လျားမှုတွေကို ခန့်မှန်းနိုင်တဲ့ ကိရိယာ တစ်ခုကို ဖန်တီးရမှာ ဖြစ်ပြီး ဒီလိုမျိုး လှုပ်ရှားမှုကို ဖော်ပြဖို့ ညီမျှခြင်း နှစ်ခုကို လိုအပ်မှာ ဖြစ်တယ်"

"တစ်ခုက ပစ်မှတ်ရဲ့ ရေပြင်ညီ နေရာ ပြောင်းရွေ့မှုကို ဖော်ပြရမှာ ဖြစ်ပြီး ကျန်တစ်ခုက ဒေါင်လိုက် နေရာ ပြောင်းရွေ့မှုကို ဖော်ပြရမှာ ဖြစ်တယ်… ငါ့မှာ ဒီပုံစံ အတွက် အကြမ်းဖျင်း အကြံတစ်ခု ရှိနေပြီး မင်းက အသေးစိတ် တိုင်းတာ တွက်ချက်မှုတွေနဲ့ သတ်မှတ်ချက် အတိအကျကို ဖော်ပြရမှာ ဖြစ်တယ်"

+

ရှိလန် လိုချင်နေသည့် အရာမှာ ကောင်းကင်ပေါ်မှ ပစ်မှတ် တစ်ခု၏ အကွာအဝေးနှင့် အရှေ့သို့ သွားနေသည့် အရှိန်အဟုန်ကို သတ်မှတ်နိုင်သည့် မြေပြင်မှ လေပေါ်သို့ ပစ်ခတ်မည့် စက်သေနတ် အသစ်အတွက် ချိန်ရွယ်သည့် ကိရိယာပင် ဖြစ်သည်။

ဤသတ်မှတ်ချက်များဖြင့် စစ်သားတစ်ယောက်သည် သင့်လျော်သည့် အမြင့်ထောင့်နှင့် အရှေ့ထောင့်တို့ကို ချိန်ညှိနိုင်မည် ဖြစ်ပြီး ပျံသန်းနေသည့် ရန်သူများကို ကျည်ဆည်များဖြင့် အပေါက်ဖောက်နိုင်ပေလိမ့်မည်။

+

ဤချိန်ရွယ်သည့် ကိရိယာသည် လျှပ်စစ် ကိရိယာ တစ်ခု မဟုတ်ပဲ လက်ဖြင့် ချိန်ညှိရမည့် ကိရိယာ တစ်ခု ဖြစ်နေသဖြင့် ပစ်ခတ်သူများ ကလည်း ပစ်ခတ်မှု ဇယားကို တိကျစွာ ဖတ်တတ်ရမည် ဖြစ်ပြီး သင်္ချာနှင့် ဂျီသြမေတြီ အခြေခံ ဗဟုသုတ အချို့လည်း ရှိနေရမည် ဖြစ်ပေသည်။

## စာစဥ် ၆၂ : အပိုင်း ၁၁

## အပိုင်း ၉၂၆ : ငတုံးတို့၏ သင်္ချာ ပစ်ပယ်ခြင်း

ဆောင်းမဲ့မြို့တော်၏ လေကြောင်း ခံစစ် စွမ်းရည်ကို မြှင့်တင်ရာတွင် လေယာဥ်ပစ် အမြောက်များသည် ပထမ အဆင့်သာ ရှိနေသေးပြီး မြို့တော်၏

+

လေကြောင်းအား ကာကွယ်ရန် အထိရောက်ဆုံး
နည်းလမ်းမှာ ကိုယ်ပိုင်လေတပ်  တစ်ခုကို
တည်ထောင်ရန်သာ ဖြစ်ပေသည်။

ဖက်ဒရေးရှင်းက လူသားကမ္ဘာကို အုပ်စိုးခဲ့စဉ်က
စုန်းမများသည် ကောင်းကင်ကို
ကာကွယ်ပေးခဲ့သည်။

ဤလေကြောင်း ကာကွယ်ခြင်း တာဝန်ကို
ပျံသန်းနိုင်သော စွမ်းရည်ရှိသည့် စုန်းမ
အနည်းငယ်နှင့် ပျံသန်းမှု ကျောက်တုံးကို
ဝတ်ဆင်ထားကြသည့် ထူးကဲစုန်းမ အချို့က
ဆောင်ရွက်ခဲ့ကြသည်။ သူတို့သည် ဖက်ဒရေးရှင်း၏
အသန်မာဆုံး စစ်သည်တော်များ အဖြစ်

+

အသတ်မှတ်ခံထားရ၍ သူတို့၏ အဆင့်အတန်းမှာ သုခစစ်တပ် အတွင်းမှ အခြား တိုက်ခိုက်ရေး စုန်းမများထက် ပိုမြင့်ပေသည်။

ပါရှာ၏ အဆိုအရ ဖက်ဒရေးရှင်း၏ သမိုင်းမှ ခေါင်းဆောင်သုံးယောက်စလုံးသည် ယခင်က ဤလေကြောင်း ကာကွယ်ရေး တပ်ဖွဲ့၏ အဖွဲ့ဝင်များ ဖြစ်ခဲ့ကြဖူးသည်။

မှော်ကျောက်တုံး၏ မှော်စွမ်းအားများကို အသုံးမပြုနိုင်ကြသည့် သာမန်လူများ အဖို့ တစ်ခုတည်းသော ဖြေရှင်းနည်းမှာ တောင်ပံများအဖြစ် ဆောင်ရွက်နိုင်သည့် စက်တစ်မျိုးကို ဖန်တီးပေးရန်သာ ဖြစ်သည်။

+

ထိုသို့ဆိုလျှင် သူတို့သည် မြေဆွဲအား၏
အကန့်အသတ်ကို လွန်မြောက်ကာ
ကောင်းကင်ပေါ်သို့ ပျံသန်းနိုင်ပေလိမ့်မည်။

လေပေါ်မှ တိုက်ပွဲကို အသာရနိုင်ရန်
ဆောင်းမဲ့မြို့တော်သည် သူ၏ကိုယ်ပိုင်
လေတပ်အား တည်ဆောက်ရန် လိုအပ်နေပေသည်။

ထိုရည်ရွယ်ချက်ကို အထမြောက်နိုင်ရန် ရိုလန်သည်
လေယာဉ်များကို ဖန်တီးရန် လိုအပ်နေခဲ့သည်။

နည်းပညာဆိုင်ရာ ပြဿနာများစွာတို့အား
ဖြေရှင်းရမည် ဖြစ်သဖြင့် ထိုအရာသည်
လွယ်ကူသော အလုပ်တစ်ခု မဟုတ်နေပေ။ သူသည်

+

လေယာဉ်၌ ဒီဇိုင်းနှင့် ရင်းနှီး ကျွမ်းဝင်နေခြင်း မရှိပဲ ပထမ ကမ္ဘာစစ်မှ တောင်ပံနှစ်ထပ်နှင့် လေယာဉ်ပုံစံကပင် သူ့အား ခေါင်းကိုက်စေခဲ့ပေပြီ။

သူသည် ရထား၏ ရွေ့ပြေးပုံစံ အတွက် စွမ်းအား ထုတ်လွှင့်ခြင်း စနစ်နှင့် ဘရိတ် စနစ်များကို ချန်ထားခဲ့၍ ရသော်လည်း လေယာဉ်တစ်စင်း၏ ပျံသန်းမှု ထိန်းချုပ်သော မျက်နှာပြင်များကို တစ်ဝက်တစ်ပျက် လုပ်၍ မရပဲ အမှားအယွင်း မခံနေပေ။

အရေးအကြီးဆုံး အချက်မှာ သူသည် လေယာဉ်တစ်စင်းအား တစ်ခါမှ မမောင်းဖူးသဖြင့် သူဖန်တီးလိုက်သော စက်ကိရိယာများက

+

အလုပ်ဖြစ်မည် မဖြစ်မည်ကို မသိနေခြင်းပင် ဖြစ်သည်။

ကံကောင်းစွာဖြင့် သူသည် အခြားလေယာဉ် အမျိုးအစား တစ်ခုဖြစ်သည့် စက်မဲ့လေယာဉ် တစ်ခုကို ရွေးချယ်နိုင်သေးသည်။

လေတိုက်ခတ်သည့် အရပ်မျက်နှာနှင့် လေတိုက်မှုနှုန်းတို့ကို တိကျစွာ အာရုံခံနိုင်သော ဝင်ဒီသည် သူ၏ စမ်းသပ် ပိုင်းလော့အဖြစ် ဆောင်ရွက်နိုင်ပြီး သူမ၏ လုံခြုံမှုကို စိတ်ချရစေရန် လျှပ်စီးနှင့် မက်ဂီတို့ကို စောင့်ရှောက်စေခဲ့လျှင် သူသည် တစ်စုံတစ်ယောက်၏ အသက်ကိုမှ စွန့်စားစေခြင်း မရှိပဲနှင့် စက်မဲ့လေယာဉ်

+

ပျံ့သန်းနည်း လမ်းညွှန်စာအုပ်ကို ရေးသားနိုင်လိမ့်မည်ဟု ယုံကြည်နေပေသည်။

"အရှင်မင်းမြတ်" ကြွေလွင့်ကြယ်စင် နက္ခတ်ဆရာက ခေါ်လိုက်ကာ ရိုလန်၏ အတွေးများကို နှောင့်ယှက်ခဲ့သည်။ "အရှင် ဆိုလိုနေတာကို ကျွန်တော်က သဘောပေါက်နေပါတယ်... သင်္ချာ အကယ်ဒမီက အရှင့်အတွက် ချိန်ရွယ်မှု ကိရိယာကို အတတ်နိုင်ဆုံး လျင်မြန်စွာ ပြုလုပ်ပေးပါမယ်"

"အရမ်းကောင်းတယ်" ရိုလန်က ကျေနပ် အားရစွာဖြင့် ခေါင်းညိတ်လိုက်သည်။ သူ၏ ရည်ရွယ်ချက်များအား ချက်ချင်း နားလည်နိုင်စွမ်း

+

ရှိသော ဤနက္ခတ်ဆရာနှင့် စကားပြောရသည်မှာ ကောင်းလှပေသည်။ နက္ခတ်ဗေဒ အဖွဲ့အစည်း တစ်ခုလုံးကို အနောက်ပိုင်း ဒေသသို့ ခေါ်လာခဲ့သည်မှာ ကောင်းမွန်သော ဆုံးဖြတ်ချက် တစ်ခု ဖြစ်သည်ဟု သူ့အနေနှင့် ခံစားနေရသည်။

ပညာရှိ ကျောင်းတော်တစ်ခု အနေနှင့် နက္ခတ်ဗေဒ အဖွဲ့အစည်းတွင် အင်္ဂလိပ် ပညာရှင်များကဲ့သို့ လက်တွေ့ လုပ်ဆောင်ရသည့် စွမ်းရည်များ လိုအပ်နေကာ နက္ခတ်ဗေဒ ပညာရှင်များ အနေဖြင့် သင်္ချာပညာ တွင်သာ ကျွမ်းကျင်ကြသည် မဟုတ်ပဲ လက်မှု ပညာရပ်များကိုလည်း ပိုင်နိုင်ကြသည်။

+

အဝေးကြည့် မှန်ပြောင်းများကို မည်သည့်
ပန်းပဲဆရာကမှ မပြုလုပ်နိုင်ကြသဖြင့် သူတို့သည်
အများအားဖြင့် အဝေးကြည့် မှန်ပြောင်း
အစိတ်အပိုင်းများကို သူတို့ဘာသာ ပြုလုပ်
တပ်ဆင်ကြခြင်း ဖြစ်သည်။

ရိုလန်က ထွက်သွားတော့မည် အပြုတွင်
ကြွေလွင့်ကြယ်စင် နက္ခတ်ဆရာက တစ်စုံတစ်ခု
ပြောလိုနေသေးသည့်ပုံ ပေါက်နေမှန်းကို
သတိပြုမိလိုက်သည်။

"ဘာများပြောဖို့ ရှိသေးလဲ" ရိုလန်က
မေးလိုက်သည်။

+

"ကျွန်တော် နားမလည်တဲ့ အရာတစ်ခု ရှိနေပါတယ်… အရှင်မင်းမြတ်" ပညာရှိကြီးက ချောင်းအကြိမ်များစွာ ဆိုး၍ လည်ချောင်းကို ရှင်းလိုက်သည်။ "'သရုပ်ခွဲ ဂျီသြမေတြီ' ဆိုတဲ့ စာအုပ်နဲ့ အရှင် ကျွန်တော့်ကို ပေးထားတဲ့ တခြား သင်္ချာစာအုပ်တိုင်းရဲ့ အဖုံးတွေမှာ 'အလယ်တန်း' ဆိုတဲ့ စာလုံးကို ဘာဖြစ်လို့ ရေးထားတာလဲ"

ရိုလန်က ရယ်ရမ်းသွေးလိုက်သည်။
"မင်းမေးချင်နေတာက ဒါလား"

"တကယ်လို့ ဒါက ပြောပြလို့ မရတဲ့ ကိစ္စတစ်ခု မဟုတ်ရင် ကျွန်တော့်ရဲ့ ရဲတင်းမှုကို ခွင့်လွှတ်ပေးပါ… အရှင်မင်းမြတ်" ကိုင်းလ်စီချီနှင့်

+

မတူပဲ ကြွေလွင့်ကြယ်စင်သည် မွေးလာကတည်းက ဘုရင့်မြို့တော်ဟောင်းတွင် နေခဲ့သူ ဖြစ်ပြီး ဘုရင်များစွာတို့အား အလုပ်အကျွေး ပြုဖူးကာ သူတို့နှင့် မည်ကဲ့သို့ အကောင်းဆုံး ဆက်ဆံရမည်ကို သိနေပေသည်။

သို့သော်လည်း သူ၏ မျက်လုံးများမှ တဆင့် သူသည်လည်း အဂ္ဂိရတ် နည်းပြချုပ်ကဲ့သို့ သိလိုစိတ် ပြင်းပြသူ တစ်ယောက် ဖြစ်မှန်းကို ရှိလန်က ပြောနိုင်ခဲ့သည်။

ကိုင်းလ်အား ဆောင်းမဲ့မြို့တော်တွင် အလုပ်လုပ်ရန် အတွက် 'အလယ်တန်း ဓာတုဗေဒ'ကို အသုံးပြု၍ သွေးဆောင် ဖြားယောင်းခဲ့သည်ကို ပြန်တွေးမိသော

+

အခါ ရိုလန်က မအောင့်နိုင်ပဲ ပြုံးလိုက်မိသည်။ ဤစာအုပ်ကို ရရှိနိုင်ရန် အတွက် ကိုင်းလ်သည် အလုပ်သင်များကို စုဆောင်းခြင်း၊ ပညာပို့ချခြင်းတို့ အပြင် ဓာတုစက်ရုံ၏ ဝန်ကြီးရာထူးကိုပင် ယူခဲ့ရသေးသည်။

သို့သော်လည်း ရိုလန် အနေဖြင့် သူသည် ကြေွလွင့်ကြယ်စင် အပေါ်၌ ဤကဲ့သို့သော မုန်လာဥနှင့်တုတ် လှည့်ကွက်မျိုးကို အသုံးပြုရန် မလိုဟု ခံစားမိနေခဲ့သည်။

သို့ဖြစ်၍ သူက ပွင့်လင်းစွာဖြင့် ရှင်းပြလိုက်သည်။ "ဘာဖြစ်လို့လဲ ဆိုတော့ အထက်တန်း သင်္ချာလို့ ခေါ်တဲ့ စာအုပ်တစ်အုပ် ရှိနေသေးလို့ပဲ… ဒါက

+

ဂျီသြမေတြီ ဒါမှမဟုတ် ဂဏန်း အတွက်အချက်သာ မကပဲ အဆင့်မြင့် သင်္ချာ သဘောတရားတွေ ပါနေတယ်"

"မင်းက အခြေခံနဲ့ အလယ်တန်း စာအုပ်တွေကို သစ်ပင်တစ်ပင်ရဲ့ ပင်စည်လို့ မှန်းဆကြည့်လိုက်ရင် အထက်တန်း သင်္ချာက သစ်ပင်ထိပ်ဖျား ဖြစ်တယ်… ဒါပေမဲ့ ဒီစာအုပ်က နားလည်ဖို့ အမတန်မှ ခက်ခဲတဲ့ အတွက် သူ့ကို နောက်ထပ်နာမည် တစ်ခု ပေးထားတယ်"

"ဘာနာမည်များ ဖြစ်နေမလဲ"

+

"ငတုံးတို့၏ သချ်ာ ပစ်ပယ်ခြင်း" ရိုလန်က လက်များကိုဖြန့်ကာ ပခုံးတွန့်နေရင်း ဖြေလိုက်သည်။

ကြွေလွင့်ကြယ်စင် အနေဖြင့် ရိုလန်၏ ဆိုလိုနေမှုကို နားမလည်နေသည်မှာ သိသာနေသဖြင့် ဘုရင်အား တွေတွေကြီး စိုက်ကြည့်နေရင်း ပြောလိုက်သည်။
"အ.. အရှင်မင်းမြတ်… ကျွန်တော်က ဘဝတစ်လျှောက်လုံး ဒီသဘောတရားကို နားလည်အောင် ကြိုးစားရမယ် ဆိုရင်တောင် စိတ်လျှော့မှာ မဟုတ်ပါဘူး… ကျေးဇူးပြုပြီးတော့ ကျွန်တော့်ကို ပြလို့ရ…"

+

ပညာရှိ၏ မျက်နှာပေါ်မှ
စိတ်အားထက်သန်နေသည့် အမူအရာကို
မြင်ခဲ့ရအပြီးတွင် ရိုလန်က သူသည် အထက်တန်း
သင်္ချာ သင်ခန်းစာ အချိန်များတွင် မကြာခဏ
အိပ်ငိုက်နေလေ့ ရှိသဖြင့် အနည်းငယ်
ကသိကအောက် ဖြစ်သွားခဲ့ကာ လည်ချောင်းရှင်း၍
ပြောလိုက်သည်။ "ရတာပေါ့... ဒီစီမံကိန်း
ပြီးသွားခဲ့ရင် မင်းက ရဲတိုက်ကို ဒီစာအုပ်
လာယူနိုင်တယ်"

"မှန်လှပါ... အရှင်မင်းမြတ်" ကြွေလွင့်ကြယ်စင်က
ဒူးထောက်လိုက်ကာ စိတ်လှုပ်ရှားစွာဖြင့်
ပြောလိုက်လေသည်။

+

.........

ပြီးတာနှင့် ရိုလန်သည် သင်္ချာ အကယ်ဒမီမှ
ထွက်လာကာ မြောက်ပိုင်း ဆင်ခြေလျှော
တောင်တန်း၏ နောက်ဖေးခြံဝင်းသို့
ထွက်လာခဲ့သည်။

လေယာဉ်ပစ် စက်သေနတ်များ အပြင် သူသည်
နတ်ဘုရား စီရင်ခြင်း စုန်းမများ အတွက်
အထူးလက်နက် အချို့ကို ပြုလုပ်ရန်
ရည်ရွယ်ထားသေးသည်။

လပေါင်းများစွာ အတူတကွ အချိန်ဖြုန်းပြီးနောက်
သူသည် တက်ကီလာမှ အသက်ရှင်

+

ကျန်ရစ်သူများ၏ မိစ္ဆာများ အပေါ်တွင် တုံ့ပြန် လက်စားချေလိုနေသည့် ပြင်းပြသည့် ဆန္ဒကို ကောင်းစွာ ယုံကြည်သွားခဲ့ပေပြီ။ ဆောင်းမဲ့မြို့တော်သည် အသက်ရှင်လိုသည့် အတွက် မိစ္ဆာများကို တိုက်ခိုက်ရခြင်း ဖြစ်ပြီး တက်ကီလာ စုန်းမများကမူ လက်စားချေလိုနေရုံ သက်သက် ဖြစ်သည်။

ရှေးဟောင်း စုန်းမများ၏ ရင်အတွင်း၌ မိစ္ဆာများသည် ပြီးခဲ့သော နှစ်ရာပေါင်း အနည်းငယ် အတွင်း သူတို့ နာကျင် ခံစားရမှုများ၏ အကြောင်းရင်း ဖြစ်သည်။ သူတို့သည် သူတို့၏ မိသားစုများကို သတ်ဖြတ်ခဲ့ကြသော ရန်သူများ ဖြစ်ကာ သူတို့ ဖယ်ရှားလိုနေကြသည့် အိမ်မက်ဆိုးများ ဖြစ်ကြလေသည်။

+

အစွမ်းထက်သော ဤစစ်သည်တော်များသည်
မိစ္ဆာများကို တိုက်ခိုက်ရာတွင် ဓားနှင့် လှံများကိုသာ
အသုံးပြုခဲ့ပါက လုံးဝကို ဖြုန်းတီးရာ
ကျနေလိမ့်မည်ဟု ရိုလန်က ခံစားနေမိသည်။
ထို့အပြင် သူတို့အနေဖြင့် သာမန် စစ်သည်များ
သယ်ဆောင်ရန် လေးလံလွန်းနေသော
လက်နက်များကို အသုံးပြု၍ တိုက်ခိုက်နိုင်စွမ်း
ရှိမှန်းကိုလည်း သူက သတိပြုမိသည်။

ထိုအရာက သူသည် သူတို့အား ခက်ထန်သော
လက်နက်များကို တပ်ဆင်ပေးပြီး လှုပ်ရှားနိုင်မှု
အားကောင်းသော လက်နက်ကြီး တပ်ဖွဲ့တစ်ခု

+

အဖြစ် ပြောင်းလဲပေးနိုင်သည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

သူ၏ မူလ အစီအစဥ်မှာ သယ်ယူရ လွယ်ကူသည့် အမှတ်တစ် လေးလံသော စက်သေနတ်များကို နတ်ဘုရား စီရင်ခြင်း စုန်းမများအတွက် ပြုလုပ်ပေးရန် ဖြစ်ပြီး ကျည်ဆံ သေတ္တာများကို သူတို့၏ ကျောပိုးအိတ်များ အတွင်းတွင် ထည့်သွင်း သယ်ဆောင်နိုင်ကာ ဤလက်နက်များဖြင့် နတ်ဘုရား စီရင်ခြင်း စုန်းမများသည် ရွေ့လျားနိုင်သော ခံတပ်များ ဖြစ်လာနိုင်ကြသည်။

မိစ္ဆာ တစ်အုပ်စုနှင့် တွေ့ကြုံ ရင်ဆိုင်ခဲ့ရသည်နှင့် သူတို့သည် ချက်ချင်းပင် သူတို့အား

+

ဒိန်ခဲတုံးများကဲ့သို့ အပေါက်ဖောက်ပေးနိုင်လိမ့်မည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်၌ သူက စိတ်ပြောင်းသွားခဲ့လေပြီ။

လေးလံသော စက်သေနတ် အချို့ကို လေယာဥ်ပစ် စက်သေနတ်များ အဖြစ် ပြောင်းလဲပြီး အမှတ်တစ် စက်သေနတ် အသစ်တစ်မျိုးကို အမြောက်အမြား ထုတ်လုပ်နိုင်တော့မည် ဖြစ်သဖြင့် မဝေးလှသော အနာဂတ်တွင် ကျည်ဆန် အသုံးပြုနှုန်းသည် မယုံနိုင်အောင် များပြားလာမည် ဖြစ်ကာ ဆောင်းမဲ့မြို့တော်၏ လက်ရှိ ကျည်ဆန် ထုတ်လုပ်မှုနှုန်း အရ ဤမျှအထိ များပြားလှသော

+

သေနတ်များ အတွက် ကျည်ဆန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်ရန် မသေချာနေပေ။

ဤကဲ့သို့ အခြေအနေမျိုး အောက်တွင် အကယ်၍ သူသည် နတ်ဘုရား စီရင်ခြင်း စုန်းမများ အတွက် သေနတ် အလက်သုံးရာကို ထုတ်လုပ်ပေးခဲ့လျှင်ပင် လမ်းလျှောက်နိုင်သော ခံတပ်တစ်ခု၏ အကျိုးသက်ရောက်မှုကို ရရှိစေရန် လုံလောက်သော ကျည်ဆန်များကို ရနိုင်မည် မဟုတ်ချေ။

ဤပြဿနာကို ဖြေရှင်းရန် အတွက် သူသည် အသုံးပြုရသည်မှာ လွယ်ကူပြီး ကျည်ဆန် အနည်းငယ်ကိုသာ အသုံးပြုရသော်လည်း

+

အစွမ်းထက်သည့် လက်နက် တစ်မျိုးကို ဖန်တီးရန် လိုအပ်နေပေသည်။

သူသည် စာရွက်ပေါ်တွင် လက်နက်အသစ် တစ်မျိုး၏ ပုံကြမ်းကို လျင်မြန်စွာ ရေးဆွဲလိုက်သည်။

ထိုအရာသည် ပြောင်း၀ ၄ဂမမ ရှိသည့် သံလုံးငယ်များဖြင့် ပစ်ခတ်သည့် သေနတ်တစ်မျိုး ဖြစ်သည်။

ထိုလက်နက်၏ သိသာသော အားသာချက်မှာ ပြောင်း၀ကျယ်ကြောင့် ဝေးဝေးပစ်နိုင်ခြင်းပင် ဖြစ်သည်။ သူသည် အလိုအလျောက်

+

ပစ်ခတ်နိုင်ကာ ပစ်ခတ်သူ အနေဖြင့် အမတန်မှ တိကျနေစရာလည်း မလိုအပ်ပေ။

သူသည် ဆုံလည်ရိုင်ဖယ်နှင့် ဘို တ်ရိုင်ဖယ်များကို ကူညီကာ အမြောက်များ၏ ပစ်ခတ်မှုကို ချိုးဖျက်လာနိုင်သော ရန်သူများကို ဖိနှိပ်နိုင်စွမ်းရှိပြီး ခြုံခို တိုက်ခိုက်ရာတွင်လည်း အသုံးပြုနိုင်သည်။ ဤကဲ့သို့သော တိုက်ပွဲမျိုးတွင် သံစေ့သုံး သေနတ်ပစ်သူသည် ပစ်မှတ်ကို ကိုယ်ကစတင်၍ ချဉ်းကပ်နိုင်ပေသည်။

ဒုတိယ နတ်ဘုရားဆန္ဒ စစ်ပွဲမှ မိတ္တာများ၏ တိုက်ခိုက်မှု နည်းလမ်းများ အပေါ်တွင် အကဲခတ်ရလျှင် သူတို့သည် ယမ်းမှုန့်များကို

+

အသုံးမပြုသော လက်နက်များကိုသာ
သုံးနေကြသေးကာ အနီးကပ် ရင်ဆိုင်
တိုက်ခိုက်ခဲ့ရလျှင် သူတို့သည် လုံပစ်မည့် အစား
လက်ဖြင့်သာ တိုက်ခိုက်လေ့ ရှိကြသည်။

သို့ဖြစ်၍ အလိုအလျောက် ပစ်ခတ်နိုင်သော
သံစေ့ပစ် သေနတ်များကို ကိုင်ဆောင်ထားသည့်
နတ်ဘုရား စီရင်ခြင်း စုန်းမများသည် အနီးကပ်
တိုက်ပွဲတွင် မိစ္ဆာများကို ငရဲသို့ ပို့ဆောင်နိုင်လိမ့်မည်
ဖြစ်ပေသည်။

.........

+

ငါးရက်အကြာတွင် ရှယ်ဗီသည်
နတ်ဆိုးသားရဲများကို ထပ်ဖန်တစ်ခါ
တွေ့ရှိခဲ့လေသည်။

ဤအချိန်တွင် ရန်သူများ၏ အရေအတွက်က နှစ်ဆ
ဖြစ်သွားပြီ ဖြစ်သည်။ နတ်ဆိုးသားရဲ
ဆယ့်နှစ်ကောင်တို့သည် ကောင်းကင်ပေါ်မှာ
တိမ်ညို တိမ်မည်းများ အလား
ဆောင်းမဲ့မြို့တော်ထံသို့ ဦးတည်၍
ပျံသန်းလာလေသည်။

စာစဥ် ၆၂ : အပိုင်း ၁၂

+

# အပိုင်း ၉၂၇ : နယ်စပ်မှ လေကြောင်းခံစစ် တိုက်ပွဲ (၁)

ရိုလန်သည် အရေးပေါ်လာပါက သူ့အား ချက်ချင်း ဆက်သွယ်နိုင်ရန် သူ၏ ရုံးခန်း၊ ဆောင်းမဲ့မြို့တော်၏ မြို့စောင့်တပ် ကွပ်ကဲရေး ခန်းမနှင့် တတိယ နယ်စပ်မြို့တို့တွင် တယ်လီဖုန်းလိုင်း နှစ်လိုင်း ထပ်မံ တပ်ဆင်ထားခဲ့သည်။

ထို့ကြောင့် ရဲတိုက်၊ ပထမ စစ်တပ် စခန်းနှင့် တတိယ နယ်စပ်မြို့တို့သည် သတင်းများကို တစ်ချိန်တည်း လိုလို ရရှိနိုင်ခဲ့သည်။

+

"ဒါက ဖြစ်လာတာ အရမ်း မြန်လွန်းနေတယ်" ပါရှာက အနည်းငယ် သံသယဖြစ်စွာ ပြောလိုက်သည်။ "ကျွန်မတို့ရဲ့ အတွေ့အကြုံတွေ အရ မိစ္ဆာတွေဟာ ဒုတိယ အကြိမ် မတိုက်ခိုက်ခင် လဝက် ဒါမှမဟုတ် တစ်လလောက်တောင် အချိန်ယူခဲ့တယ်... အထူးသဖြင့် ဆောင်းမဲ့မြို့တော်လို တစ်ရက်တည်းနဲ့ မရောက်နိုင်တဲ့ မြို့တစ်မြို့ကိုပဲ"

"ဘာဖြစ်လို့လဲ" ရိုလန်က မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က ထိတ်လန့် တုန်လှုပ်မှုတွေ ပျံ့နှံ့သွားအောင် အချိန် လိုအပ်နေလို့ပဲ... အဲ့ဒီ အချိန်မှာ မြို့ရဲ့သခင်က

+

သူ့ရဲ့ မြို့သူ မြို့သားတွေကို တည်ငြိမ်နေအောင် ဘယ်လောက် ကြိုးစားပါစေ အလကားပဲ ဖြစ်တယ်... ဒုတိယ တိုက်ခိုက်မှုဟာ လူတွေရဲ့ ယုံကြည်မှုကို ခြေမွခဲ့ပြီး လက်ကျန် ယုံကြည်မှုတွေကို ပျောက်ကွယ်စေခဲ့တယ်"

"ဒါကြောင့်မို့ သူတို့ဟာ ဒုတိယ အကြိမ် မတိုက်ခိုက်ခင် ပုံမှန်အားဖြင့် အချိန်အနည်းငယ် စောင့်ဆိုင်းလေ့ရှိကြတယ်" ပါရှာက ရှင်းပြလိုက်သည်။ "မိစ္ဆာတွေက ဒီတစ်ခေါက်မှာ အတော်လေး လောနေတဲ့ သဘောရှိတယ်"

"ကျုပ်သိပြီ" ရိုလန်က ခေါင်းညိတ်လိုက်သည်။ ပါရှာ ပြောသည်မှာ မှန်ပေသည်။ ရှေးဟောင်းမြို့တွင်

+

လူအများသည် သူတို့ကိုယ် သူတို့ ကျွေးမွေးနိုင်ရန် နေ့စဥ် အလုပ်လုပ်နေရကာ ဤကဲ့သို့သော ဆက်သွယ်မှု ကင်းမဲ့နေသည့် လူမှု အဖွဲ့အစည်းတွင် အချိန် ငါးရက်သည် ကြွက်များနှင့် အရက်ဆိုင် အချို့မှ ဖောက်သည်များ အကြား၌သာ သတင်းပျံ့နှံ့နိုင်သေးသည်။

အတိတ်မှ ကောလာဟလသည် ယခုအချိန်၌ ရိုလန်အတွက် တစ်နည်းတစ်ဖုံအားဖြင့် ယုံကြည်ရပုံ ပေါက်လာခဲ့သည်။ ဘာပဲပြောပြော မိစ္ဆာများ၏ နည်းဗျူဟာသည် လူသားများနှင့် ဆင်တူလွန်းနေပြီး လူသားတစ်ယောက် လမ်းညွှန်ခဲ့ခြင်း မရှိပဲ ဤကဲ့သို့ လုပ်ဆောင်နိုင်ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။

+

"ရှင်က ဘာများလုပ်ဖို့ စိတ်ကူးထားလဲ" အယ်လီသီယာက ဝင်မေးလိုက်သည်။

"ဘာလုပ်ရဦးမှာလဲ... သူတို့အားလုံးကို သတ်ပစ်ရမယ်" ရိုလန်က ဆုံးဖြတ်ချက်ပြတ်သားစွာဖြင့် ပြောလိုက်သည်။ အချိန်သည် အလွန် အကန့်အသတ် ရှိပုံ ပေါက်နေကာ သူတို့သည် အမှတ်တစ် လေးလံသော စက်သေနတ်တွင် ချိန်ရွယ်သည့် ကိရိယာ အသစ်ကို အခုလေးတင် တပ်ဆင် ပြီးစီးခဲ့ပြီး အလျင်အမြန် ဖွဲ့စည်းခဲ့သော စက်သေနတ် တပ်ဖွဲ့ကလည်း ဘောလုံးများကို ပစ်မှတ်ထား၍ တစ်ကြိမ်သာ လေ့ကျင့်ခဲ့ရသေးသည်။

+

သို့သော်လည်း နိုက်တင်ဂေး၊ လျှပ်စီးနှင့် မက်ဂီတို့ အပါအဝင် စုန်းမ များစွာတို့က ပြန်ရောက်လာပြီ ဖြစ်သဖြင့် သူတို့သည် ယခုအချိန်၌ လက်ဦးမှု ယူကာ တိုက်ခိုက်နိုင်ခဲ့ပေပြီ။

ရိုလန်သည် နိုက်တင်ဂေးနှင့် ကျန်သော စုန်းမများကို ကြည့်လိုက်သည်။ "အစီအစဉ် အတိုင်းပဲ ဆက်လုပ်ပါ... မင်းတို့ အသေအချာ မှတ်ထားဖို့က အရေးအကြီးဆုံး အရာပဲ..."

"လုံခြုံမှုပဲ ဖြစ်တယ်... လျှပ်စီးက လုံးဝ သဘောပေါက်နေပါတယ်" ကောင်မလေးက လက်ကိုထောင်၍ ပြောလိုက်လေသည်။

+

"မက်ဂီလည်း နားလည်ပါတယ်... ကူး"

"စိတ်မပူပါနဲ့... ကျွန်မက ကလေးမ နှစ်ယောက်ကို စောင့်ရှောက်လိုက်ပါမယ်" နိုက်တင်ဂေးက ပြုံး၍ ပြောလိုက်သည်။

"ကလေးမ ဆိုတာ ဘယ်သူ့ကို ပြောတာလဲ" လျှပ်စီးက သူမ၏ မေးကိုမော့၍ ကန့်ကွက်လိုက်သည်။

"နင့်ကိုပြောတာပေါ့... ကူး"

+

"ဘာဖြစ်လို့လဲ"

"ငါက အသွင်ပြောင်းပြီးသွားရင် နင်တို့နှစ်ယောက်
ပေါင်းတာထက်တောင် ပိုကြီးသွားပြီ... ကူး"
မက်ဂီက သူမ၏ တောင်ပံများကို ဖြန့်လိုက်သည်။

"ငါဆိုလိုနေတာက ဒါမဟုတ်ဘူး"

သူတို့နှစ်ယောက် ငြင်းခုန်၍ မပြီးသေးခင်
နိုက်တင်ဂေးသည် ကောင်မလေး
နှစ်ယောက်လုံးအား လက်မောင်းတစ်ဖက်တွင်
တစ်ယောက်စီ ချီကာ အစည်းအဝေး ခန်းမအတွင်းမှ
ထွက်သွားလေသည်။

+

"ငါက မြို့ရိုးပေါ်က ခံစစ်တာဝန်ကို အိပ်ပျော်နေသောကျွန်းက စုန်းမတွေကို လွှဲအပ်ထားလိုက်မယ်" ရိုလန်က တီလီအား ပြောလိုက်သည်။

တီလီကလည်း လုံးဝ တွေဝေနေခြင်း မရှိပဲ ပြန်ပြောလိုက်သည်။ "သူတို့က အကောင်းဆုံး လုပ်ကြပါလိမ့်မယ်"

"ကောင်းတယ်... ဒီလိုဆိုရင် ငါက ဖုန်းနားမှာပဲ ရပ်နေပြီး မင်းတို့ရဲ့ သတင်းတွေကို စောင့်နေမယ်" ပြီးတာနှင့် ရိုလန်က စကား တစ်လုံးချင်း ပြောကာ အမိန့် ပေးလိုက်လေသည်။ "အခုပဲ... လှုပ်ရှားတော့"

+

ရိုလန်က အခန်းအတွင်းတွင် တစ်ယောက်တည်း ကျန်ခဲ့မှသာ ပါရှာက လေးနက်သော လေသံတစ်ခုဖြင့် ပြောလိုက်သည်။ "အရှင်က သေချာနေသလား… မိစ္ဆာတွေက စုန်းမတွေ အများကြီးကို မြင်ပြီးသွားရင် သူတို့က ဆောင်းမဲ့မြို့တော်ကို သာမန်လူ အုပ်ချုပ်နေတဲ့ မြို့တော်လို့ သတ်မှတ်တော့မှာ မဟုတ်ပဲ စုန်းမမြို့တော်လို့သာ သတ်မှတ်ကြတော့မှာ ဖြစ်ပြီး လုံးဝကို ကွဲပြား ခြားနားနေတဲ့ နည်းဗျူဟာတွေကို အသုံးပြုကြလိမ့်မယ်"

"ကျုပ်သိတယ်… ခင်ဗျားက ကျုပ်ကို သတိပေးထားခဲ့ပြီးပြီပဲ" ရိုလန်က

+

သက်ပြင်းဖွဖွလေး မှုတ်ထုတ်လိုက်သည်။ သူတို့က ခံစစ် အစီအစဥ်ကို ဆွဲခဲ့သည့် အချိန်တွင် ရှေးဟောင်းစုန်းမက သူ့အား သတိပေးခဲ့ပြီး ဖြစ်သည်။

သူမ၏ အမြင်အရ အကယ်၍ မိစ္ဆာများသည် ဆောင်းမဲ့မြို့တော်အား ဖက်ဒရေးရှင်း လက်အောက်မှ မြင့်မြတ်သော မြို့တော် အဖြစ် ထင်သွားခဲ့လျှင် သူတို့၏ ခံစစ်များကို မြှင့်တင်ကာ လာမည့် တိုက်ပွဲများ၌ ပို၍ ခက်ထန်စွာ တိုက်ခိုက်မည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

အခြား စကားလုံးများဖြင့် ပြောရလျှင် သူတို့သည် ဆောင်းမဲ့မြို့တော်အား တူညီသော ပြိုင်ဘက်အဖြစ်

+

စတင် သတ်မှတ်ကြတော့မည် ဖြစ်သည်။ မိစ္ဆာများသည် စုန်းမများကိုသာ လေးနက်စွာ သဘောထားကြပြီး သာမန်လူများကိုမူ လုံးဝ လျစ်လျူရှုထားလေ့ ရှိသည်။

"လူသားတွေဟာ ဒီလိုမျိုး စစ်ပွဲတစ်ခုကို ရှောင်ရှားဖို့ လိုလားနေမယ်လို့... ကျွန်မက ထင်နေခဲ့တာ"

"ဒါပေမဲ့ သူတို့က အနေးနဲ့ အမြန်တော့ ရောက်လာမှာပဲ... မဟုတ်လား" ရိုလန်က ထရပ်လိုက်ကာ မှန်လုံးပြည့် ပြတင်းပေါက် အနားသို့ လျှောက်သွားလိုက်ပြီး နယ်စပ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ "ဒီလိုဆိုတော့ ကျုပ်တို့က ကြံ့သလို တိုက်ခိုက်နေခြင်း မဟုတ်ပဲ

+

ပြင်ဆင်ထားတဲ့ တိုက်ပွဲ တစ်ခုကို တိုက်ခိုက်ရတာ ပိုကောင်းလိမ့်မယ်"

"ပထမ စစ်တပ်ဟာ အရင်က သာမန် မုဆိုးတွေ၊ သတ္တုလုပ်သားတွေ၊ လယ်သမားတွေနဲ့သာ ဖွဲ့စည်းထားတာ ဖြစ်ပြီး အစကတည်းက အထူး အစွမ်းမထက်နေပဲ အခုအချိန်မှာ သူတို့က အရင်က ရင်မဆိုင်ခဲ့ဖူးတဲ့ ရန်သူတွေနဲ့ ရင်ဆိုင်ရတော့မယ် ဆိုတော့ ထိပ်တိုက် ရင်ဆိုင်ရတဲ့ အချိန်တိုင်းဟာ သူတို့အတွက် အတွေ့အကြုံ ရစေပြီး နတ်ဘုရားဆန္ဒ စစ်ပွဲအတွက် ပြင်ဆင်စေနိုင်လိမ့်မယ်"

+

"လက်ရွေးစင် စစ်သားတွေ ဆိုတာက သေခြင်းနဲ့ ရှင်ခြင်းတို့ အကြားမှ အကြိမ်ပေါင်းများစွာ လျှောက်လှမ်းပြီး အသက်ရှင်ကျန်ခဲ့ကြတဲ့ သူတွေသာ ဖြစ်ကြတယ်"

"ရှင့်ရဲ့ စိတ်ပိုင်းဖြတ်မှုက ကျွန်မကို စိတ်လှုပ်ရှားသွားစေတယ်လို့ ပြောရမှာပဲ" အယ်လီသီယာက သူမ၏ လက်တံရှည်များကို လှုပ်ရှားလိုက်သည်။ "ဒီအချက် တစ်ချက်တည်းနဲ့ ရှင်က သာမန်လူ အများစုထက် ပိုသာတယ်လို့ ပြောလို့ရတယ်"

ရိုလန်က သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "သာမန်လူတွေဟာ ညံ့ဖျင်းလို့ သာမန်လူတွေလို့

+

အခေါ်ခံရတာ မဟုတ်ပဲ လူဦးရေ အများစု ရှိနေတာကြောင့် အခေါ်ခံရတာ ဖြစ်ပြီး ဒါကြောင့်မို့ သူတို့ရဲ့ စွမ်းအားတွေဟာ အလွယ်တကူ အလျစ်လျူ အရှုခံရလေ့ရှိတယ်"

"ကျုပ်ရဲ့ အိမ်မက်ကမ္ဘာ အတွင်းမှာ ဒါနဲ့ ပတ်သတ်တဲ့ ပုံပြင် ဇာတ်လမ်းတွေ ရှိတယ်… အစွမ်းထက်တဲ့ ဖြစ်တည်မှုတွေ ဖြစ်ကြတဲ့ ရှေးဟောင်း နတ်ဘုရားနဲ့ ဧရာမ နဂါးတွေဟာ လူသားတွေရဲ့ စွမ်းအားကို အထင်သေးမိကြလို့ သာမန်လူ လေးဆယ်လောက်ရဲ့ သတ်ဖြတ်မှုကို ခံခဲ့ရတယ်"

+

"ကျွန်မကတော့ ဒီလို ဒဏ္ဍာရီမျိုးကို တစ်ခါမှ မကြားဖူးပါလား"

"ဒါပေမဲ့ သူတို့က လုံးဝ မှားနေတာတော့ မဟုတ်ဘူး... နည်းပညာ အဆင့်အတန်း မြင့်မားလာတာနဲ့ အမျှ ကျုပ်တို့ဟာ ဒီလိုလုပ်ဖို့ သာမန်လူ ၂၅ယောက်ကိုသာ လိုလိမ့်မယ်လို့ ကျုပ်ပြောရဲတယ်" ရိုလန်က ပခုံးတွန့်လိုက်ကာ အနောက်သို့ ပြန်လှည့်၍ လေးနက်စွာ ပြောလိုက်သည်။

"ဒါ့အပြင် ကျုပ်တို့က ဆောင်းမဲ့မြို့တော်ဟာ ဖက်ဒရေးရှင်း အုပ်ချုပ်မှု အောက်မှ ရှိနေတဲ့ မြို့တစ်မြို့လို့ မိစ္ဆာတွေကို ယုံကြည်လာအောင်

+

လှည့်ဖြားနိုင်သေးတယ်... သူတို့ဟာ ဒီထူးခြားတဲ့
တိုက်ခိုက်မှုတွေဟာ စုန်းမတွေရဲ့ စွမ်းရည်လို့
ထင်သွားကြမှာ ဖြစ်ပြီး အရေးအကြီးဆုံး အချက်ကို
လျစ်လျူရှုမိသွားကြလိမ့်မယ်"

"ဆောင်းမဲ့မြို့တော်ဟာ သာမန်လူ
သခင်တစ်ယောက် ဒါမှမဟုတ် ဖက်ဒရေးရှင်းရဲ့
အုပ်ချုပ်မှု အောက်မှာ ရှိနေတာ မဟုတ်ပဲ
နှစ်ခုစလုံးရဲ့ အနှစ်သာရတွေကို ပေါင်းစည်းထားတဲ့
စက်မှုမြို့တော် တစ်ခုသာ ဖြစ်နေတယ်"

*********

+

ငါးဘောလုံးသည် ရန်သူများ၏
အရိပ်အယောင်များကို လွတ်သွားခြင်း မရှိစေရန်
သူ၏ မျက်လုံးများကို ပြူးကျယ်စွာ ဖွင့်ထားပြီး
မြောက်ပိုင်းမှ မြက်ခင်းလွင်ပြင်အား
မျက်တောင်မခတ် စိုက်ကြည့်နေခဲ့သည်။

သူသည် မိစ္ဆာများ၏ အကြောင်းကို လွန်ခဲ့သော
တစ်နှစ်ခန့်က အရှင်မင်းမြတ်ထံမှ ကြားခဲ့ခြင်း
ဖြစ်သော်လည်း သူတို့က မည်သည့်ပုံ
ပေါက်နေမှန်းကို လွန်ခဲ့သော ငါးရက်က
တိုက်ပွဲမှသာ ပထမဆုံး အကြိမ်အဖြစ် တွေ့ခဲ့ခြင်း
ဖြစ်သည်။

+

ရန်သူ၏ အရိုးလုံက သူ့ရဲဘော်ရဲဘက်၏ ရင်ဘတ်အား ဖောက်ထွင်းသွားသည့် မြင်ကွင်းကို မြင်တွေ့ခဲ့ရအပြီးတွင် မခံစားရသည်မှာ ကြာပြီဖြစ်သော ကြောက်ရွံ့ တုန်လှုပ်မှုကို သူက ပြန်လည် ခံစားခဲ့ရသည်။ မည်သည့် လူသားကမှ ဤကဲ့သို့ တိုက်ခိုက်နိုင်လိမ့်မည် မဟုတ်ပဲ မိစ္ဆာသားရဲများကပင် ဤမျှအထိ ဝေးကွာသော နေရာမှ မြို့ရိုးအား ခြိမ်းခြောက်နိုင်လိမ့်မည် မဟုတ်ချေ။

သူစစ်တပ်ကို ဝင်ပြီးသည့် အချိန်မှ စ၍ သေနတ်များ၏ ပစ်ခတ်နိုင်မှု အကွာအဝေးနှင့် ယှဥ်နိုင်သော ရန်သူ တစ်ယောက်အား ပထမဆုံး အကြိမ် တွေ့ကြုံခဲ့ရခြင်း ဖြစ်သည်။ သို့သော်လည်း သူ၏ လက်နက်သည် ပစ်ခတ်နိုင်မှု အကန့်အသတ်

+

ရှိနေသဖြင့် ပြန်လည် မပစ်ခတ်နိုင်ခဲ့ပဲ သူက မြို့ရိုးပေါ်တွင် ဝပ်နေလျှင်ပင် ရန်သူများ၏ သိသာထင်ရှားသော ပစ်မှတ်တစ်ခု ဖြစ်နေခဲ့သေးသည်။

ထိုအချိန်၌ ငါးဘောလုံးသည် ထွက်ပြေးလိုစိတ်များ ပေါက်နေခဲ့သည်။

သို့သော်လည်း သူက မြေပေါ်တွင်သာ ရပ်နေခဲ့သည်။ အစ ပထမတွင် လေ့ကျင့်ထားသည့် တုံ့ပြန်မှုများကြောင့် ထွက်မပြေးခဲ့ခြင်း ဖြစ်သော်လည်း နောက်ပိုင်းတွင် အမျက်ဒေါသနှင့် မုန်းတီး စက်ဆုပ်မှု ခံစားချက်များက သူ၏ ရင်အတွင်း၌ ပြည့်နှက်လာခဲ့သည်။ သူသည် သူ့အဖော်များ၏ သေဆုံးမှုသည် သူ၏

+

စွမ်းအားမဲ့နေမှုများ အတွက် အမျက်ထွက်နေခဲ့ခြင်း ဖြစ်သည်။

သူ၏ သူရဲဘောကြောင်သော သဘာဝကြောင့် နယ်စပ်မြို့ဟောင်းမှ လူများက သူ့အား လူပျော့လူညံ့ဟု သတ်မှတ်လေ့ ရှိကာ သူဘယ်သွားသွား လူအများ၏ လှောင်ရယ်ခြင်းကို ခံရလေ့ ရှိပြီး ထိုအချိန်က သူ့ကိုယ်သူ တကယ့်လူကြောက်ဟု ယုံကြည်လုနီးပါး ဖြစ်နေခဲ့သည်။

သို့သော်လည်း ဗန်နာက သူ့အား ထိုစဥ်က ပြည်သူ့စစ်ကို ဝင်ရန် ကြက်ဥနှစ်လုံးဖြင့် သွေးဆောင် ဖြားယောင်းခဲ့သည့် နေ့ကစပြီး

+

အရာအားလုံးက ပြောင်းလဲသွားခဲ့သည်။ မြို့ရိုးပေါ်တွင် မိစ္ဆာ သားရဲများနှင့် စတင်တိုက်ခိုက်ရသည့် နေ့တွင် သူသည် ကြောက်ရွံ့တုန်လှုပ်လွန်းသဖြင့် ကျင်ငယ်များပင် ထွက်ကျခဲ့သည်။

သို့သော်လည်း မြို့ရိုးထံမှ ပြန်လာသော ထိုနေ့မှ စ၍ သူ့အား မည်သူကမှ ရယ်မောခြင်း မပြုကြတော့ပေ။

ယခုအချိန်တွင် ဗန်နာသည် အမြောက်တပ်ဖွဲ့၏ ဦးစီးချုပ် ဖြစ်နေပြီ ဖြစ်ကာ သူကမူ သေနတ်တပ်ဖွဲ့မှ စက်သေနတ် တပ်ဖွဲ့သို့သာ ပြောင်းရွှေ့ခြင်းခံရပြီး တပ်စုခေါင်းဆောင် တစ်ယောက်သာ ဖြစ်လာခဲ့သည်။ သို့သော်လည်း

+

ဗန်နာသည် သူ့ထက်များစွာ စွမ်းဆောင်နိုင်မှန်း
သိနေသဖြင့် ငါးဘောလုံးသည် ခံပြင်းနေခြင်း
မရှိသလို မနာလိုခြင်းလည်း မရှိခဲ့ပေ။

ဗန်နာသည် အရှင်မင်းမြတ်၏ အရှေ့တွင်
စကားပြောရဲခဲ့ပြီး ထိုအရာသည် သူလုံးဝ
ပြုလုပ်ရဲမည် မဟုတ်သော အရာတစ်ခု ဖြစ်သည်။
သို့သော်လည်း ထိုအရာသည် သူက ပိုကောင်းသော
လူတစ်ယောက် မဖြစ်လိုနေဟု ဆိုလိုနေခြင်း
မရှိပေ။

သူသည် အရှင်မင်းမြတ်အား အလုပ်အကျွေး ပြုရန်
ဆုံးဖြတ်ခဲ့ပြီးကတည်းက သူမှန်းဆထားသည်ထက်
များစွာပို၍ သာလွန်သည့် အရာများကို

+

မြင်တွေ့ခဲ့ရသည်။ သူသည် ရွက်မပါပဲ ရေဆန်
သွားလာနိုင်သည့် ကွန်ကရစ် သင်္ဘော
တစ်စင်းပေါ်တွင် ခရီးထွက်ခဲ့ရကာ မှူးမတ်များ၏
နေပြည်တော်ကိုပင် တိုက်ခိုက်ခဲ့ရသေးသည်။

သူသည် ဟားမီးစ်မှ မောက်မာသော
ဘုရားကျောင်းကို အနိုင်ယူရာတွင် ကူညီခဲ့ရပြီး
မီးခိုးရောင် ရဲတိုက်၏ တောင်ပိုင်းမှ
သဲကန္တာရကိုလည်း အရှင်မင်းမြတ် အတွက်
သိမ်းယူပေးနိုင်ခဲ့သည်။

သူသည် အရာများစွာတို့အား မြင်တွေ့နိုင်ခဲ့ပြီး
ဖြစ်ရာ အဘယ်ကြောင့် မိစ္ဆာများအား
ကြောက်ရွံ့နေရမည်နည်း။

+

ရုတ်တရက်ပင် ကင်းစောင့်သမားက
အော်ဟစ်လိုက်သည်။ "သတိထားပါ...
သံသယဖြစ်ဖွယ် ပစ်မှတ်တွေကို ဆယ်နာရီ
အရပ်မျက်နှာမှာ တွေ့နေရတယ်"

တစ်ချိန်တည်း လိုလိုပင် ငါးဘောလုံးသည်
မိုးကုပ်စက်ဝိုင်းတွင် အနက်ရောင် အစက်အချို့ကို
မသဲမကွဲ မြင်လိုက်ရသည်။

သူသည် အမှတ်တစ် စက်သေနတ်၏
ရိုင်ဖယ်ဘို့တ်ကို ဆွဲကာ သူ၏ ပြောင်းဝကို
ကောင်းကင်ထံသို့ ဆွဲမလိုက်သည်။

+

လွန်ခဲ့သော ငါးရက်ခန့်က ဖြစ်ပျက်ခဲ့သည့် အရာအတွက် သူက အရှက်ရနေသေးမှန်းကို မည်သူမှ မသိကြချေ။

ရန်သူများ၏ သွေးများကသာ သူ၏ ရှက်ဖွယ်ရာ ဤမှတ်ဉာဏ်အား ဆေးကြောပေးနိုင်ပေလိမ့်မည်။

## စာစဥ် ၆၂ : အပိုင်း ၁၃

## အပိုင်း ၉၂၈ : နယ်စပ်မှ လေကြောင်းခံစစ် တိုက်ပွဲ (၂)

+

"ပစ်မှတ်တွေကို အတည်ပြုပြီးပါပြီ… မိစ္ဆာတွေ လာနေကြတာပါ"

"သူတို့က ဒီလမ်းကြောင်းအတိုင်း ဦးတည်နေကြပါတယ်"

"သူတို့က လမ်းကြောင်း နှစ်ကြောင်း ခွဲပြီး လာနေကြတယ်… မိစ္ဆာတွေကို ၁၂နာရီ မှာလည်း တွေ့ရတယ်"

မတူညီသော တပ်ဖွဲ့မှ ကင်းသမားများက အဝေးကြည့် မှန်ပြောင်းမှ တဆင့် သူတို့၏ ပစ်မှတ်များကို အလှည့်ကျ စောင့်ကြည့်နေကြကာ သတိပေးချက်များကို အဆက်မပြတ်

+

ပြောဆိုနေကြလေသည်။ သူတာဝန်ယူထားရသည့်
ပစ်ခတ်မှု နေရာ အတွင်းတွင် ပေါ်လာသည့်
ရန်သူများကို ငါးဘောလုံးက မျက်ခြေမပြတ်
ကြည့်နေခဲ့သည်။

သူ့မြင်ကွင်း အတွင်းမှ မိစ္ဆာများသည်
လေထုအတွင်းတွင် လွင့်မျောနေသော
သစ်ရွက်များကဲ့သို့ သေးငယ်လှပြီး နတ်ဆိုးသားရဲက
သူ၏ တောင်ပံများကို ခတ်လိုက်မှသာ သူတို့နှင့်
သာမန်ငှက်များ အကြားမှ ခြားနားမှုကို
ပြောနိုင်ခဲ့သည်။

ပစ်ခတ်မှု အစီအစဥ်များကို အလွတ် ကျက်မှတ်ခဲ့ပြီး
ဖြစ်သဖြင့် ငါးဘောလုံးသည် မိစ္ဆာ တစ်ကောင်ကို

+

သူ၏ ချိန်ရွယ်သည့် စက်ဝိုင်း အတွင်းသို့
ထည့်လိုက်ပြီး ချိန်ရွယ်သည့် ကိရိယာမှ အညွှန်း
လက္ခဏာများကို ချိန်လိုက်သည်။

သေနတ် အပေါ်မှ ချိန်ရွယ်သည့် ကိရိယာ
အသစ်သည် အမတန်မှ ထူးခြားလှကာ သူ့တွင်
ဗဟိုတူ စက်ဝိုင်းနှစ်ခု ပါရှိသည်။ တစ်ခုတွင်
လည်ပတ်နိုင်သော နတ်ဆိုးသားရဲ ပုံစံငယ်များ
ပါနေပြီး ကျန်တစ်ခုမှာမူ ပုံစံငယ်ပေါ် မူတည်၍
လှည့်၍ရသော အပေါက်ငယ်များ ပါနေပေသည်။

ငါးဘောလုံး အနေဖြင့် ဤချိန်ရွယ်သော ကိရိယာ၏
နောက်ကွယ်မှ သဘောတရားများကို
နားမလည်နေသော်လည်း အရှင်မင်းမြတ်က

+

ပုံစံဆွဲထားခြင်း ဖြစ်သဖြင့် သူယခင်
ဖန်တီးထားသည့် တီထွင်ဉာဏ်ကောင်းသည့်
အရာများကဲ့သို့ မယုံနိုင်အောင်
ထူးခြားနေလိမ့်မည်ဟု သိနေခဲ့သည်။

သူသည် လက်နက်ကို မပစ်ခတ်မီ ပြုလုပ်ရန်
လိုအပ်သော အဆင့်များကို တစ်ညလုံး အသုံးပြုကာ
အလွတ် ကျက်မှတ်ခဲ့ရပြီး ပထမ အဆင့်မှာ
နတ်ဆိုးသားရဲ ပုံစံငယ်အား ပစ်မှတ်နှင့်
မျဉ်းပြိုင်ဖြစ်အောင် ချိန်ရမည်ဟု သူက
မှတ်မိနေသည်။

တိုတောင်းသော အချိန်လေး အတွင်း၌ လေထု
အတွင်းမှ ရန်သူသည် ချိန်ရွယ်သည့် စက်ဝိုင်း

+

အတွင်းမှ အပေါက်ငယ်လေးနှင့် တစ်တန်းတည်း ဖြစ်သွားခဲ့လေသည်။

ပြီးတာနှင့် သူသည် ပုံစံငယ်အား လှမ်းကြည့်လိုက်၍ သူ့ဘေးမှ သူ့အဖော်အား အော်ပြောလိုက်သည်။
"လေးပုံတစ်ပုံ"

ထိုအရာက ပုံစံငယ်နှင့် ပစ်မှတ်၏ နေရာသည် လေးချိုးတစ်ချိုး ဖြစ်နေ၍ မိစ္ဆာသည် အမှတ်တစ် စက်သေနတ်၏ ပစ်ခတ်နိုင်မှု အကွာအဝေး အတွင်းတွင် ရောက်နေပြီဟု ဆိုလိုနေခြင်းပင် ဖြစ်ပေသည်။

+

တပ်ဖွဲ့များကို ကူညီ လေ့ကျင့်ပေးခဲ့သည့်
ကြေးလွင့်ကြယ်စင် နက္ခတ်ဆရာက သာမန်
မျက်လုံးများဖြင့် ခန့်မှန်းသော အကွာအဝေးများက
အမြဲတမ်း လွဲမှားနေကာ ရန်သူ၏ အကြမ်းဖျင်း
အကွာအဝေးကိုသာ သိနိုင်လိမ့်မည်ဟု သူတို့အား
ပြောကြားခဲ့သည်။

အမှတ်တစ် စက်သေနတ်၏
အကျိုးသက်ရောက်မှုများကို အမြင့်ဆုံး
အသုံးပြုနိုင်ရန် သူတို့က အကွာအဝေးကို
အတိအကျ တွက်ချက်နိုင်မှ ရပေလိမ့်မည်။

ထိုအရာသည် ငါးဘောလုံးအတွက် နားလည်ရန်
လွယ်ကူနေပေသည်။ သေနတ်အား ခပ်စောစော

+

ပစ်ခတ်နိုင်မှသာ ပစ်မှတ်ကို ထိနိုင်မည် ဖြစ်ပြီး
သိပ်နောက်ကျသွားခဲ့လျှင် ကျည်ဆန်များက
အချည်းနှီး ဖြစ်သွားမည် ဖြစ်သည်။

အော်ဟာစ်ခဲ့အပြီးတွင် ငါးဘော်လုံး လုပ်ရန်
လိုသည်မှာ သေနတ်ခလုတ်ကို မဆွဲမီ သူ၏
အဖော်က ပစ်ခတ်မှု ဇယားပေါ်မှ သက်ဆိုင်ရာ
နံပါတ်အား ရွှေ့နေသည်ကို စောင့်နေရုံပင်တည်း။

ဤလုပ်ပုံလုပ်နည်းအား ပြုလုပ်ရန် စက္ကန့်
အနည်းငယ်သာ ကြာသော်လည်း သူ့အတွက်မူ
ဤဖြစ်စဉ်သည် မခံနိုင်လောက်အောင်
ကြာရှည်လွန်းသည်ဟု ခံစားနေရကာ သူ့ဘေးမှ
အရာမှန်သမျှက နှေးသွားသည်ဟု ထင်နေရပြီး

+

နောက်ကွယ်မှ ရဲဘော်ရဲဘက်များ၏
အော်ဟစ်သံများက စတင်၍ မှေးမှိန်သွားခဲ့သည်။

ဤအချိန်၌ သူသည် လျင်မြန်နေသော
သူ၏ကိုယ်ပိုင် နှလုံးခုန်သံနှင့် အသက်ရှူသံ
ပြင်းပြင်းတို့ကို ကောင်းစွာ ကြားနိုင်ခဲ့သည်။

သို့သော်လည်း ထိုအရာသည်
လာရောက်လာတော့မည့် အရာအတွက် သူ့ကို
ကြံ့ကြံ့ခံနိုင်စေခဲ့သည်။

မိစ္ဆာများသည် မြို့ရိုးထံသို့ တည်ငြိမ်စွာ
ပျံသန်းလာကြရင်း ဖြည်းဖြည်းချင်း
မြင့်တက်လာကာ ပြီးခဲ့သော ငါးရက်က ပုံစံအတိုင်း

+

နေရာယူလိုက်ကြသည်။ ယခုအချိန်တွင် သူတို့သည် မီတာ ရှစ်ရာ၊ ကိုးရာခန့် အကွာသို့ ရောက်လာကြပြီ ဖြစ်ပြီး တောင်ပံများကို အစွမ်းကုန် ဖြန့်ထားကြရာ သူတို့၏ ခန္ဓာကိုယ်များက တဖြောင့်တည်း ဖြစ်နေပြီး စနိုက်ပါ အဖွဲ့မှ လက်ဖြောင့်သူကပင် ထိမှန်အောင် ပစ်ခတ်နိုင်ရန် မလွယ်ကူပေ။

ဒါပေမဲ့ ငါတို့က မတူနေဘူး။ ငါးဘောလုံးက တွေးလိုက်သည်။

ပညာရှိကြီးသည် သူ့အား သဘောတရား များစွာ ရှင်းပြခဲ့ပြီး အများစုမှာ သူ၏ နားလည်နိုင်မှုထက် ကျော်လွန်နေခဲ့သော်လည်း ငါးဘောလုံး အနေဖြင့်

+

အချက် တစ်ချက်ကိုတော့ ကောင်းစွာ
မှတ်မိနေခဲ့သည်။

"ရန်သူတွေက လုံတွေကို ပစ်နိုင်လောက်အောင်
နီးကပ်လာပြီ ဆိုရင်တော့ မင်းတို့က လွတ်လပ်စွာ
ချိန်ရွယ် ပစ်ခတ်နိုင်ကြပြီ... ဒါပေမဲ့ သူတို့က အဲ့ဒီ
အကွာအဝေးကို မရောက်ခင်မှာ မင်းတို့က ရန်သူကို
ပစ်ခတ်ဖို့ စိုးရိမ်နေစရာ မလိုပဲ သူတို့ရဲ့
လမ်းကြောင်း အတွင်းကို ကျည်ဆန်တွေ
တတ်နိုင်သလောက် ပစ်ထည့်ပြီး သူတို့က
ကျည်ဆန်တွေထံ ပျံလာမှာကို စောင့်နေရုံပဲ"

+

"နံပါတ်ငါး အပေါက်ကို အသုံးပြုပါ" ဤအချိန်တွင် သူ့အနောက်မှ အသင်းဖော်က သူ့ကို အော်ပြောလိုက်သည်။

ငါးဘောလုံးသည် အသက်ပြင်းပြင်း တစ်ချက်ရှူကာ သေနတ်ပြောင်းကို မြှောက်လိုက်ပြီး သူချိန်ရွယ်ထားသော ရူးသွပ်မိစ္ဆာအား နံပါတ်ငါး အပေါက်အတွင်း ထည့်ချိန်၍ သေနတ်ခလုတ်ကို သူတတ်နိုင်သလောက် ပြင်းထန်စွာ ဆွဲလိုက်လေသည်။

ရုတ်တရက်ပင် သေနတ်ပြောင်းထံမှ မီးတောက်တစ်တန်းက ပန်းထွက်လာခဲ့သည်။

+

သေနတ် ပစ်ခတ်သံသည် နားကွဲလုမတတ် ဖြစ်နေပြီး အစောပိုင်းမှ နေးကွေးသွားသည်ဟု ထင်နေရသော အချိန် စီးဆင်းမှုကို ပုံမှန် ပြန်ဖြစ်သွားစေခဲ့သည်။ တစ်ပြိုင်နက်တည်း လိုလိုပင် အခြား တပ်ဖွဲ့များကလည်း စတင် ပစ်ခတ်ခဲ့ကြရာ မြို့ထိပ်မှ နေရာသည် ချက်ချင်း ဆိုသလိုပင် ဆူညံ ပေါက်ကွဲလာခဲ့သည်။

ဤအရာသည် ငါးဘောလုံးအတွက် အတော်လေး ထူးဆန်းနေပေသည်။

အမှတ်တစ် စက်သေနတ်၏ ပြောင်းဝသည် မိတ္တာများအား ချိန်ရွယ်နေခြင်း မရှိပဲ သူတို့ အရှေ့မှ လွတ်နေသော နေရာကိုသာ ချိန်ထားခြင်း ဖြစ်ပြီး

+

သူတို့က ပစ်မှတ်အား ထိမှန်နိုင်မလား ဆိုသည်ကို မည်သူမှ မသိနိုင်ချေ။

သူတို့ တတ်နိုင်သည်မှာ သူတို့၏ လက်ချောင်းများကို ခလုတ်များပေါ်တွင် တင်းကျပ်စွာ ဖိထားကာ ကျည်ကတ်မှ ကျည်ဆန်များ တစ်တောင့်ချင်း ကုန်သွားနေသည့် အချိန်တွင် ဆုတောင်းနေရုံသာ ဖြစ်သည်။

ကံကောင်းစွာဖြင့် သူတို့က ကြာကြာ သိပ်မစောင့်လိုက်ရပေ။

+

သုံးစက္ကန့်ခန့် အကြာတွင် သူတို့၏ ၁၂နာရီ နေရာမှ မိစ္ဆာအုပ်စု အကြားတွင် အနီရောင် သွေးပန်းပွင့် တစ်ပွင့် ပွင့်လာခဲ့သည်။

အနီရောင် ပေါက်ကွဲမှု အကြားတွင် ငါးဘောလုံး အနေဖြင့် တစ်ဝက်တစ်ပျက် ကျိုးပဲ့နေသော တောင်ပံတစ်ခုနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းများက လွင့်ပျံလာသည်ကို တွေ့နိုင်ခဲ့သည်။

ထိမှန်သွားသော နတ်ဆိုးသားရဲသည် လေထုအလယ်တွင် တုန်ခါသွား၍ တစ်ပတ်လည်သွားကာ တစ်စစီ အဖြဲခံရသော စာရွက်ပါး အပိုင်းအစများကဲ့သို့ ဖြစ်သွားခဲ့သည်။

+

ထိုအချိန်မှပင် ငါးဘောလုံးသည် မိစ္ဆာ၏
အသွင်အပြင်ကို အကြမ်းဖျင်း မြင်နိုင်ခဲ့သည်။

သို့သော်လည်း တစ်စစီ ဖြစ်နေသော ခြေလက်များ
အကြားတွင် သူသည် ရှုးသွပ်မိစ္ဆာနှင့် တူနေသော
ခန္ဓာကိုယ် အစိတ်အပိုင်းများကို မတွေ့ခဲ့ရပေ။
ကံဆိုးရှာသော ဤနတ်ဆိုးသားရဲသည် အနီရောင်
မြူခိုးငွေ့ သံဗုဒ်များကို သယ်ဆောင်လာသည့်သူနှင့်
တူနေပေသည်။

ခဏအကြာတွင် နတ်ဆိုးသားရဲ နှစ်ကောင်က
လေထုအလယ်တွင် ယိမ်းယိုင်သွား၍ အောက်သို့
ကျောက်တုံးပမာ ပြုတ်ကျလာကြလေသည်။
ငါးဘောလုံး အနေဖြင့် သူတို့၏ လှုပ်ရှားပုံကို

+

ကြည့်၍ သူတို့က ကျည်ဆန်များအား
အလောတကြီး ရှောင်တိမ်းနေကြသည် သို့မဟုတ်
ဒဏ်ရာ အပြင်းအထန် ရသွားသည်ကို
မခွဲခြားနိုင်ခဲ့ပေ။

သို့သော်လည်း သူတို့သည် အရှိန် မထိန်းနိုင်ကြပဲ
မြက်ခင်းလွင်ပြင်နှင့် တိုက်ရိုက်
ဝင်ဆောင့်မိကြလေသည်။

ဤမြင်ကွင်းသည် စစ်သားများအား စိတ်ဓာတ်
တက်ကြွလာစေခဲ့ပြီး ဘဝင်ခိုက်စွာ ကောင်းချီး
ဩဘာ ပေးနေကြသည်။

+

"နောက်တစ်ကောင်... သူငယ်ချင်း... မင်းလုပ်တာ အရမ်းကောင်းတယ်"

"လေကြောင်း ကာကွယ်ရေး တပ်ဖွဲ့... အခု မင်းတို့လက်ထဲကို ပုံအပ်လိုက်ပြီ"

"လာစမ်းပါ... ဒီမကောင်းဆိုးဝါးကောင်တွေကို သတ်ပစ်လိုက်ပါ"

"အရှင်မင်းမြတ် ရှိလန် သက်တော်ရာကျော် ရှည်ပါစေ"

+

မိစ္ဆာများသည် တစ်စုံတစ်ခု မှားနေပြီကို အာရုံခံမိဟန် တူသည်။ သူတို့သည် နေရာ ဖြန့်လိုက်ကြကာ အရှိန်မြှင့်လိုက်ပြီး နောက်ဆုတ်မည့် အရိပ်အယောင် မပြပဲ မြို့ရိုးထံသို့ တဟုန်ထိုး ဝင်ရောက်လာကြလေသည်။

"လေးပုံသုံးပုံ" ငါးဘောလုံးသည် သေနတ်လက်ကိုင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး ပစ်ခတ်သည့် ဦးတည်ချက်ကို ဆက်တိုက် ချိန်ညှိနေခဲ့သည်။ "မဟုတ်ဘူး... လေးပုံ လေးပုံ"

သူ့မြင်ကွင်း အတွင်းမှ ရန်သူသည် ပုံစံငယ်နှင့် အရွယ်အစား တူညီသွားပြီ ဖြစ်သဖြင့် သူတို့သည်

+

လုံပစ်နိုင်သည့် အကွာအဝေး အတွင်းသို့ ရောက်လာပြီ ဖြစ်ကြောင်းကို ဆိုလိုနေခြင်း ဖြစ်သည်။

"ပစ်" ကင်းသမားက အော်ဟစ်လိုက်သည်။ "သေနတ်သမားတွေ အားလုံး စိတ်ကြိုက် ပစ်ခတ်ကြပါ"

ဆုံလည် ရိုင်ဖယ်များကို ကိုင်ဆောင်ထားသော စစ်သားများကလည်း ဝင်ရောက်လာကြကာ ချဉ်းကပ်လာသော နတ်ဆိုးသားရဲများကို ပစ်ခတ်ခဲ့ကြသည်။

+

သေနတ်အားလုံးထံမှ ပစ်ခတ်သံများ
ထွက်လာခဲ့ကာ မြို့ရိုးကို ဆူညံသွားစေခဲ့သည်။
နတ်ဆိုးသားရဲ လေးကောင်တို့ကို ပစ်ချနိုင်ခဲ့ပြီ
ဖြစ်သော်လည်း ရန်သူများက သူတို့၏
တိုက်ခိုက်မှုကို သတိထားမိသွားကာ
ရှောင်တိမ်းနေကြပြီ ဖြစ်သဖြင့် ကျည်ဆန်
အနည်းငယ်ကသာ သူတို့အား ထိမှန်နိုင်တော့သည်။

ဤအချိန်၌ ငါးဘောလုံးသည် နတ်ဆိုးသားရဲ
တစ်ကောင်က ကောင်းကင်ပေါ်မှ နေ၍ သူ့ထံသို့
ထိုးဆင်းလာသည်ကို တွေ့လိုက်ရသည်။
ရုပ်ဆိုးလှသော မကောင်းဆိုးဝါးက လေထုထံမှ
သူ့အား မာန်ဖီပြနေချိန်တွင် သူ့ကျောပေါ်မှ
ရှူးသွပ်မိစ္ဆာက အရိုးလှံ တစ်ချောင်းကို မြှောက်၍

+

သူ့အား ချိန်ရွယ်လိုက်သည်ကို ရေးရေးလေး
တွေ့လိုက်ရသည်။

သူ၏ ခြေဖဝါးမှ စ၍ စူးရှသော အအေးဓာတ် တစ်ခု
ရုတ်တရက် ထွက်ပေါ်လာကာ သူ့တစ်ကိုယ်လုံးသို့
ပျံ့နှံ့သွား၍ သူ၏ လက်များက ထိန်းမရနိုင်အောင်
တုန်ခါလာခဲ့လေသည်။

ယခုအချိန်တွင် သူ့မြင်ကွင်း အတွင်းမှ မိစ္ဆာသည်
ပုံစံငယ်ထက် ပိုကြီးနေပြီ ဖြစ်သဖြင့် သူက
မည်မျှအထိ ဝေးနေသလဲ ဆိုသည်ကို
မခန့်မှန်းနိုင်တော့ပေ။

+

ဤအကွာအဝေးသည် အမှတ်တစ် စက်သေနတ်မှ ပစ်ခတ်နိုင်သော ကျည်ဆန်များသည် လေထုအတွင်းတွင် တည့်တည့် သွားနိုင်ရန် လုံလောက်အောင် နီးကပ်နေပြီး သူလုပ်ရန် လိုသည်မှာ သေနတ်ပြောင်းကိုမြှောက်၊ ပစ်မှတ်ကို ချိန်ကာ မိစ္ဆာ၏ ခန္ဓာကိုယ်က ကျည်ဆန်များဖြင့် အပေါက် ပေါက်သွားသည်ထိ ဆက်တိုက် ပစ်ခတ်နေရုံပင် ဖြစ်သည်။

သို့သော်လည်း ထိုလုံသည် သူ၏ ခန္ဓာကိုယ်အား ညှာတာခြင်း အလျဉ်းမရှိပဲ ထိုးဖောက်သွားပေလိမ့်မည်။

ထွက်ပြေးမလား၊ အသေခံမလား။

+

ရင်းနှီး ကျွမ်းဝင်နေသော ခံစားချက်သည် အရိပ်တစ်ခုကဲ့သို့ သူ့အပေါ် တက်လာခဲ့ပြီး သူရဲဘောကြောင်သည့် ငါးဘောလုံးသည် သူ့၏လက်အား ဆုပ်ကိုင်လိုက်သည့်ပုံ ပေါက်နေခဲ့သည်။

"အား..." ခဏအကြာတွင် ငါးဘောလုံးက အသံကုန် အော်ဟစ်လိုက်သည်။ "ထွက်သွား... ငါက ငကြောက်တစ်ယောက်..."

တစ်ချိန်တည်းတွင် သေနတ်ပြောင်းဝမှ နေ၍ မိစ္ဆာထံသို့ သေမင်း မီးတောက်များကို မှုတ်ထုတ်လိုက်လေသည်။

+

သေနတ်မှ ထွက်လာသော ကျည်ဆန်များသည် မိစ္ဆာထံသို့ တဝီဝီ ပျံသန်းသွားကြကာ သူ၏ ကြွက်သားများကို ဖောက်ထွင်းကာ အရိုးများကို ခြေမွပစ်ပြီး အခြား တစ်ဘက်မှ ဖောက်ထွက်သွားခဲ့သည်။

ထိခိုက်မှု အရှိန်မှာ ပြင်းလွန်းသဖြင့် သူ၏ ခန္ဓာကိုယ်က အနည်းငယ် ဖောင်းလာကာ သူ၏ အူများက အစိတ်စိတ် အမွှာမွှာ ဖြစ်သွားခဲ့သည်။

သို့သော်လည်း ကျည်ဆန်များက သူ့ထံ ပျံသန်းလာသည့် အချိန်တွင် ရှုးသွပ်မိစ္ဆာက အရိုးလုံအား ပစ်လွှတ်လိုက်လေသည်။

+

ငါးဘောလုံးသည် သေနတ်ခလုတ်ကို ဆွဲလိုက်သည့် အချိန်၌ သူ၏ အဆုံးသတ်ကို ကြိုမြင်ခဲ့ပြီး ဖြစ်လေသည်။

သို့သော်လည်း သူသည် သူ၏ လက်ချောင်းကို မလွှတ်ခဲ့ပဲ ကြောက်ရွံ့မှုဖြင့် တုန်ခါနေသည့် တိုင်အောင် မြဲမြံစွာ ရပ်နေခဲ့သည်။

"… မဟုတ်တော့ဘူး"

ဘန်း။

+

ငါးဘောလုံး၏ အရှေ့ တစ်မီတာခန့် အကွာတွင် အရိပ်ကဲ့သို့ အရိုးလုံသည့် မည်သည့်နေရာမှ ပေါ်လာမှန်း မသိသည့် တစ်ဝက်တစ်ပျက် ထွင်းဖောက်မြင်နိုင်သော အရံအတား တစ်ခုကို ဝင်တိုက်မိပြီး ကြေမွသွားခဲ့သည်။ အရံအတားကမူ အနည်းငယ် တုန်ခါသွားခဲ့သော်လည်း အကောင်းပကတိ အတိုင်း ရှိနေခဲ့သေးသည်။

ငါးဘောလုံးက နောက်ဆုံးတွင် သတိ ပြန်ဝင်လာ၍ လှမ်းကြည့်လိုက်သော အခါ ဆံပင်တိုတို အရပ်ပုပုနှင့် စုန်းမ တစ်ယောက်သည် စစ်မြေပြင်တွင် ပေါ်လာခဲ့ကာ လုံအား သူမ၏ မယုံနိုင်စရာ စွမ်းအားဖြင့် တားဆီးခဲ့မှန်းကို တွေ့ခဲ့ရသည်။

+

"နင်က ဘာတွေ အော်နေတာလဲ" သူမက သက်ပြင်းရှည် တစ်ချက် မှုတ်ထုတ်လိုက်ကာ သူမ၏ လက်များကို ရုပ်သိမ်းလိုက်ပြီး နောက်ပြန် လှည့်လာ၍ သူ့အား ပြုံးပြလိုက်သည်။ "ဒါပေါ့... နင်က ငကြောက်တစ်ယောက် မဟုတ်ပါဘူး"

## စာစဥ် ၆၂ : အပိုင်း ၁၄

## အပိုင်း ၉၂၉ : နယ်စပ်မှ လေကြောင်းခံစစ် တိုက်ပွဲ (၃)

တိုက်ပွဲအား စောင့်ကြည့်နေသော ရှယ်ဗီက ယခုမှပင် စိတ်သက်သာရာ ရစွာ သက်ပြင်းတစ်ချက်

+

မှုတ်ထုတ်လိုက်သည်။ ရှုးသွပ်မိစ္ဆာများ၏
ဤ၊တစ်ခေါက် အပြုံးလိုက် ရောက်ရှိလာမှုသည်
ယခင်တစ်ခေါက် တိုက်ခိုက်မှုကဲ့သို့ သူတို့အား
ကြီးမားစွာ မထိခိုက်စေခဲ့ပေ။

အိပ်ပျော်နေသောကျွန်းမှ စုန်းမများ၏
အကူအညီဖြင့် လုံများသည် အတားခံခဲ့ရသလို
ထူးဆန်းစွာဖြင့် သူတို့၏ ပစ်မှတ်များကို
လွဲချော်သွားကြလေသည်။ လုံတစ်ချောင်းကသာ
လေးလံသော စက်သေနတ် တစ်လက်ကို
ထိမှန်သွားခဲ့ပြီး အပိုင်းပိုင်း အစစ
ဖြစ်သွားစေခဲ့သည်။

+

ဤပေါက်ကွဲမှုသည် တပ်ဖွဲ့အား ယာယီ
အပစ်ရပ်သွားစေခဲ့သော်လည်း စစ်သား
တစ်ယောက်ကမှ သေလောက်သည့် ဒဏ်ရာများကို
မရခဲ့ကြပေ။ သူတို့က တိုက်ပွဲ ဆုံးသည်အထိ
တောင့်ခံထားနိုင်ခဲ့ပါက နာနာသည်
သူတို့အားလုံးအား ကုသပေးနိုင်လိမ့်မည် ဖြစ်သည်။

ရှုးသွပ်မိစ္ဆာသည် ဖောင်းကားနေသော လက်များကို
ပြန်လည် သက်သာရန် အနားယူပြီးမှ ထပ်မံ
တိုက်ခိုက်နိုင်ကြပြီး ပထမ စစ်တပ်ကမူ
တောက်လျှောက် ပစ်ခတ် တိုက်ခိုက်နိုင်ကြသည်။
မိစ္ဆာများက နေရာ တစ်ခုတည်းတွင်
ပိုကြာကြာနေပါက ပထမ စစ်တပ်မှ
သေနတ်သမားများ၏ လွယ်ကူသော ပစ်မှတ်တစ်ခု

+

ဖြစ်လာခဲ့ပြီး ရန်သူတို့က မလွဲမသွေ
ရှုံးနိမ့်သွားတော့မည်ကို ရှယ်ဗီက သိနေခဲ့သည်။

မိစ္ဆာများကလည်း ထိုအချက်ကို
သဘောပေါက်သွားဟန် တူသည်။ ဦးချိုမှုတ်သံ
တစ်ခု ထွက်လာပြီးနောက် အသက်ရှင်
ကျန်နေကြသေးသော နတ်ဆိုးသားရဲများသည်
နောက်သို့ ပြန်လှည့်ကာ အနောက်ဘက်သို့
အရှိန်မြင့် ပျံသန်းသွားခဲ့ကြသည်။

တိုက်ခိုက်သည့် အချိန်တွင် နတ်ဆိုးသားရဲများ
ပြသခဲ့သော မှန်းရခက်သည့် လှုပ်ရှားမှုများနှင့်
စာလျှင် အမြီးကုပ်၍ ထွက်ပြေးသည့် အချိန်တွင်

+

တစ်တန်းတည်း ပျံသန်းသွားခြင်းသည် စစ်သားများ အတွက် လွယ်ကူသော ပစ်မှတ်များ ဖြစ်စေခဲ့သည်။

ကျည်ဆန်မိုးများသည် ထွက်ပြေးသွားသော နတ်ဆိုးသားရဲ တစ်ကောင်၏ တောင်ပံကို ထိမှန်သွားကာ သူ၏ ခန္ဓာကိုယ်က ထူးခြားသည့် ပုံစံမျိုး အဖြစ် ကွေးနေရင်း မြူခိုးငွေ့ တောအုပ် အတွင်းသို့ ထိုးကျသွားလေသည်။

ယခုအချိန်တွင် ပျံသန်းနိုင်သော နတ်ဆိုးသားရဲ ငါးကောင်သာ ကျန်တော့ပြီး သုံးကောင်ကသာ ရှုးသွပ်မိစ္ဆာများကို သယ်ဆောင်ထားလေသည်။

+

ရှယ်ဗီသည် နားထောင်ခြင်း မှော်အင်းကွက်မှ နေ၍
ဤသတင်းအား ခြံုခိုတိုက်ခိုက်ရန်
စောင့်နေကြသည့် ဆောင်းမဲ့မြို့တော်၏ နောက်ဆုံး
တိုက်ခိုက်သူများအား အကြောင်းကြားခဲ့လိုက်သည်။

သူတို့သည် ဤမိစ္ဆာများ၏ အခေါင်း အပေါ်တွင်
နောက်ဆုံးရိုက်မည့် သံချောင်းများ
ဖြစ်ကြလေသည်။

"သိပါပြီ" မှော်အင်းကွက်၏ အခြားတစ်ဘက်မှ
ရင်းနှီး ကျွမ်းဝင်နေသော အသံတစ်ခု
ထွက်လာခဲ့သည်။ "ကျွန်မ စတင် လှုပ်ရှားပြီ…
မဟာ စူးစမ်းရှာဖွေသူ တစ်ယောက်ရဲ့ ပြပွဲကို
ကြည့်ရှု ခံစားလိုက်ပါ"

+

"သတိထား…" ရှယ်ဗီ၏ စကား မဆုံးခင်ပင် ကျယ်လောင်သော လေတိုးသံများက ရှယ်ဗီ၏ ကျန်နေသော စကားလုံးများကို ဖုံးလွှမ်းသွားခဲ့သည်။

ထိုအရာသည် မြင့်မားသော ကောင်းကင်မှ ကျဆင်းလာသည့် အသံဖြစ်ပြီး ရန်သူများ အတွက် မရဏ နိမိတ်ဆိုး တစ်ခုပင် ဖြစ်ပေသည်။

နတ်ဆိုးသားရဲများအား ထိန်းချုပ်နေသည့် မိစ္ဆာများ အနေဖြင့် နောက်ဆုံး မျှော်လင့်နေသည့် အရာမှာ သူတို့၏ အပေါ်မှ တိုက်ခိုက်လာမည့် တစ်စုံတစ်ယောက်ကိုပင် ဖြစ်သည်။ သူတို့သည် လေထုအပေါ်မှ တိုက်ခိုက်နိုင်သည့် သူတို့၏

+

သဘာဝ စွမ်းရည်အပေါ်တွင်
ဂုဏ်ယူနေခဲ့ကြသော်လည်း တိမ်တိုက်များ အပေါ်မှ
စုန်းမများနှင့် ရင်ဆိုင်ခဲ့ရသော အခါတွင်
အရေးမလှနိုင်တော့ပေ။

လျှပ်စီးသည် အလွန်အမင်း အရှိန် တင်လိုက်သဖြင့်
လေကာမျက်မှန်များကပင် စတင်
အက်ကွဲလာခဲ့သည်။

တစ်နာရီလျှင် ၁၂၀ ကီလိုမီတာ။

ထိုအမြန်နှုန်းသည် နတ်ဆိုးသားရဲ အသွင်
ဆောင်ထားသည့် မက်ဂီထက် နှစ်ဆနီးပါးပင်
ရှိနေပေပြီ။

+

အကယ်၍ သူမသည် ပို၍မြန်မြန် ပျံသန်းခဲ့ပါက ထကြွ လှုပ်ရှားနေသော လေစီးကြောင်းများသည် သူမ၏ လေကာမျက်မှန်ကို ကျွတ်ထွက်သွားစေပေတော့မည်။

သူမ ယခုလုပ်ရန် လိုအပ်နေသည်မှာ ဘုရင့်မြို့တော်အား ဖောက်ခွဲသည့် အချိန်တွင် ပြုလုပ်ခဲ့သည်နှင့် ဘာမှ မခြားနားနေပေ။

ပျံသန်းနေသော မိစ္ဆာများကို ထိမှန်နိုင်ရန် "ဗုံး"၏ ရေပြင်ညီ လှုပ်ရှားမှုများကို ချိန်ညှိပေးရန် ဖြစ်သည်။ သို့သော်လည်း သူမ ယခု သယ်ဆောင်လာသည့် ဗုံးမှာ အကက်ရှ်ပင် ဖြစ်နေသည်။

+

ထူးကဲစုန်းမ တစ်ယောက်အား တိုက်ပွဲအတွင်းတွင်
ထည့်သွင်းခြင်းသည် အစမ်းသဘော
လုပ်ဆောင်ချက်ပင် ဖြစ်သည်။ အက်ရှ်သည်
ပျံသန်းမှု ကျောက်တုံး၏ အကူအညီဖြင့်
ပျံသန်းနိုင်သော်လည်း ကျောက်တုံးအား
ထိန်းချုပ်နေသည့် အချိန်တွင် တိုက်ခိုက်နိုင်စွမ်း
မရှိပေ။

ဤမျှအထိ အစွမ်းထက်သော စစ်သည်တော်
တစ်ယောက်အား မြေပေါ်တွင်သာ ထားထားလျှင်
နှမြောစရာ ဖြစ်နေသဖြင့် သူတို့သည်
ကောင်မလေးအား အက်ရှ်ကို သယ်ဆောင်ကာ
ရန်သူများကို တိုက်ခိုက်စေသည့်

+

နည်းလမ်းတစ်ခုကို စဉ်းစားမိခဲ့ပြီး
ဤစစ်ဆင်ရေးသည် အံ့အားသင့်ဖွယ်
ကောင်းလောက်အောင် ချောမွေ့
အဆင်ပြေသွားခဲ့သည်။

အက်ရှ်သည် လေပေါ်တွင် သူမဘာသာ
လွင့်မျောနေနိုင်သဖြင့် လျှပ်စီးအတွက်
ဝန်ထုပ်ဝန်ပိုး တစ်ခု မဖြစ်ခဲ့ပဲ တစ်ချိန်တည်းတွင်
ထူးကဲစုန်းမ၏ သန်မာသော ခန္ဓာကိုယ်သည်
မြင့်မားသော ပျံသန်းမှု အရှိန်ကြောင့်
ဖြစ်ပေါ်လာသော ပြင်းထန်သည့်
လေစီးကြောင်းကိုလည်း ခံနိုင်ရည် ရှိနေသည်။

+

ထူထဲသော တိမ်တိုက်များအား
ဖောက်ထွင်းလာခဲ့အပြီးတွင် သူတို့၏ အမြင်က
ချက်ချင်းပင် ကြည်လင်သွားခဲ့လေသည်။

ရှယ်ဗီ သူတို့အား ပြောထားသည့် နတ်ဆိုးသားရဲ
ငါးကောင်တို့သည် သူတို့ အရှေ့၌ ပေါ်လာကြသည်။

ရန်သူများကမူ သူတို့ အပေါ်၌
ဘာဖြစ်နေကြသနည်း ဆိုသည်ကို
မသိနေကြသေးပေ။

လျှပ်စီးသည် သူမ၏ အားအကုန်သုံးကာ
အက်ရှ်အား သူတို့ တစ်ယောက်ထံသို့
ပစ်ပေါက်လိုက်သည်။

+

အကင်္ရှိသည့် သူမ၏ ဓားရှည်အား ဆွဲထုတ်လိုက်ကာ မိစ္ဆာအား တိုက်ရိုက် ခုတ်ချလိုက်လေသည်။

ဓားသွားက လေထုအား ခုတ်ထွင်းလာသည့် အသံကို ကြားမှသာ မိစ္ဆာသည် သူ့အပေါ်သို့ လျှင်မြန်စွာ ကျရောက်လာသည့် အန္တရာယ်ကို သတိပြုမိခဲ့သည်။ သို့သော်လည်း ထိုအချိန်၌ အရာအားလုံးက နောက်ကျသွားခဲ့လေပြီ။

မိစ္ဆာသည် သူ၏ လက်မောင်းကို ဖောင်းကားအောင် လုပ်လိုက်ပြီး တိုက်ခိုက်မှုအား ကာကွယ်ရန် လုံကို သူ့အရှေ့တွင် ထားလိုက်သည်။ သို့သော်လည်း

+

အက်ရှ်၏ ခေးချက်သည် ရပ်တန့်၍ မရနိုင်ပဲ လုံကို ဖြတ်တောက်လိုက်ကာ မိစ္ဆာအား နှစ်ပိုင်းပိုင်းလိုက်လေသည်။ မိစ္ဆာ နောက်ဆုံးမြင်နိုင်ခဲ့သည့် အရာမှာ ထူးကဲစုန်းမ၏ ရွှေရောင် မျက်လုံးအစုံပင် ဖြစ်ပေတော့သည်။

ကျန်သော မိစ္ဆာများ အားလုံးကလည်း ထိတ်လန့်တုန်လှုပ်သွားကြကာ အော်ဟစ်နေကြရင်း သူတို့၏ နတ်ဆိုးသားရဲများကို ဘေးသို့ ရှောင်တိမ်းလိုက်ကြသည်။ သူတို့ အားလုံးက ယခုလေးတင် သခင်မဲ့သွားသည့် နတ်ဆိုးသားရဲကို လျစ်လျူရှုထားကြကာ သူတို့၏ လုံများကို မြှောက်လိုက်ကြသော်လည်း ထိုအချိန်၌ပင် ကြောက်မက်ဖွယ်ရာ ဟိန်းဟောက်သံ တစ်ခုက သူတို့အား အာရုံပျံ့လွင့်စေခဲ့လေသည်။

+

"အာဝူး... အာဝူး..."

မက်ဂီ အသွင် ပြောင်းလဲထားသော ရောမ နတ်ဆိုးသားရဲသည် ထူထဲသော တိမ်တိုက်များထံမှ ဖောက်ထွက်လာကာ မိစ္ဆာများထံသို့ တဟုန်ထိုး ဝင်ရောက်လာခဲ့သည်။

ရန်သူများသည် ဘာမှ မတတ်နိုင်ပဲ အကျ်ရှိအစား ရောမ မက်ဂီအား အာရုံ စူးစိုက်ခဲ့ရသည်။ သူ၏ ကျောပေါ်တွင် စုန်းမတစ်ယောက်ကို မြင်နိုင်ခဲ့သဖြင့် ထိုအရာက တကယ့် နတ်ဆိုးသားရဲ တစ်ကောင် မဟုတ်မှန်းကို သူတို့က သိနေခဲ့သည်။

+

မိစ္ဆာများ ပစ်လွှတ်လိုက်သည့် လုံနှစ်စင်းသည် မက်ဂီထံသို့ အရိပ်တစ်စုံ အလား လျင်မြန်စွာ ရောက်ရှိလာလေသည်။

ခဏအကြာတွင် နတ်ဆိုးသားရဲက ရုတ်တရက် ပျောက်ကွယ်သွားကာ လှံများက ပါးလျသော လေထုအား ထိုးဖောက်သွားခဲ့သည်။ မိစ္ဆာများ အနေဖြင့် ယခင်က နတ်ဆိုးသားရဲ ရှိနေသည့် နေရာတွင် ခိုဖြူလေး တစ်ကောင်က ဝင့်ကြွားစွာဖြင့် ပျံသန်းနေသည်ကိုသာ တွေ့လိုက်ရသည်။

"ကူး"

+

ထိုအချိန် အခိုက်အတန့်၌ပင် နိုက်တင်ဂေးသည်
ရန်သူများ၏ အရှေ့သို့ ရောက်လာခဲ့လေသည်။

မြူခိုးငွေ့ ကမ္ဘာ၏ ထူးခြား ဆန်းကြယ်မှုကြောင့်
လေထုအတွင်းတွင် မြေပြင်ကကဲ့သို့ လွတ်လပ်စွာ
လှုပ်ရှားနိုင်ခြင်း မရှိသော်လည်း သူမအနေဖြင့်
ရန်သူ တစ်ယောက်ကိုမှ ထွက်ပြေးခွင့်
ပြုနိုင်လိမ့်မည် မဟုတ်ချေ။

ရန်သူအား မြူခိုးငွေ့ ကမ္ဘာ အတွင်းသို့
ဆွဲသွင်းနိုင်ခဲ့သည်နှင့် နိုက်တင်ဂေးသည်
တိုက်ပွဲအား ကြီးစိုး လွှမ်းမိုးနိုင်ပေလိမ့်မည်။

+

နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး တစ်ခု မရှိပဲနှင့် မိစ္ဆာသည် သူမအား ဘယ်တော့မှ မြင်နိုင်လိမ့်မည် မဟုတ်ပဲ နတ်ဆိုးသားရဲ၏ ကျဥ်းမြောင်းသော ကျောပြင်သည် သူမအတွက် ရင်ပြင်တစ်ခုကဲ့သို့ ကျယ်ပြန့်နေပေသည်။

နိုက်တင်ဂေးသည် မိစ္ဆာအား သူမ၏ ခြောက်လုံးပြူးဖြင့် ပစ်ချခဲ့ အပြီးတွင် သခင်မဲ့သွားသော နတ်ဆိုးသားရဲ၏ ဇက်ကြိုးကို ဆွဲလိုက်ပြီး မောင်းနှင်သူ တစ်ယောက် ရှိနေသေးသည့် နောက်ဆုံး နတ်ဆိုးသားရဲနှင့် ဝင်တိုက်စေခဲ့သည်။

+

နောက်ဆုံး သားရဲပေါ်မှ ကျန်နေသော
ရှူးသွပ်မိစ္ဆာသည် သွေးရူးသွေးတန်း ရုန်းကန်သည့်
အနေဖြင့် သူ၏ ကိုယ်ပိုင်လက်မောင်းကို
အကြောသေသွားစေခဲ့ကာ နိုက်တင်ဂေးထံသို့
လှံနှစ်ချောင်း ပစ်လွှတ်လိုက်သည်။

မှော်ကျောက်တုံးက အပြာရောင်
လင်းလက်လာသည်နှင့် မိစ္ဆာ၏ မှော်စွမ်းအားများကို
ကုန်ခန်းသွားစေရုံတင် မကပဲ သူ၏ ခန္ဓာကိုယ်
တစ်ဝက်အား ညှိုးခြောက်သွားစေခဲ့သည်။

သို့သော်လည်း နိုက်တင်ဂေး အနေဖြင့် လှံများကို
ရှောင်ရန်ပင် မလိုခဲ့ချေ။ သူမသည် အဖြူနှင့်
အနက်ရောင် ကမ္ဘာအား အပေါ်အောက်သာ

+

ပြောင်းလိုက်ပြီး ကောင်းကင်အား မြေပြင်
ဖြစ်စေခဲ့သည်။ ထိုအချိန်၌ သူမသည်
နတ်ဆိုးသားရဲ၏ ဝမ်းဗိုက်ပေါ်တွင် ရပ်နေခဲ့ပြီး
ထိုသားရဲက သူမအစား လှံချက်ကို ခံယူခဲ့ရရှာသည်။

ထကြွ လှုပ်ရှားနေသော မြူခိုးငွေ့ ကမ္ဘာသည်
နိုက်တင်ဂေးနှင့် သူမ စီးနင်းနေသည့် သားရဲကိုပါ
ဖုံးကွယ်ထားခဲ့ပြီး ရုတ်တရက်ပင် သူမ
ထိန်းချုပ်ထားသည့် နတ်ဆိုးသားရဲသည်
ကျန်နေသေးသော နောက်ဆုံး ရန်သူတစ်စုံကို
ဝင်တိုက်ခဲ့တော့သည်။

မြူခိုးငွေ့ ကမ္ဘာသည် ရုတ်ခြည်းပင် မိစ္ဆာအား
သူ့အတွင်းသို့ စုပ်ယူလိုက်လေသည်။

+

ဤအရာသည် မိစ္ဆာအတွက် ထူးခြားသော ကမ္ဘာတစ်ခု ဖြစ်နေပြီး တွန့်လိမ်နေသော လေဟာနယ်နှင့် အလင်းရောင်တို့ကြောင့် သူက ချက်ချင်း အာရုံ ပျံ့လွင့်သွားသည်။ သူက ဘာဖြစ်သွားမှန်း သဘောပေါက်သွားသည့် အချိန်တွင်မူ ငွေရောင် ချည်မျှင်ကဲ့သို့ ပါးလွှာသည့် နယ်နိမိတ်များက သူ့ထံသို့ ဆူနာမီ တစ်ခုပမာ ဖုံးလွှမ်းလာခဲ့လေသည်။

ရန်သူများ ပြန်ပေါ်လာသော အခါ နတ်ဆိုးသားရဲနှင့် ရှုးသွပ်မိစ္ဆာတို့ နှစ်ကောင်စလုံး အပိုင်းအစများ အဖြစ် အဖြတ်တောက်ခံခဲ့ရကာ သူတို့၏ ခန္ဓာကိုယ်

+

အစိတ်အပိုင်းများသည် အောက်မှ မြေပြင်ပေါ်သို့
ကျဆင်းသွားကြသည်။

မက်ဂီက သားရဲအဖြစ် အသွင် ပြန်ပြောင်းလိုက်ကာ
အောက်သို့ ကျဆင်းလာသည့် နိုက်တင်ဂေးကို
ပြန်လည် တင်ဆောင်လိုက်၍ အခြား နတ်ဆိုးသားရဲ
တစ်ကောင်အား သုတ်သင်ပြီးသွားသည့် အက်ရှ်ကို
လှျပ်စီးက သွားရောက် ခေါ်ဆောင်လိုက်သည်။

"နှစ်ယောက် တစ်ယောက်... ငါနိုင်တယ်"
နိုက်တင်ဂေးက ထူးကဲစုန်းမထံ လက်ချောင်း
နှစ်ချောင်း ထောင်ပြနေရင်း ပြောလိုက်သည်။

+

အက်ရှ်ကမူ ဘာမှ ပြန်မပြောပဲ ပခုံးသာ တွန့်ပြလိုက်သည်။

မြေပြင်ပေါ်သို့ ဘေးကင်းစွာ ဆင်းသက်လာခဲ့အပြီးတွင် လျှပ်စီးသည် သူမ၏ အိတ်အတွင်းမှ နားထောင်ခြင်း မှော်အင်းကွက်ကို ထုတ်ယူလိုက်ပြီး မေးလိုက်သည်။ "ရှယ်ဗီ… ထွက်ပြေးသွားတဲ့ နောက်ထပ် နတ်ဆိုးသားရဲ နှစ်ကောင်ကို နင်ရှာနိုင်သလား"

ခဏကြာ ငြိမ်သက်သွားခဲ့အပြီးတွင် လျှပ်စီးက အဖြေကို ကြားလိုက်ရသည်။ "ငါသူတို့ကို တွေ့ပြီ… သူတို့က နင်တို့ရဲ့ အရှေ့မြောက် ၂၅၀၀ မီတာ အကွာလောက်မှာ ရှိနေတယ်"

+

"အရမ်းကောင်းတယ်… ကျေးဇူးပြုပြီးမှ ငါ့ကို အဲ့ဒီနေရာ လမ်းညွှန်ပေးပါ"

"နင်က တစ်ယောက်တည်း သွားမလို့လား"

"မဟုတ်ဘူး… မက်ဂီက ငါနဲ့အတူ လိုက်လာလိမ့်မယ်… စိတ်မပူပါနဲ့" လျှပ်စီးက သူမ၏ ရင်ဘတ်အား ပုတ်၍ ပြောလိုက်သည်။ "သူတို့က သခင်မရှိတဲ့ သားရဲနှစ်ကောင် သက်သက်ပါပဲ"

"တစ်ယောက်မှ မလွှတ်စေရဘူး" မက်ဂီက ခိုတစ်ကောင်အသွင် ပြန်ပြောင်းထားကာ

+

ကောင်မလေး၏ ခေါင်းပေါ်တွင်
အတောင်တဖျပ်ဖျပ် ခတ်နေခဲ့ပြီး သူမ၏
ခိုဦးခေါင်းကို မော့ထားကာ ပြောလိုက်သည်။

"အနီရောင် မြူခိုးငွေ့ ဗူးတွေကို သတိထားပြီး
မြူခိုးငွေ့တွေနဲ့ မထိတွေ့မိဖို့ အသေအချာ
မှတ်ထားပါ" နိုက်တင်ဂေးက သတိပေးလိုက်သည်။

"ရန်သူ အသစ်တွေကို တွေ့ခဲ့တာနဲ့ ချက်ချင်း
နောက်ပြန်ဆုတ်လာဖို့ မမေ့ပါနဲ့" အက်ရှ်က
ထပ်ပြောလိုက်သည်။

"သိပါပြီ... ကျွန်မတို့ကို စိတ်ချထားပါ" လျှပ်စီးက
သူတို့အား လက်မ ထောင်ပြလိုက်ပြီး မက်ဂီနှင့်

+

အတူ ရန်သူများ ထွက်ပြေးသွားသည့်ဘက်သို့ ပျံသန်းသွားခဲ့လေသည်။

## စာစဉ် ၆၂ : အပိုင်း ၁၅

## အပိုင်း ၉၃၀ : မြို့တော်ခန်းမထံမှ စာတစ်စောင်

တယ်လီဖုန်း အနားတွင် တစ်နာရီခွဲခန့် စောင့်ဆိုင်းခဲ့ အပြီးတွင် ရိုလန်သည် နောက်ဆုံးတွင် တိုက်ပွဲ အပြီးသတ် တင်ပြချက်ကို ရရှိခဲ့လေသည်။

ခြံ့ခို တိုက်ခိုက်ရန် တာဝန်ယူထားရသော စုန်းမများသည် မိစ္ဆာ တစ်ကောင်ကိုမှ

+

မလွတ်မြောက်စေခဲ့ပဲ အနီရောင် မြူခိုးငွေ့
ပါဝင်နေသည့် သံဘူးများစွာကိုလည်း
သိမ်းပိုက်နိုင်ခဲ့သေးသည်။

ထို့အပြင် သူတို့သည် လေကြောင်းခံစစ် တပ်ဖွဲ့မှ
ပစ်ချခဲ့သော ရန်သူများ၏ အလောင်းများကို
ရနိုင်ခဲ့ပြီး သစ်ရွက်ကလေးသည် မြူခိုးငွေ့
တောအုပ် အတွင်းတွင် လှည့်လည်
သွားလာနေသော နောက်ဆုံး အသက်ရှင်
ကျန်ရစ်သည့် ရှူးသွပ်မိစ္ဆာကို ဖမ်းဆီးနိုင်ခဲ့သည်။
သူတို့သည် ဤတိုက်ပွဲမှ နေ၍
သူမျှော်လင့်ထားသည်ထက် များစွာပို၍
အကျိုးအမြတ်များ ရရှိနိုင်ခဲ့သည်။

+

ပထမဆုံးနှင့် အရေးအကြီးဆုံး အရာမှာ
ဤနိုင်ပွဲသည် ပထမ စစ်တပ်၏ စိတ်ဓာတ်ကို
အကြီးအကျယ် မြှင့်တင်ပေးနိုင်ခြင်းပင် ဖြစ်သည်။
ဤတိုက်ပွဲမှ နေ၍ မိစ္ဆာများသည်
နိုက်သူရဲကောင်းများ၊ တောရိုင်း
မိစ္ဆာသားရဲများကဲ့သို့ အလွယ်တကူ
အနိုင်ယူနိုင်သော ရန်သူမျိုး မဟုတ်သော်လည်း
အနည်းဆုံးတော့ သူတို့တွင် ပြန်လည်
တိုက်ခိုက်နိုင်စွမ်း ရှိနေသည်ကို
သဘောပေါက်လာစေခဲ့သည်။

သူတို့အားလုံး မကြာခဏ ကြားနေရသည့်
မိစ္ဆာများသည် ပုံပြင်ဟောင်းများ အတွင်းတွင်
ရေးသားထားသကဲ့သို့
ကြောက်မက်ဖွယ်ကောင်းသော သဘာဝလွန်

+

အရာများ မဟုတ်နေကြပေ။ ခုခံနိုင်မှု အရ
လူသားများကဲ့သို့ အသွေးအသားများနှင့်သာ
တည်ဆောက်ထားသော မိစ္ဆာများသည်
အရှင်မင်းမြတ်၏ အစွမ်းထက်သော လက်နက်များ
အရှေ့တွင် နတ်ဘုရား စီရင်ခြင်း စစ်တပ်နှင့် ဘာမှ
မကွာခြားနေပေ။

ဒုတိယ အနေဖြင့် ဖမ်းဆီး ရမိခဲ့သော ရန်သူသည်
ဆောင်းမဲ့မြို့တော်မှ မိစ္ဆာဆန့်ကျင်ရေး ဝါဒဖြန့်မှု
အတွက် အမတန်ပင် အကျိုး ရှိစေခဲ့သည်။
ရွှေ့ပြောင်းလာသူများက မိစ္ဆာများသည် မည်သည့်ပုံ
ပေါက်နေသည်ကို တွေ့သွားပြီးပါက စုန်းမများကို
ခွဲခြား ဆက်ဆံနေတော့မည် မဟုတ်ဟု ရိုလန်က
ယုံကြည်နေခဲ့သည်။

+

လူသား မျိုးနွယ်စုနှင့် တစ်နေရာမှ ဆင်တူနေခြင်း မရှိသည့် မိစ္ဆာများကဲ့သို့ မကောင်းဆိုးဝါးများသည် စုန်းမများကို ဦးနှောက်ဆေးကာ သူတို့၏ အစေအပါးများ အဖြစ် ပြုလုပ်ရန် မည်သို့မှ မဖြစ်နိုင်နေပေ။

နောက်ဆုံး အနေဖြင့် မိစ္ဆာတို့၏ အလောင်းများသည် သုတေသန ရည်ရွယ်ချက်များ အတွက် အတော်လေး အသုံးဝင်နိုင်ပေသည်။

မှော်သွေးများအား သီးခြား သိမ်းဆည်းထား၍ မရပဲ ပိုင်ရှင် သေဆုံးသွားပြီးသည်နှင့် သူ၏ အစွမ်းများက လျင်မြန်စွာ ပျောက်ကွယ်သွားသဖြင့် ရိုလန်

+

အနေဖြင့် ရန်သူများ၏ သွေးဖြင့် မှော်အင်းကွက်
အသစ်များ ပြုလုပ်ရန် မမျှော်လင့်ထားခဲ့ပေ။

သို့သော်လည်း အက်ဂါသာ မရှိနေသည့် အချိန်တွင်
မှော်အင်းကွက်များ ပြုလုပ်ရန် တာဝန်ကို
ယူနိုင်သည်ဟု စီလင်းက တင်ပြလာခဲ့သည်။
အက်ဂါသာသည် စူးစမ်း လေ့လာရေး အသင်းအဖွဲ့
အတွင်းတွင် အထူးချွန်ဆုံး သူများအနက်မှ
တစ်ယောက် ဖြစ်နေသော်လည်း မှော်အင်းကွက်
ပြုလုပ်သည့် ဗဟုသုတအား အဖွဲ့ဝင်တိုင်း
တတ်မြောက်ထားကြသည်ဟု စီလင်းက
ပြောခဲ့သည်။

+

မော်ကျောက်တုံးနှင့် မိစ္ဆာသွေးတို့၏ အရည်အသွေး အပြင် ကျောက်တုံး အပေါ်၌ သွေးကြောများကို သင့်လျော်စွာ ထွင်းထုနိုင်မှုသည် ဤမျှအထိ အရေးမပါသော်လည်း ကောင်းမွန်သည့် မော်အင်းကွက် တစ်ခု ပြုလုပ်နိုင်ရန် အရေးပါသည့် အချက် တစ်ချက် ဖြစ်နေသေးကြောင်းကိုလည်း သူမက ပြောခဲ့သေးသည်။

အကယ်၍ အချိန်က အကန့်အသတ် ရှိနေပါက တစ်ယောက်သည် တုတ်ချောင်း တစ်ချောင်းဖြင့် မျဉ်းဖြောင့် တစ်ကြောင်းကိုသာ ဆွဲနိုင်သော်လည်း ကျောက်တုံးပေါ်တွင် ရှုပ်ထွေး ဆန်းကြယ်သည့် ပုံစံများကို ဆွဲနိုင်ပါက သူ၏ စွမ်းအားများကို အပြည့်အဝ ထုတ်ဖော်နိုင်လိမ့်မည် ဖြစ်သည်။

+

ထို့အပြင် သူမ၏ လက်တံရှည်များလောက်
မည်သည့်လက်ကမှ အသေးစိတ် အတိအကျ
ရေးဆွဲနိုင်ခြင်း ရှိမည် မဟုတ်ဟု သူမက ဂုဏ်ယူစွာ
ပြောခဲ့သေးသည်။ အရေအတွက် အားသာချက်ကို
ထည့်မပြောလျှင်ပင် ထိတွေ့မှု အာရုံနှင့် စွမ်းအား
ထိန်းချုပ်မှု တို့တွင် လူသား၏ လက်များက သူမ၏
လက်တံရှည်များကို လုံးဝ ယှဉ်နိုင်လိမ့်မည်
မဟုတ်ချေ။

စီလင်းက သူမ၏ လက်တံရှည်များ အကြောင်းကို
ကြွားဝါ ပြောဆိုနေသည့် အချိန်တွင် ရိုလန်၏
စိတ်အတွင်း၌ မဟုတ်တရုတ် အတွေးများ

+

ဆက်တိုက် ပေါ်ပေါက်လာကာ အချိန်အတန်ကြာ အာရုံ လွှင့်မြောနေခဲ့သည်။

ကံကောင်းစွာဖြင့် စိတ်ချင်း ဆက်သွယ်နေသည့် အချိန်တွင် စီလင်းသည် သူ၏ အတွေးများကို ဖတ်နိုင်စွမ်း မရှိနေပေ။ မဟုတ်လျှင် သူ့အနေဖြင့် သူမအား ရှင်းပြရန် နည်းလမ်းများ ရှာတွေ့နိုင်မည် မဟုတ်ချေ။

သို့သော်လည်း သတင်းဆိုးများကလည်း ရှိနေသေးသည်။

အမှတ်တစ် လေးလံသော စက်သေနတ်၏ လေကြောင်း ကာကွယ်ရေး အစွမ်းသည်

+

အတော်လေး ကျေနပ်ဖွယ်ရာ မရှိနေပေ။ တိုက်ပွဲအား ခြုံငုံ သုံးသပ်ရခြင်းဖြင့် ရိုလန်သည် ရန်သူများက မြို့ရိုး အနီးသို့ နီးကပ်လာသည့် အချိန်တွင် ပစ်ခတ်ခဲ့သော ကျည်ဆန်မိုးများက အထိရောက်ဆုံး ဖြစ်နေသည်ကို တွေ့ရှိခဲ့သည်။

အစ ပထမတွင် မိစ္ဆာများသည် အတိုက်ခိုက်ခံရမည်ကို မျှော်လင့်ထားခြင်း မရှိပဲ အုပ်စု နှစ်စုဖွဲ့၍ ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့သဖြင့် သေနတ်များက ကောင်းစွာ ပစ်ခတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း လာခဲ့သည့် နတ်ဆိုးသားရဲ ဆယ့်နှစ်ကောင် အနက် လေးကောင်ကိုသာ သေနတ်များဖြင့် ပစ်ချနိုင်ခဲ့သည်။

+

မိစ္ဆာများသည် နည်းဗျူဟာ ပြောင်းလဲကာ နေရာ ဖြန့်ခွဲကြပြီး မြားပစ်နိုင်သည့် အကွာအဝေး အတွင်းသို့ ဝင်လာကြသည်နှင့် မည်သည့် ကျည်ဆန်ကမှ သူတို့အား ပစ်ချနိုင်စွမ်း မရှိကြတော့ပေ။

ကံကောင်းစွာဖြင့် မိစ္ဆာများ၏ မြားပစ်နိုင်သည့် အကောင်းဆုံး အကွာအဝေးသည် နှစ်ရာမီတာခန့် ဖြစ်နေပြီး ထိုအကွာအဝေးတွင် အမှတ်တစ် စက်သေနတ်၏ ကျည်ဆန်များသည် ဖြောင့်တန်းစွာ ပစ်ခတ်နေနိုင်သည်။ နတ်ဆိုးသားရဲ သုံးကောင်တို့ ထိမှန်သွားအပြီးတွင် ကျန်သော မိစ္ဆာများသည်

+

တိုက်ခိုက်မှုမှ ရပ်တန့်လိုက်ကာ ချက်ချင်း
နောက်ဆုတ်သွားကြသည်။

သို့သော်လည်း အကယ်၍ ရန်သူတို့၏
တိုက်ခိုက်နိုင်သည့် အကွာအဝေးက ပိုဝေးနေခဲ့လျှင်
သို့မဟုတ် အကယ်၍ သူတို့က မြို့ရိုးထံသို့ ပို၍
ပြန့်ကျဲစွာ ချဥ်းကပ်လာခဲ့လျှင် ဤတိုက်ပွဲသည်
အနိုင်ရရန် များစွာပို၍ ခက်ခဲသွားပေလိမ့်မည်။

ဘာပဲပြောပြော လေထု အတွင်းတွင် လွတ်လပ်စွာ
လှုပ်ရှားနိုင်သော ရန်သူများနှင့် ယှဥ်လိုက်လျှင်
မြေပေါ်မှ မလှုပ်ရှားနိုင်သော ခုခံသူများ၏
အားနည်းချက်များက သိသာ ထင်ရှားနေပေသည်။

+

ရှိလန်သည့် နောက်ပိုင်းတွင် အမှတ်တစ်
စက်သေနတ်အား အရည်အသွေး မြှင့်တင်ရန်
ရည်ရွယ်ချက် ရှိနေသော်လည်း ဤဒီဇိုင်းဖြင့်
လုပ်နိုင်သည့် အရာများမှာ အကန့်အသတ်
ရှိနေသည်။

သူသည် သေနတ် သမားများကို အကာအကွယ်
ပေးနိုင်ရန် သေနတ် အနားတွင် အကာအကွယ်
သံမဏိပြား တစ်ချပ်ကို တပ်ဆင်ခြင်း သို့မဟုတ်
သေနတ်များကို ခံတပ်ငယ်များ အဖြစ်
အသွင်ပြောင်းရန် စီစဥ်ရဦးမည် ဖြစ်သည်။ ထို့အပြင်
သူသည် သွေးလဝန်း ကျရောက်လာ အပြီးတွင်
တိုက်ခိုက်ရမည့် စစ်ပွဲအတွက် အမှတ်တစ်
စက်သေနတ်များကို တိုးမြှင့် ထုတ်လုပ်ရပေဦးမည်။

+

သို့သော်လည်း ဆောင်းမဲ့မြို့တော် အနေဖြင့် ယှဉ်ပြိုင် တိုက်ခိုက်နိုင်သည့် လေတပ်တစ်ခု မရှိနေပဲ နတ်ဆိုးသားရဲ၏ ခြိမ်းခြောက်မှုကို ဖယ်ရှားရန် မဖြစ်နိုင်ဟု ရိုလန်က ကောင်းစွာ နားလည်နေလေသည်။

သို့သော်လည်း သူသည် ယခုအချိန်၌ စိုးရိမ် ပူပန်နေလည်း ဘာမှ မထူးသဖြင့် မင်တံကို ဘေးတွင်ချလိုက်ကာ သက်ပြင်းရှည်ကြီး တစ်ခုကို မှုတ်ထုတ်လိုက်သည်။ နောက်ဆုံးတွင် သူက လေကြောင်းခံစစ် တိုက်ပွဲကို အနိုင်ရခဲ့လေပြီ။

+

ဤအောင်ပွဲသည် မည်မျှပင် သေးငယ်လှသည် ဆိုစေကာမူ လူသားသမိုင်းတွင် သေနတ်များ အကူအညီဖြင့် အနိုင်ရသော ပထမဆုံး တိုက်ပွဲအဖြစ် သတ်မှတ်ရမည် ဖြစ်ပေသည်။

ဤအထိ တွေးလိုက်အပြီးတွင် ရိုလန်က ဘားရော့မွန်းအား ဆင့်ခေါ်လိုက်လေသည်။

"မြို့ရင်ပြင်မှာ ဒီကနေ့ည အောင်ပွဲခံ အခမ်းအနား တစ်ခုကို ကျင်းပရမှာ ဖြစ်ပြီး ဒီအခမ်းအနားကို အောင်ပွဲခံနေ့ အခမ်းအနား အတိုင်း စည်ကား သိုက်မြိုက်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ… ဒါက ဝါဒဖြန့် စီမံကိန်းရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်တယ်… နားလည်သလား"

+

"မှန်လှပါ... အရှင်မင်းမြတ်" ဘားရော့က သူ၏ ရင်ဘတ်ပေါ်သို့ လက်တင်ကာ ပြန်ပြောလိုက်လေသည်။

*********

အခမ်းအနားပြီး ငါးရက်အကြာတွင် မြွေသွားသည့် မြို့တော်ခန်းမထံမှ စာတစ်စောင်အား လက်ခံရရှိခဲ့သည်။

"ဘယ်သူ တံခါးခေါက်နေတာလဲ" ကျားလက်သည်းက သူ့အနောက်မှ သမ်းနေရင်း

+

မေးလိုက်သည်။ "ဒီကနေ့က ငါတို့ အလုပ်နားရက် မဟုတ်ဘူးလား"

"စိတ်မပူပါနဲ့… ဒါက အလုပ်ကြွပ် မဟုတ်ပါဘူး… ပြန်သာ သွားအိပ်စမ်းပါ"

မြွေသွားသည် စားပွဲနိမ့်ထံသို့ ပြန်လာခဲ့ပြီး ပြတင်းပေါက်မှနေ၍ အပြင်သို့ ခေါင်းပြူကြည့်လိုက်သည်။ နေသည် ယခုလေးတင် ဝင်သွားခြင်း ဖြစ်၍ ကောင်းကင်ပေါ်တွင် မြူခိုးငွေ့များ ရစ်သိုင်းနေသကဲ့သို့ အလင်းရောင် ဖျော့ဖျော့လေး ရှိနေခဲ့သေးသည်။

+

ထလာခဲ့စဥ်က အနည်းငယ်
အိပ်ချင်နေသေးသော်လည်း ယခုအချိန်၌ သူသည်
လုံးဝကို လန်းဆန်းသွားခဲ့ပြီ ဖြစ်သည်။
စာအိတ်ပေါ်မှ မြို့တော်ခန်းမ၏ အနီရောင်
ချိပ်တံဆိပ်ကို တွေ့လိုက်ရသော အခါ စာအိတ်
အတွင်း၌ ဘာပါနေမည်ကို သူက ခန့်မှန်းနိုင်ခဲ့သည်။

ပြီးခဲ့သော တစ်နှစ်ခွဲ အတွင်းတွင် သူ၏ဘဝက
အကြီးအကျယ် ပြောင်းလဲသွားခဲ့ကာ နယ်စပ်မြို့သို့
ပြောင်းရွှေ့လာခဲ့ အပြီးတွင် ကြွက်တစ်ကောင်၏
ဘဝကဲ့သို့ နေထိုင်ရခြင်း မရှိတော့ပေ။ ထို့အစား
အခြားလူများ အတိုင်း သူသည် သူ့ကိုယ်သူ
အသက်မွေးဝမ်းကျောင်းနိုင်ခဲ့သည်။

+

သို့သော်လည်း အလုပ်သမားများ အပေါ်တွင် ခေါင်းပုံဖြတ် အနိုင်ကျင့်ခဲ့သောသူများနှင့်သာ တွေ့ကြုံခဲ့ဖူးသဖြင့် ပထမဆုံး လစာကို ရရှိခဲ့သည့် အချိန်အထိ ဤကဲ့သို့သော အရာမျိုး တကယ် ဖြစ်လာသည်ကို မယုံနိုင်ခဲ့ပေ။

အကျင့်ပျက် ခြစားနေသည့် အရာရှိများသည် လုပ်သားများ၏ လစာငွေကို အလွယ်တကူ ခေါင်းပုံဖြတ်နိုင်သည်။ အထူးသဖြင့် သူကဲ့သို့သော အခြားနေရာမှ ရွှေ့ပြောင်းလာသော လုပ်သားတစ်ယောက် အပေါ်တွင် ဖြစ်သည်။ သို့သော်လည်း သူသည် လစဉ်လတိုင်း သူ၏ လစာကို အပြည့်အဝ ရရှိခဲ့သည်။

+

သို့ဖြစ်၍ နောက်လာမည့် နေ့များတွင် သူ၏ဘဝက မည်မျှအထိ တိုးတက် ပြောင်းလဲ လာနိုင်မည်ကို သူက မှန်းဆ၍ပင် မရနေချေ။

တစ်လလျှင် ငွေပြား ၁၂ပြား ရရှိခဲ့သဖြင့် သူသည် ယခုအချိန်၌ ဆောင်းမဲ့မြို့တော် လူနေအိမ်ရာ အတွင်းမှ ဈေးအပေါဆုံး အိမ်တစ်လုံးအား အရစ်ကျ ဝယ်ယူရန် ကနဦး ပေးချေရမည့် ရွှေပြားတစ်ပြားအား စုဆောင်းနိုင်ခဲ့ပြီ ဖြစ်သည်။

အကယ်၍ သူသည် အချိန်ပို အလုပ်လုပ်ခဲ့ပါက အိမ်ကို ပို၍မြန်မြန် ဝယ်ယူနိုင်ပေလိမ့်မည်။ ယခုအချိန်တွင် သူ၏ ရည်ရွယ်ချက် အထမြောက်နိုင်ရန် မည်မျှအထိ စောင့်ရမည်ကို

+

ကောင်းစွာ သိနေပြီ ဖြစ်သဖြင့် ထိုနေ့အား မျှော်မှန်းနိုင်ခဲ့ပြီ ဖြစ်သည်။

လူအများ အပေါ် အရှင်မင်းမြတ် ပေးထားသည့် ကတိများက တစ်ခုပြီး တစ်ခု အကောင်အထည် ပေါ်လာသော အခါ မြွေသွား၏ မျှော်လင့်ချက်များက ပို၍ ပို၍ ကြီးမားလာပေသည်။

မြွေသွားသည် စာအိပ်ကို အသေအချာ ဖွင့်လိုက်ပြီး စားပွဲပေါ်သို့ အတွင်းမှ ပစ္စည်းအားလုံးကို သွန်ချလိုက်သည်။ အတွင်းတွင် အရွယ်နှင့် အရောင် အမျိုးမျိုး ရှိနေသော စာရွက် အပိုင်းအစ သုံးခု ရှိနေခဲ့သည်။

+

ပထမ စာရွက်သည် အထူဆုံးဖြစ်ကာ
လက်ဝါးအရွယ် ရှိပြီး စာအနည်းငယ်သာ
ရေးထားသော်လည်း သူ၏ရင်ကို ပြင်းထန်စွာ
ခုန်လာစေခဲ့သည်။

ထိုအရာသည် ဆောင်းမဲ့မြို့တော်မှ တရားဝင်
မြို့သားတစ်ယောက်၏ မှတ်ပုံတင်ကတ်
ဖြစ်သည်မှာ သံသယ ဖြစ်ဖွယ် မရှိပေ။

ယာယီကတ်နှင့် မတူပဲ ဤကတ်သည် ထွင်းဖောက်
မြင်နိုင်ကာ မာကျောသည့် အလွှာတစ်ခုနှင့်
ဖုံးအုပ်ထားပြီ ကိုင်တွယ်ရသည်မှာ
ချောမွေ့နေသည်။ သူ့အပေါ်တွင် သူ့နာမည်နှင့်

+

မွေးနေ့သော မကပဲ ကြည့်လင် ပီသစွာ မြင်နိုင်သော သူ၏ပုံတူ တစ်ခုလည်း ပါနေသေးသည်။

နောက်ဆုံးတွင် သူသည် ဤမြို့တော်၏ အဖွဲ့ဝင် တစ်ယောက် ဖြစ်လာကာ ဘုရင်၏ အသိအမှတ် ပြုခြင်း ခံရသော လက်အောက်ငယ်သား တစ်ယောက် ဖြစ်လာခဲ့ပေပြီ။

မြွေသွားသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်ပြီးမှ ဒုတိယစာအား လှမ်းကြည့်လိုက်သည်။

ထိုအရာသည် အကြောင်းကြားစာ တစ်ခု ဖြစ်၍ ဆောင်းမဲ့မြို့တော်သို့ ရောက်လာအပြီးတွင်

+

ညအတန်းများတွင် အချိန်အနည်းငယ်သာ
တက်နိုင်ခဲ့သဖြင့် သူ့အပြည့်အဝ
နားမလည်နိုင်သော စာပိုဒ်များစွာ
ပါရှိနေသော်လည်း ပါဝင်သော အရာများ၏
အကြမ်းဖျင်း ဆိုလိုချက်ကိုမူ
သဘောပေါက်နိုင်ခဲ့သည်။

သူမျှော်လင့်ထားသည့် အတိုင်းပင် မြူခိုးငွေ့
တောအုပ် အတွင်းတွင် တည်ဆောက်မည့်
ရထားသံလမ်း ဆောက်လုပ်ရေးတွင် ပါဝင်ရန်
တင်ထားသော သူ၏ လျှောက်လွှာကို
မြို့တော်ခန်းမက အတည်ပြုပေးခဲ့လေပြီ။

+